မြတ်ဗုဒ္ဓ၏အဆုံးအမတရား

နေမင်းသည် နေ့၌တောက်ပ၏။ လဝန်းသည် ညဥ့်၌ထွန်းလင်း၏။ မင်းသည် ချပ်ဝတ်တန်ဆာ ဆင်သော်တောက်ပ၏။ ဗြာဟ္မဏသည် စျာန်ဝင်စားသော်တောက်ပ၏။ ဗုဒ္ဓဘုရားရှင်သည် နေ့ညဥ့်ပတ်လုံး တန်ခိုးတော်ဖြင့်တောက်ပ၏။

ဓမ္မပဒ


# မြဝတီ

နေ့စဉ်

ပြည်သူ့လက်ဝယ် အချိန်မီရောက်မည် မြဝတီ


ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၆)

၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁ ရက်
၂၀၂၄ ခုနှစ်၊ မေ ၂၄ ရက်၊ ဗုဒ္ဓဟူးနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။
၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။
၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်မြဲမှုရှိစေရေးအတွက် (NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။
၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။
၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ယခုနှစ် မန်းရွှေစက်တော်ရာဘုရားပွဲတော်ကာလအတွင်း အနယ်နယ်အရပ်ရပ်မှ လာရောက်သူဦးရေ လေးသိန်းကျော်ရှိ

စာ - ၂၇ သို့

သင်္ကြန်ကာလအတွင်း ယာယီရပ်နားထားသော ဘုရင့်နောင်ကုန်စည်ဒိုင် ရန်ကုန်ပြည့် ပြန်လည်လည်ပတ်

စာ - ၃ သို့

→ ဆောင်းပါး ←

နိုင်ငံတော်အတွက်အားဖြစ်စေမည့် မျိုးဆက်သစ်ရေကြောင်းလူငယ်များ

စာ - ၁၁ သို့

အင်ဒိုနီးရှားနိုင်ငံ၏ ၂၀၂၄ ခုနှစ် အထွေထွေရွေးကောက်ပွဲ

စာ - ၁၃ သို့

## ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက" မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ

**နေပြည်တော် မေ ၂၃**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မဇာနန်းလှက ၂၀၂၂ ခုနှစ် ဇူလိုင်လ ၂၃ ရက် နံနက် ၆ နာရီခွဲတွင်မွေးဖွားခဲ့သည့် ဆင်ဖြူတော်(အထီး)ကလေး "ရဋ္ဌနန္ဒက"သည် နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ် ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဆင်ဖြူတော်လေးသည် မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံး လုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့်ရှိပြီး ရတနာဆင်ဖြူတော်များ၏ကြန်အင်လက္ခဏာ ၈ ချက်အနက်

စာမျက်နှာ ၆ ကော်လံ ၁ ▸▸





မြိတ်ကျွန်းစုရှိ မြင်းခွာပုံသဘာဝအပန်းဖြေနေရာတစ်ခုကို တွေ့ရစဉ်။

## မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများအကြားတွင် အာဆီယံအမွေအနှစ်အမျိုးသားဥယျာဉ်ပိုင်ဆိုင်မှု တတိယနေရာတွင်ရပ်တည်နေ

**ရန်ကုန် မေ ၂၃**

ကမ္ဘာကြီးပူနွေးလာမှုမှ ရာသီဥတုဖောက်ပြန်မှုကို ထိန်းချုပ်နိုင်ပြီး ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်ရှင်သန်ဖွံ့ဖြိုးမှုနှင့် လူနှင့်ရုပ်ပတ်ဝန်းကျင်ကို သဘာဝဘေးမဲ့တောများနှင့် အမျိုးသားဥယျာဉ်များက အကျိုးပြုလျက်ရှိရာ အမျိုးသားဥယျာဉ်များကို ပိုင်ဆိုင်ထားသည့် မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများအကြားတွင် အာဆီယံအမျိုးသားဥယျာဉ်များပိုင်ဆိုင်မှု တတိယနေရာတွင် ဂုဏ်ယူဖွယ်ရပ်တည်လျက်ရှိကြောင်း သိရသည်။

အာဆီယံအမွေအနှစ်ဥယျာဉ်များကို ဘရူနိုင်းနိုင်ငံတွင် တစ်ခု၊ လာအိုနိုင်ငံတွင် တစ်ခု၊ ကမ္ဘောဒီးယားနိုင်ငံတွင် နှစ်ခု၊ စင်ကာပူနိုင်ငံတွင် နှစ်ခု၊ မလေးရှားနိုင်ငံတွင် သုံးခု၊ ထိုင်းနိုင်ငံတွင် ခြောက်ခု၊ အင်ဒိုနီးရှားနိုင်ငံတွင် ခုနစ်ခု၊ မြန်မာနိုင်ငံတွင် ရှစ်ခု၊ ဖိလစ်ပိုင်နိုင်ငံတွင် ကိုးခုနှင့် ဗီယက်နမ်နိုင်ငံတွင် ၁၀ ခုတို့ အသီးသီးပိုင်ဆိုင်ထားကြပြီး အာဆီယံအသိုက်အဝန်းအနေဖြင့် အာဆီယံအမျိုးသားဥယျာဉ် ၄၉ ခုကို ပိုင်ဆိုင်ထားရာ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းမှုကို

စာမျက်နှာ ၆ ကော်လံ ၄ ⊟




## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဧပြီ ၂၄ ရက်)

# ထူးချွန်ထက်မြက်သော မျိုးဆက်သစ်များ

လူငယ်ဆိုသည်မှာ အနာဂတ်နိုင်ငံတော်ကိုအလှဆင်ကြရမည့်သူများဖြစ်သည်။ သူတို့သည် အနာဂတ်ကာလတွင် လူကြီးများထံမှနိုင်ငံတော်တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြရမည့်သူများဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူမျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များကိုအကျိုးရှိစွာအသုံးချနိုင်စေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကိုလေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက်ရေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်များပေါ်ထွန်းလာစေရန်ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံသင်တန်းအမှတ်စဉ်(၁/၂၀၂၄)နှင့် ရေကြောင်းလူငယ်တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၂၄) ဖွင့်ပွဲများကို ဧပြီလ ၂၂ ရက်က သက်ဆိုင်ရာမြို့နယ်များတွင်တစ်ချိန်တည်းစတင်ဖွင့်လှစ်ခဲ့သည်။

ပင်လယ်ရေကြောင်းပညာများကိုစိတ်ဝင်စားပြီး နိုင်ငံတော်အတွက် စိတ်ဓာတ်စည်းကမ်းကောင်းမွန်၍ ကျန်းမာကြံ့ခိုင်သည့် ထူးချွန်ထက်မြက်သောလူငယ်လူရွယ်များပေါ်ထွန်းလာစေရန်၊ ခေတ်မီနိုင်ငံတော်တည်ဆောက်ရေးတွင်ရေကြောင်းပို့ဆောင်ရေးကဏ္ဍအရေးပါကြောင်း လူငယ်များသိရှိနားလည်စေရန်၊ လှေလှော်အားကစားနည်း၊ ရွက်တိုက်အားကစားနည်းများအတွက် ထူးချွန်သည့်အားကစားသမားများမွေးထုတ်ပေးရန်စသည့်ရည်ရွယ်ချက်များဖြင့် တပ်မတော်(ရေ)က ကျောင်းသား၊ ကျောင်းသူလူငယ်မောင်မယ်များအတွက် ရေကြောင်းလူငယ်အခြေခံသင်တန်းအမှတ်စဉ်(၁/၂၀၂၄)၊ ရေကြောင်းလူငယ်တန်းမြင့်သင်တန်းအမှတ်စဉ် (၁/၂၀၂၄)တို့ကို ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်သည်။

ရေကြောင်းလူငယ်အခြေခံသင်တန်းနှင့်တန်းမြင့်သင်တန်းများတွင် အခြေခံစစ်ရေးပြနှင့်အခြေခံရေတပ်သားဘာသာရပ်၊ ရေကြောင်းလမ်းညွှန်အခြေခံသဘောတရားများ၊ အသုံးချရေကြောင်းလမ်းညွှန်နှင့်နက္ခတ္တဗေဒဆိုင်ရာများ၊ ဂျီပီအက်စ်အပါအဝင် ရေကြောင်းသွားလာရေးဆိုင်ရာများ၊ အခြေခံရေတပ်သားအချက်ပြဆက်သွယ်ရေး၊ အခြေခံရေကူးနှင့်လှေလှော်ရွက်တိုက်နည်းတို့ကို သင်ကြားပေးမည်ဖြစ်သည်။ ထို့ပြင် သင်တန်းစခန်း ၁၀ ခုမှ သင်တန်းသား၊ သင်တန်းသူများအားသင်တန်းနောက်ဆုံးပတ်၌ ရန်ကုန်မြို့တွင်စုစည်း၍ စခန်းပေါင်းစုံတွေ့ဆုံပွဲ၊ ဘာသာရပ်ဆိုင်ရာစွမ်းရည်ပြိုင်ပွဲများလည်းပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

အလားတူလေကြောင်းပညာသမိုင်းကိုလေ့လာခြင်းဖြင့် လေကြောင်းနှင့်အာကာသသိပ္ပံပညာရပ်များတွင် စိတ်ဝင်စားမှုတိုးပွားလာစေရန်၊ လေယာဉ်ပျံသန်းမှုနှင့်သက်ဆိုင်သောပညာရပ်များကိုတတ်သိနားလည်ခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်လာစေရန်၊ စိတ်ဓာတ်၊ စည်းကမ်းနှင့်ကိုယ်လက်ကြံ့ခိုင်မှုကောင်းမွန်မြင့်မားပြီး စည်းလုံးညီညွတ်စွာ စုပေါင်းဆောင်ရွက်မှုအလေ့အကျင့်ရရှိစေရန်၊ လူငယ်များ၏ဝါသနာအားပြုစုပျိုးထောင်မြှင့်တင်ပေးရန်၊ မျိုးဆက်သစ်လူငယ်မောင်မယ်များ ယုံကြည်ချက်၊ ခံယူချက်မြင့်မားစေပြီး အနာဂတ်တပ်မတော်နှင့်နိုင်ငံတော်တည်ဆောက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်ပေးနိုင်ရန်စသည်ဖြင့်ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ ကြီးမှူးဖွင့်လှစ်သည့် အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ် (၁/၂၀၂၄) နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၄)သင်တန်းဖွင့်ပွဲအခမ်းအနားကို နေပြည်တော်သင်တန်းစခန်းအပါအဝင် သင်တန်းစခန်း ၁၇ ခု၌ ဧပြီလ ၂၂ ရက်ကကျင်းပခဲ့သည်။

လေကြောင်းလူငယ်သင်တန်းများကို ၁၉၅၄ ခုနှစ်ကတည်းကစတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ယခုဖွင့်လှစ်သည့်သင်တန်းကို လေကြောင်းကင်းထောက်သင်တန်း၊ လူငယ်(လေကြောင်း)သင်တန်း၊ လေကြောင်းမျိုးဆက်သစ်သင်တန်း၊ လေကြောင်းရဲညွှန့်လောင်းသင်တန်း၊ လေကြောင်းလူငယ်သင်တန်းဟု အဆင့်ဆင့်အမည်ပြောင်းလဲဖွင့်လှစ်ခဲ့သည်။ ၂၀၂၃ ခုနှစ်အထိ အခြေခံအဆင့်သင်တန်းသား ၆၉၂၄ ဦးနှင့် တန်းမြင့်သင်တန်းသား ၅၃၁ ဦး စုစုပေါင်းသင်တန်းသား ၇၄၅၅ ဦးကိုလေ့ကျင့်သင်ကြားပေးနိုင်ခဲ့သည်။ နိုင်ငံတော်၏အနာဂတ်ကြယ်ပွင့်များဖြစ်သည့် မျိုးဆက်သစ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်တွင် တန်ဖိုးရှိလှသည့်လေကြောင်းဆိုင်ရာပညာရပ်များကိုလက်ဆင့်ကမ်းပေးခြင်းဖြစ်သည်။ ရေကြောင်းလူငယ်အခြေခံနှင့်တန်းမြင့်သင်တန်းကို မေလ ၁၇ ရက်အထိလည်းကောင်း၊ အခြေခံလေကြောင်းလူငယ်သင်တန်းနှင့်တန်းမြင့်လေကြောင်းလူငယ်သင်တန်းတို့ကို မေလ ၂၄ ရက်အထိလည်းကောင်း သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်းသိရှိရသည်။

နိုင်ငံတိုင်းတွင် အရေးကြီးဆုံးနှင့်အဓိကအကျဆုံးမှာ ကာကွယ်ရေးအင်အားခိုင်မာတောင့်တင်းရေးဖြစ်သည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးသည် နိုင်ငံသားတိုင်းစဉ်ဆက်မပြတ်ထမ်းဆောင်နေရမည့် တာဝန်ဖြစ်သည်။ လူငယ်များကိုပြုစုပျိုးထောင်နေခြင်းမှာ လူငယ်တို့အနေဖြင့် ဗလငါးတန်ပြည့်ဝနေမှသာ နိုင်ငံတော်အတွက်ကျရာတာဝန်များကိုထမ်းဆောင်ရာတွင် အခက်အခဲမရှိထမ်းဆောင်နိုင်ကြမည်ဖြစ်သည်။ နိုင်ငံတော်နှင့်တပ်မတော်အနေဖြင့် ထူးချွန်ထက်မြက်သောလူငယ်မောင်မယ်များပေါ်ထွန်းလာရေးအတွက် အစဉ်တစိုက်ကြိုးပမ်းလျက်ရှိရာ လူငယ်များအနေဖြင့် ထူးချွန်ထက်မြက်သောမျိုးဆက်သစ်များအဖြစ် ကြိုးစားကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

မုံရွာ၊ လှူမှုရေး

# စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့စီးပွားရေးဘဏ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေ ထပ်ဆင့်ရှင်းလင်းဆွေးနွေး

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် တိုင်းဒေသကြီး မြန်မာ့စီးပွားရေးဘဏ်ရုံးနှင့် မုံရွာခရိုင်ဘဏ်ခွဲရှိဝန်ထမ်းများနှင့်ဝန်ထမ်းမိသားစုများအား ပြည်သူ့စစ်မှုထမ်းဥပဒေထပ်ဆင့်ရှင်းလင်းဆွေးနွေးပွဲကို ဧပြီလ ၂၃ ရက်တွင် အဆိုပါရုံးသင်တန်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့စီးပွားရေးဘဏ် ဒုတိယမန်နေဂျာ ဦးမြင့်အောင်က ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာများဖြစ်သည့် ပြည်သူ့စစ်မှုထမ်း ဥပဒေရည်ရွယ်ချက်၊ ခံစားခွင့်များ၊ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းမှ ကင်းလွတ်ခြင်း၊ ယာယီရွှေ့ဆိုင်းနိုင်သည့် ပုဂ္ဂိုလ်များ၊ စစ်စည်းရုံးခြင်း၊ ပြစ်မှုနှင့်ပြစ်ဒဏ်များအား ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသည့် အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်းမိသားစုများက သိရှိလိုသည်များမေးမြန်းရာ ပြန်လည်ဖြေကြားပေးကြသည်။

ထို့နောက် တာဝန်ရှိသူများကတက်ရောက်လာကြသူများအား ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

ကြံခင်း၊ လှူမှုရေး

# ရှေးဦးပြုစုခြင်းအခြေခံသင်တန်းဖွင့်

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီး၏ လုပ်ငန်းစဉ်များ ထိရောက်အောင်မြင်စေရန်၊ စေတနာ့လုပ်အားရှင်လူငယ်များတိုးပွားစေရန်နှင့် ရှေးဦးပြုစုခြင်းပညာရပ်တိုးပွားစေရန်ရည်ရွယ်၍ ရှေးဦးပြုစုခြင်းအခြေခံသင်တန်း(၁/၂၀၂၄) ဖွင့်ပွဲကို ဧပြီလ ၂၂ ရက်တွင် ကြံခင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး ရဲမှူးကြည်စိုးနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနကုသရေးနှင့်ကျန်းမာရေးဦးစီးမှူး ဒေါက်တာဝင်းနိုင်က အမှာစကားပြောကြားပြီး ကြံခင်းမြို့နယ်ကြက်ခြေနီအသင်းခွဲ ဒုတိယဥက္ကဋ္ဌဒေါ်ခင်ခင်စန်းက ရှေးဦးပြုစုခြင်းအခြေခံသင်တန်းဖွင့်လှစ် ပို့ချပေးရခြင်းရည်ရွယ်ချက်နှင့် ပို့ချပေးမည့် ဘာသာရပ်ဆိုင်ရာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ရှေးဦးပြုစုခြင်းအခြေခံသင်တန်းအတွက် ပံ့ပိုးငွေများပေးအပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး ရဲမှူးကြည်စိုးကငွေကျပ် ၅၀၀၀၀ နှင့် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိဦးကိုကိုနိုင်က ငွေကျပ် ၃၀၀၀၀ တို့အား သင်တန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌဦးနေလင်းထံ ပေးအပ်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၃၀ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ဧပြီလ ၂၂ ရက်နေ့မှ ၂၆ ရက်နေ့အထိ ဖွင့်လှစ်ပို့ချသင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၄-၄-၂၀၂၄(ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ | ၆း၀၂ | နိုင်ငံတော်သီချင်း |
| ၂။ | ၆း၀၃ | တရားတော် |
| ၃။ | ၇း၁၆ | မေတ္တာပို့ |
| ၄။ | ၇း၂၀ | ဓမ္မပူဇာတေး |
| ၅။ | ၇း၂၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၆။ | ၇း၄၀ | မျိုးချစ်တပ်မတော် |
| ၇။ | ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈။ | ၈း၄၅ | ဇာတ်လမ်းတို |
| ၉။ | ၉း၅၀ | မြန်မာသံစဉ်ချိုနားဝင် |
| ၁၀။ | ၁၀း၄၀ | စိုက်ပျိုးသုတ |
| ၁၁။ | ၁၁း၂၅ | သီချင်းလက်ဆောင် |
| ၁၂။ | ၁၂း၀၀ | ခရီးလည်းသွားစကားလည်းဆို |
| ၁၃။ | ၁၃း၁၀ | အမှတ်တရနေ့ရက်များ |
| ၁၄။ | ၁၃း၄၀ | မေးမြန်းစူးစမ်း (Rep) |
| ၁၅။ | ၁၆း၅၀ | ယဉ်ကျေးလိမ္မာဓမ္မတေးကဗျာ |
| ၁၆။ | ၁၉း၀၀ | **ရုပ်မြင်သံကြားဇာတ်လမ်း - ခပ်စိမ်းစိမ်းနေပါ့မယ် (အပိုင်း-၃) (ဇာတ်သိမ်းပိုင်း)** |
| ၁၇။ | **ညစနာရီသတင်းအပြီး** | နိုင်ငံတကာသတင်း |
| ၁၈။ | | မိုးလေဝသသတင်း |
| ၁၉။ | | ကျန်းမာသုတ |
| ၂၀။ | | တရားတော် |

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်) အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးအောင်မျိုးအေး၊ ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉×၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁၊
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

ရန်ကုန်၊ စိုက်ပျိုးစီးပွား

# ယခုဘဏ္ဍာနှစ်တွင် ပြည်ပသို့ ကော်ဖီတန်ချိန် ၂၀၀၀ ခန့်တင်ပို့နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိ



ယခုဘဏ္ဍာနှစ်တွင် ပြည်ပသို့ ကော်ဖီတန်ချိန်၂၀၀၀ ခန့်ကို နယ်စပ်ကုန်သွယ်ရေးနှင့် ပုံမှန်ကုန်သွယ်ရေးလမ်းကြောင်းတို့မှတစ်ဆင့် တင်ပို့နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံကော်ဖီအသင်းမှ သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၃ ခုနှစ် ဧပြီလ၊ မေလနှင့်ဇွန်လတို့တွင် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တစ်ဆင့် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့ ကော်ဖီတန်ချိန် ၁၀၀၀ နှင့် ၁၅၀၀ ကြား တင်ပို့နိုင်ခဲ့သည့်အပြင် ဥရောပနိုင်ငံများ၊ ဂျပန်၊ တောင်ကိုရီးယားနှင့် တခြားအာရှနိုင်ငံများသို့ ပုံမှန်ကုန်သွယ်ရေးလမ်းကြောင်းမှတစ်ဆင့် ကော်ဖီတန်ချိန် ၅၀၀ နှင့် ၈၀၀ ကြား တင်ပို့နိုင်ခဲ့ရာ ယခုနှစ်တွင်လည်း အလားတူတင်ပို့နိုင်ရန် စီစဉ်ဆောင်ရွက်နေခြင်းဖြစ်သည်။

"ပြည်တွင်းမှာ အခုက ကော်ဖီဆွတ်ခူးတဲ့ရာသီပါ။ ဒေသအများစုမှာတော့ ဆွတ်ခူးပြီးပါပြီ။ ပြည်ပကို ကော်ဖီတင်ပို့တာက ဧပြီလ၊ မေလနဲ့ ဇွန်လတွေမှာ အများဆုံးတင်ပို့ကြတယ်။ အဲဒီနောက်ပိုင်းမှာလည်း တင်ပို့ကြပါတယ်။ ပြည်တွင်းက ထွက်ရှိတဲ့ ကော်ဖီတွေကို နယ်စပ်ကုန်သွယ်ရေးကနေ တရုတ်နိုင်ငံနဲ့ထိုင်းနိုင်ငံကို အများဆုံးတင်ပို့ကြတယ်။ ပုံမှန်ကုန်သွယ်ရေးကနေလည်း တခြားအာရှနိုင်ငံတွေနဲ့ ဥရောပနိုင်ငံတွေဆီတင်ပို့တယ်။ ပြီးခဲ့တဲ့နှစ်က နယ်စပ်ကုန်သွယ်ရေးကနေ တန်ချိန် ၁၀၀၀ နဲ့ ၁၅၀၀ ကြား၊ ပုံမှန်ကုန်သွယ်ရေးကနေ တန်ချိန် ၅၀၀ နဲ့ ၈၀၀ ကြား တင်ပို့နိုင်ခဲ့တယ်။ ဒီနှစ်မှာလည်း အဲဒီလောက်တင်ပို့နိုင်အောင် စီစဉ်ဆောင်ရွက်နေပါတယ်" ဟု မြန်မာနိုင်ငံကော်ဖီအသင်းဥက္ကဋ္ဌ ဦးမျိုးအေးကပြောသည်။

လက်ရှိတွင် ပြည်တွင်း၌ စုစုပေါင်း ကော်ဖီစိုက်ဧက ၄၀၀၀၀ ခန့်ရှိပြီး တစ်နှစ်လျှင် ကော်ဖီတန်ချိန် ၈၀၀၀ မှ ၁၀၀၀၀ ကြား ထွက်ရှိကြောင်း၊ ကော်ဖီပင်များကို ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့၌ အများဆုံးစိုက်ပျိုးကြပြီး ရှမ်းပြည်နယ်မှစိုက်ပျိုးထွက်ရှိသော အာရေဗီးကားကော်ဖီ(ခေါ်) ကုန်းမြင့်ကော်ဖီသည် နိုင်ငံတကာဈေးကွက်၌ နေရာရရှိထားကာ နှစ်စဉ်တင်ပို့နေရကြောင်း သိရသည်။

ရိုဘတ်စတာကော်ဖီ(ခေါ်) မြေပြန့်ကော်ဖီမျိုးကို ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့၌ အများဆုံးစိုက်ပျိုးကြပြီး ထွက်ရှိလာသောကော်ဖီများကို ပြည်တွင်း၌ အများဆုံးအသုံးပြုကာ ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်အတွက်လည်း အလားအလာရှိသော ကော်ဖီမျိုးဖြစ်ကြောင်း၊ ယခုအခါ မြန်မာနိုင်ငံကော်ဖီအသင်းအနေဖြင့် ပြည်တွင်း၌ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်လာစေရန် နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချခြင်း၊ ကော်ဖီမျိုးကောင်းမျိုးသန့်များ ရရှိစေရန် အကူအညီပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဆောင်းဦး**

မအူပင်၊ စီးပွားရေး

# မအူပင်မြို့နယ်မှထွက်ရှိသည့် မြေပဲဆန်များ အရောင်းအဝယ်သွက်နေပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချ

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်မှထွက်ရှိသည့်မြေပဲဆန်များ အရောင်းအဝယ်သွက်နေပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း မအူပင်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ညို၏ပြောပြချက်အရ သိရသည်။

မအူပင်မြို့နယ်၌ မတ်လက မြေပဲဆန်တစ်ပိသာလျှင် ငွေကျပ် ၇၅၀၀ သာဈေးရရှိပြီး ဧပြီလ ၁ ရက်မှ လက်ရှိအချိန်ထိ မြေပဲဆန်တစ်ပိဿာလျှင် ငွေကျပ် ၉၅၀၀ အထိ ဈေးကောင်းရရှိလာကြောင်း၊ အဆိုပါဒေသ၌ အရောင်းအဝယ်ဖြစ်နေသည့်မြေပဲဆန်များသည် ဆောင်းမြေပဲဆန်လက်ကျန်များဖြစ်ကြောင်း သိရသည်။

"လက်ရှိ မအူပင်ပဲဈေးကွက်ထဲကို ဒေသထွက်မြေပဲဆန်တွေအပြင် တခြားဒေသကနေ နွေမြေပဲဆန်တွေပါ ဝင်ရောက်နေပါတယ်။ လက်ရှိ မအူပင်မြို့နယ်မှာ ဆောင်းမြေပဲဆန်တွေ အရောင်းအဝယ်ဖြစ်နေပြီး ရန်ကုန်ဈေးကွက်ကိုတင်ပို့နေပါတယ်။ မြေပဲဆီထုတ်လုပ်မှုအားကောင်းလာတာကြောင့် မြေပဲဆန်ဈေးကောင်းလာတာပါ။ မေလဆန်းလောက်မှ မြေပဲအသစ်တွေ ထပ်ပေါ်လာနိုင်တဲ့အတွက် မြေပဲဆန်ဈေးက မကျနိုင်ပါဘူး။ နွေမြေပဲအသစ်တွေ မပေါ်သေးတဲ့အချိန်ထိ မြေပဲဆန်ဈေးကောင်းနေဖို့ရှိပါတယ်။ ဒီနှစ်မြေပဲဆန်တွေဈေးကောင်းနေတဲ့အတွက် တောင်သူတွေ အဆင်ပြေသလို လုပ်သားတွေနဲ့ ကုန်သည်တွေလည်းအဆင်ပြေလာပါတယ်"ဟု ဒေါ်ညိုကပြောသည်။

မအူပင်မြို့နယ်၌ လက်ရှိ မြေပဲဆုံဆီအစစ်တစ်ပိဿာလျှင် ငွေကျပ် ၁၇၅၀၀ အထိဈေးရရှိကြောင်း၊ အဆိုပါဒေသထွက် မြေပဲဆီနှင့်မြေပဲဆန်များကို မအူပင်မြို့နယ်မှတစ်ဆင့် ရန်ကုန်မြို့သို့ တင်ပို့ရောင်းချနေကြောင်း၊ ထိုသို့ မြေပဲဆီများနှင့် မြေပဲဆန်များ အရောင်းအဝယ်ကောင်းလာသည့်အတွက် အသေးစား ဆီကြိတ်ခဲ့သည့်လုပ်ငန်းများလည်း ပြန်လည် လည်ပတ်လုပ်ကိုင်လာနိုင်သောကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာကြောင်း သိရသည်။

**သုတကျော်**

ရန်ကုန်၊ စီးပွားရေး

# သင်္ကြန်ကာလအတွင်း ယာယီရပ်နားထားသော ဘုရင့်နောင်ကုန်စည်ဒိုင် ရာနှုန်းပြည့်ပြန်လည်လည်ပတ်

သင်္ကြန်ကာလအတွင်း ယာယီရပ်နားထားသော ရန်ကုန်မြို့ရှိ ဘုရင့်နောင်ကုန်စည်ဒိုင် ဧပြီလ ၂၂ ရက်မှစ၍ ရာနှုန်းပြည့် ပြန်လည်လည်ပတ်လျက်ရှိကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်ဥက္ကဋ္ဌ ဒေါက်တာမျိုးလွင်၏ ပြောကြားချက်အရ သိရသည်။

မြန်မာနိုင်ငံ၌ အကြီးဆုံးလက်ကားဈေးကြီးဖြစ်သော ဘုရင့်နောင်ကုန်စည်ဒိုင်၌ ပွဲရုံပေါင်း ၄၀၀ ကျော်၊ သယ်ယူပို့ဆောင်ရေးဂိတ်ပေါင်း ၃၀၀ ကျော်ဖြင့် အနယ်နယ်အရပ်ရပ်မှ ကုန်စည်များကို လက်ကားရောင်းချပေးနေကြောင်း၊ သင်္ကြန်ကာလအတွင်း ယာယီရပ်နားထားခဲ့သော်လည်း ယခုအခါ ပွဲရုံများနှင့် သယ်ယူပို့ဆောင်ရေးဂိတ်အားလုံး ပြန်လည်လည်ပတ်နေပြီဖြစ်ကြောင်း သိရသည်။

"ဘုရင့်နောင်ကုန်စည်ဒိုင်က အစိုးရရုံးပိတ်ရက်တွေမှာ ပိတ်ရတဲ့အတွက် သင်္ကြန်ကာလ အစိုးရရုံးပိတ်ရက်တွေမှာလည်း ယာယီပိတ်ထားခဲ့ပါတယ်။ ဒါပေမဲ့ တချို့ပွဲရုံတွေက သူ့ဖောက်သည်နဲ့သူ လိုအပ်သလို ဖွင့်ကြတယ်။ အခုတော့ ပွဲရုံတွေနဲ့ သယ်ယူပို့ဆောင်ရေးဂိတ်တွေအားလုံး ရာနှုန်းပြည့် ပြန်လည်လည်ပတ်နေကြပါပြီ။ လက်ရှိဖြစ်ပေါ်နေတဲ့ ကုန်စည်ဈေးနှုန်းတွေကိုလည်း အချိန်နဲ့တစ်ပြေးညီ ပြန်လည်ထုတ်ပြန်ပေးနေပါတယ်" ဟု ဒေါက်တာမျိုးလွင်ကပြောသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်၌ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ အာလူး၊ စသည့်စားဖိုဆောင်သီးနှံများ၊ ရေထွက်ကုန်များနှင့်ပဲမျိုးစုံတို့ကို လက်ကားရောင်းချပေးနေပြီး ရန်ကုန်ဈေးကွက်အပြင် နယ်ဈေးကွက်များလည်းရှိကာ လက်ကားရောင်းချပေးလျက်ရှိသည်။

ရန်ကုန်ဈေးကွက်တွင် တညင်းကုန်းဈေး၊ သီရိမင်္ဂလာဈေးနှင့် သိမ်ကြီးဈေး စသည့်ဈေးကြီးများမှ လာရောက်ဝယ်ယူကြကြောင်း၊ နယ်ဈေးကွက်တွင်လည်း ရန်ကုန်မြို့အနီးဝန်းကျင်ရှိ တိုင်းဒေသကြီးနှင့်ပြည်နယ်များအပြင် မန္တလေး၊ စစ်ကိုင်း စသည့်တိုင်းဒေသကြီးများအထိ ကုန်စည်ပစ္စည်းများ တင်ပို့ရောင်းချပေးနေရကြောင်း သိရသည်။

**ဆောင်းဦး**

မြဝတီ ကာတွန်း



# အောင်ရဲ့အောင်

ခင်ဆွေဦး

“ခါတိုင်း ကြေးစားသေနတ်ပစ်သမား “ဂျင်းမား” ဆိုတဲ့ စပိန်မင်းသားကို ယခုကားတွင် တော်လှန်ရေးသမား၊ လက်ဖြောင့်သေနတ်ပစ်သမားအဖြစ် တွေ့ရသည်။

ဒုတိယကမ္ဘာစစ်အတွင်း ဖက်ဆစ်လက်အောက်တွင် ဖက်ဆစ်တပ်တွေကို သေနတ်နှင့်တဒိုင်းဒိုင်းပစ်ဟန်မှာ ခါတိုင်းလို မျက်စိနောက်စရာ မကောင်းတော့။

ကားနာမည်ကိုတော့ အောင်မမှတ်မိတော့. . .”

**ယမန်နေ့မှအဆက်**

နောက်ပြီး အိမ်ရှေ့က စားပွဲနားက စင်ပေါ်က ရမိရာ Le Point (The Period) လို့ အမိပ္ပါယ်ထွက်တဲ့ ပြင်သစ်မဂ္ဂဇင်းတစ်စောင်ကို ကောက်ယူပြီး ကိုအောင့်ကျောပြင်ကို အဲဒီစာအုပ်နဲ့ တဖျပ်ဖျပ် ရိုက်လိုက်တယ်။

သည်သီချင်းဟာ အောင့်ရင်ထဲမှာ လှုပ်ရှားစေတာတော့ အမှန်ပါပဲ။

ဒါပေမဲ့ အကြောင်းသိနေကြတော့ အောင် အနေရခက်နေမယ်ဆိုတာ သူတို့ သူငယ်ချင်းနှစ်ယောက်နည်းနည်းမှ မစဉ်းစားမိကြဘူးလား။

ဒါကို ကိုအောင်က ရယ်လို့မဆုံးဘူး။

နောက် ကိုလတ်ရော၊ ကိုအောင်ရော နှစ်ယောက်ပြိုင်တူ တဟားဟားနဲ့ ရယ်နေကြလေရဲ့။

**အခန်း (၃၃)**

အမျိုးအစားချင်းတူသော မိန်းကလေးအချင်းချင်းတော့ နောက်ချင်ရာနောက် ဘာရှက်စရာရှိသလဲ။

သည်ညနေက အောင် အဆောင်ပြန်ဝင်တော့ ညနေ ၅ နာရီ ထိုးနေပေပြီ။

သူတို့သုံးယောက်သား မွန်းလွဲ ၁ နာရီခွဲပွဲ ကြည့်ဖြစ်ကြသေးသည်။ အစက ကိုအောင်က ရှောင်ဖယ်ဖယ် လုပ်နေသည်။ သူ မအားလို့လိုလို ဘာလိုလိုနှင့်။

ကိုလတ်နှင့် အောင် နှစ်ယောက်တည်းကြည့်ရန် အတင်းတွန်းလွှတ်သည်။

ဒီလိုဆို ကျွန်တော် မကြည့်တော့ဘူးလို့ အောင်က ပြောတော့ ကိုအောင်က မကြည့်ချင်နေတဲ့။ ကိုလတ်က ပြောတော့ တစ်ခွန်းပဲ။

“လိုက်ခဲ့စမ်းပါဗျာ၊ အရင်တုန်းကလိုပေါ့” ဆိုတာလေး တစ်ခွန်းတည်းနှင့် ပြန်အငြင်းပွားမနေတော့ဘဲ လိုက်လာတော့သည်။

လက်စသတ်တော့ ကိုလတ်ရဲ့ ချစ်သူက “အောင်” မှ မဟုတ်ဘဲ၊ ကိုအောင်ပဲ။

ကိုအောင်ရဲ့ ချစ်သူကလည်း ကိုလတ်ပဲ။

ရဲရင့်ရုပ်ရှင်ရုံက ရုပ်ရှင်ကားကို ကြည့်ဖြစ်ကြသည်။

ခါတိုင်း ကြေးစားသေနတ်ပစ်သမား “ဂျင်းမား” ဆိုတဲ့ စပိန်မင်းသားကို ယခုကားတွင် တော်လှန်ရေးသမား၊ လက်ဖြောင့်သေနတ်ပစ်သမားအဖြစ် တွေ့ရသည်။

ဒုတိယကမ္ဘာစစ်အတွင်း ဖက်ဆစ်လက်အောက်တွင် ဖက်ဆစ်တပ်တွေကို သေနတ်နှင့် တဒိုင်းဒိုင်းပစ်ဟန်မှာ ခါတိုင်းလို မျက်စိနောက်စရာ မကောင်းတော့။

ကားနာမည်ကိုတော့ အောင် မမှတ်မိတော့။

ကားက မဆိုးပါဘူး ကျွန်တော်ကြိုက်တယ်။

ယောကျ်ားလေးများသာ ကြိုက်တတ်သော ရုပ်ရှင်ကားမျိုးကို အောင်က ကြိုက်သည်တဲ့။

လမ်းတွင် တစ်လမ်းလုံး ကိုလတ်နှင့် ကိုအောင်တို့ ရုပ်ရှင်ကားကို ဆွေးနွေးလာကြသည်။ စိတ်ဝင်စားဖွယ်လည်း ကောင်းရဲ့။

စိတ်ဓာတ်တက်ကြွဖွယ်လည်း ဖြစ်ရဲ့။ နိုးလည်းနိုးကြားလာရဲ့။ စိတ်အားထက်သန်မှုနှင့် ဝင်းပြောင်နေသော သူတို့ နှစ်ယောက်စလုံးမျက်နှာကို အောင်မှာ အကြောင်းလည်း သိနေပါလျက်နှင့် တအံ့တသြ ငေးမောလို့မဆုံး။

အပြင်သို့ ခုမှ စထွက်လာသော ကိုလတ်သည် အဆောင်ထိ လိုက်လာပြီး မမစံရော၊ ဆန်းဆန်းမြင့်ရော၊ ပဲခူးမှ ပြန်ရောက်လာသော ချောစုရော လာနှုတ်ဆက်လေသည်။

ချောစုက ဝမ်းသာအယ်လဲဖြစ်ပြီး မျက်ရည်များပင် လည်နေသည်။

“ကိုလတ်ကြီး ပိန်တယ်တော့”

ချောစုကပြောတော့ ကိုအောင်က. . .

“ဘယ်တုံးက ဝဖူးလို့လဲ”

နောက်နေသေးသည်။

ချောစုက ကိုအောင့်ကျောကို လှမ်းထုပြီး. . .

“ဟင်း. . . အကျည်းတန် ချစ်သူကြီးနော်”

ကိုလတ်က ရယ်လျက်. . .

“တို့သူငယ်ချင်းက အကျည်းမတန်ပါဘူးဟာ၊ နာမည် မဖျက်စမ်းပါနဲ့”

“အဲဒီ နာမည်လေးကျ တကယ်ချစ်စရာကောင်းတယ်”

အောင်က ရယ်ရင်း ဝင်ပြောတော့ ကိုအောင်က သူ့လက်ထဲမှ စာရွက်လိပ်နှင့် အောင့်ခေါင်းကို လှမ်းရိုက်ရင်း. . .

“သွားစမ်းပါဟာ၊ ရှုပ်မနေနဲ့၊ နင်တို့ ကောင်မလေးတွေ စုစုပီး ကွယ်ရာ တို့ အတင်းမပြောကြနဲ့၊ ပြောရဲပြောကြည့် အကြောင်းသိသွားမယ်”

“ပြောတော့ ကိုအောင်က ဘာလုပ်မှာလဲ”

“ငါတို့လည်း လူစုပြီး နင်တို့အကြောင်းတွေ ပြောပစ်မှာပေါ့၊ အထူးသဖြင့် မိအောင်အကြောင်း”

အောင်သည် သူ့ခေါက်ထီးလေးကို ထောင်ပြရင်း ကိုအောင့်အား. . .

“မလုပ်နဲ့နော်၊ ကျွန်တော် အဟုတ်စိတ်ဆိုးမှာ၊ ကျွန်တော့်ကို ဒါလောက် နှိပ်စက်ရတော်ရောပေါ့၊ ဟောဒီ ကိုလတ်လည်း အတူတူပဲ၊ ကျွန်တော့်ဆိုရင် သိပ်အနိုင်ကျင့်တာပဲ”

“ဟုတ်လား၊ ဘယ်တုံးကလဲ”

ကိုလတ်က ကြောင်လိုက်သည်။

**ဆက်လက်ဖော်ပြပါမည်။**

ဟိုင်းကြီးကျွန်း၊ စိုက်ပျိုးရေး

## ဟိုင်းကြီးကျွန်းမြို့၌ ပြီးခဲ့သည့်ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဗိုလ်ကိတ်ပဲ ၂၀၀၈ ဧက ဆွတ်ခူးပြီးဖြစ်

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့၌ ပြီးခဲ့သည့် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဗိုလ်ကိတ်ပဲ ၂၀၀၈ ဧက ဆွတ်ခူးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်၏ပြောပြချက်အရ သိရသည်။

ဟိုင်းကြီးကျွန်းမြို့၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက ဗိုလ်ကိတ်ပဲ ၂၀၀၈ ဧကအထိ စိုက်ပျိုးခဲ့ကြောင်း သိရသည်။ ထိုသို့စိုက်ပျိုးခဲ့သော ဗိုလ်ကိတ်ပဲ ၂၀၀၈ ဧကကို ယခုနှစ်ဖေဖော်ဝါရီလဒုတိယပတ်က စတင်ဆွတ်ခူးခဲ့ရာ ဧကအားလုံး ဆွတ်ခူးပြီးစီးပြီဖြစ်ကာ တစ်ဧကလျှင် ၁၄ ဒသမ ၇၆ တင်းခန့် ထွက်ရှိကြောင်း သိရသည်။

“လက်ရှိမှာ ဆောင်းသီးနှံဗိုလ်ကိတ်ပဲ အားလုံး ရိတ်သိမ်းပြီးစီးသွားပြီဖြစ်ပါတယ်။ ရိတ်သိမ်းခဲ့တဲ့ ဗိုလ်ကိတ်ပဲအပါအဝင် ဆောင်းသီးနှံတွေ ပိုးမွှားအန္တရာယ်ကင်းရှင်းဖို့နဲ့ အခက်အခဲမရှိ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ဖို့အတွက် သီးနှံတွေမစိုက်မီအချိန်ကနေ စိုက်ပျိုးပြီးတဲ့အချိန်ထိ စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စီမံအုပ်ချုပ်ရေးအဖွဲ့နဲ့ ဒေသခံတောင်သူတွေ ပေါင်းစပ်ဆောင်ရွက်ခဲ့တာပါ” ဟု ဦးထွန်းမျိုးသန့်ကပြောသည်။

ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့၌ ပြီးခဲ့သည့် ဆောင်းသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့သော ဗိုလ်ကိတ်ပဲများ လျာထားဧကပြည့်မီစွာစိုက်ပျိုးနိုင်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး၊ အထွက်နှုန်းကောင်းမွန်စေရေး၊ အရည်အသွေးကောင်းမွန်စေရေး စသည့် လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနမှ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သုတကျော်**

ရန်ကုန်၊ လူမှုရေး

## ရန်ကုန်အရှေ့ပိုင်းခရိုင် လူထုအခြေပြုဗဟိုဌာန၌ စာကြည့်တိုက်ပညာသင်တန်းအမှတ်စဉ် (၁/၂၀၂၄) ဖွင့်လှစ်

ရန်ကုန်အရှေ့ပိုင်းခရိုင် လူထုအခြေပြုဗဟိုဌာန (Community Centre) ၌ စာကြည့်တိုက်ပညာသင်တန်း အမှတ်စဉ် (၁/၂၀၂၄) ဖွင့်ပွဲကို ဧပြီလ ၂၂ ရက်က ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆန်းဝင်း၊ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြကြောင်း သိရသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆန်းဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် စာကြည့်တိုက်ပညာလုပ်ငန်းစတင်ပေါ်ပေါက်လာပုံနောက်ခံသမိုင်းကြောင်းများ၊ စာကြည့်တိုက်စီမံခန့်ခွဲမှုစနစ်များ၊ ဒစ်ဂျစ်တယ်တတ်မြောက်မှုနှင့် သတင်းအချက်အလက်ရယူမှု၊ ဆက်သွယ်ရေးနည်းပညာနှင့် သတင်းအချက်အလက်ဆိုင်ရာနည်းပညာများ လျင်မြန်စွာတိုးတက်ပြောင်းလဲနေမှုကြောင့် လူထုဆက်သွယ်ရေးနည်းလမ်းများ ထိရောက်မှုရှိလာပြီး စာကြည့်တိုက်များ၏ အခန်းကဏ္ဍ အရေးပါလာပုံအကြောင်းတို့ကို ပြောကြားသည်။

ဆက်လက်၍ သင်တန်းနည်းပြဆရာမ ဒေါက်တာဒေါ်ခင်လေးစိုးက စာကြည့်တိုက်မှူးများအား စာကြည့်တိုက်ဝန်ဆောင်မှုဆောင်ရွက်ရမည့် အခြေအနေများ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှနွယ်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် သင်တန်းစည်းကမ်းများကို ပြောကြားကြောင်း သိရသည်။

**ချမ်းမြေ့**



ကျောက်ပန်းတောင်း၊ ကျေးလက်ဖွံ့ဖြိုးရေး


# ကျောက်ပန်းတောင်းမြို့နယ်၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ သက်ဆိုင်သူအားလုံး ပါဝင်သည့် လုပ်ငန်းဆိုင်ရာသုံးသပ်ဆွေးနွေးပွဲကျင်းပ

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ သက်ဆိုင်သူအားလုံးပါဝင်သည့် လုပ်ငန်းဆိုင်ရာ သုံးသပ်ဆွေးနွေးပွဲကို ဧပြီလ ၂၃ ရက်တွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးသက်က ပြီးခဲ့သည့်နှစ်တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့ကြသည့်လုပ်ငန်းများအပြင် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့်ပတ်သက်၍ အားသာချက်၊ အားနည်းချက်များ၊ လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးနိုင်စေရန် စီမံကိန်းလုပ်ငန်း ကျေးရွာများ၌ အမှန်တကယ်ပါဝင်ဆောင်ရွက်နေသူအားလုံးပါဝင်သော လုပ်ငန်းဆိုင်ရာ သုံးသပ်ဆွေးနွေးပွဲကျင်းပရခြင်းဖြစ်ကြောင်း အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် တက်ရောက်လာသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဌာနအလိုက် လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးမှာကြားကြသည်။ ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းဖွင့်လှစ်ခဲ့သည့် ကျေးရွာများ၊ ဆိုလာရေတင်စနစ်ဆောင်ရွက်နေသည့် ကျေးရွာများ၊ VDP စီမံကိန်းလုပ်ငန်းဆောင်ရွက်ခဲ့သည့် ကျေးရွာများ အစရှိသည့်ကျေးရွာများမှ ကျေးရွာကော်မတီဝင်များအား အစုအဖွဲ့အလိုက်ဖွဲ့စည်း၍ အဆိုပါအစုအဖွဲ့အလိုက် Exit Strategy အရ ကိုယ်ထူကိုယ်ထဆောင်ရွက်နိုင်သော ကျေးရွာများကို မြို့နယ်အဆင့် သက်ဆိုင်သူအားလုံးပူးပေါင်းပါဝင်သည့် သုံးသပ်ဆွေးနွေးပွဲတွင် ရွေးချယ်ရန်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် သက်ဆိုင်သူအားလုံးပူးပေါင်းပါဝင်သည့် ဆွေးနွေးပွဲမှ အတည်ပြုရန်ကိစ္စ၊ ပုံစံ(၇-ခ)ဖြင့် ဆပ်/ ထုတ်/ချေးစနစ်ဆောင်ရွက်ရာတွင် ပူးတွဲအထောက်အထားများ (မြို့နယ်အစည်းအဝေးမှတ်တမ်း၊ မြို့နယ်ဦးစီးမှူးထောက်ခံချက်၊ စီမံကိန်းစက်ဝန်းအလိုက် ချေးငွေလည်ပတ်ခဲ့မှု၊ ဘဏ်ရှင်းတမ်းမိတ္တူ)တို့ ပြည့်စုံမှန်ကန်စေရေး စသည့်လုပ်ငန်းဆိုင်ရာများကို အစုအဖွဲ့အလိုက်သုံးသပ်ဆွေးနွေးခြင်း၊ အကြံပြုခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **နေအောင်(ပြန်/ဆက်)**

## မိုးလေဝသ သတင်း




တောင်ငူ၊ လူမှုရေး

# တောင်ငူခရိုင်လူထုအခြေပြုဗဟိုဌာန၌ အခြေခံအင်္ဂလိပ်စာသင်တန်းဖွင့်လှစ်



ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာန(Community Centre) ၌ အခြေခံအင်္ဂလိပ်စာ သင်တန်းဖွင့်ပွဲအခမ်းအနားကို ဧပြီလ ၂၂ ရက်က ကျင်းပသည်။

ရှေးဦးစွာ တောင်ငူခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဆွေဆွေမိုးက အမှာစကားပြောကြားပြီး Sweet Family ကိုယ်ပိုင်အထက်တန်းကျောင်းမှ သင်တန်းနည်းပြဆရာ ဦးစောဂျရှန်းက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ သင်တန်းကိုဖွင့်လှစ်သင်ကြားပေးသည်။

အဆိုပါသင်တန်းတွင် သင်တန်းနည်းပြဆရာ ဦးစောဂျရှန်းက အခြေခံအင်္ဂလိပ်စာ (Speaking Grammar၊ Reading) ဘာသာရပ်များကို ဧပြီလ ၂၂ ရက်မှ ၂၆ ရက်အထိ အခမဲ့ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ယင်းသင်တန်းသို့ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၂၀ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။ **ချမ်းမြေ့**

မြောင်းမြ၊ စိုက်ပျိုးရေး

# မြောင်းမြမြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ၂၅၃၅ ဧက နုတ်သိမ်းပြီးစီး

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်၌ ပြီးခဲ့သည့်နှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ၂၅၃၅ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်း၏ပြောဆိုချက်အရ သိရသည်။

အဆိုပါစိုက်ပျိုးခဲ့သော မြေပဲခင်းများကို ယခုနှစ်မတ်လတတိယပတ်က စတင်နုတ်သိမ်းခဲ့ရာ လက်ရှိတွင် မြေပဲ ၂၅၃၅ ဧက ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ အထွက်နှုန်းမှာ မြေပဲတစ်ဧကလျှင် ၆၀ ဒသမ ၂၅ တင်းအထိ ထွက်ရှိကြောင်း သိရသည်။

"မြောင်းမြမြို့နယ်မှာ ဆီထွက်သီးနှံတွေကို နှစ်စဉ်စိုက်ပျိုးပါတယ်။ ပြီးခဲ့တဲ့ဆောင်းသီးနှံစိုက်ပျိုးရာသီက မြေပဲ ၂၅၃၅ ဧကအထိ စိုက်ပျိုးခဲ့တာပါ။ စိုက်ခဲ့တဲ့မြေပဲတွေ ပြန်လည်နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ တစ်ဧကချင်းအထွက်နှုန်းကောင်းပါတယ်။ ဒီဘက်ဒေသမှာ ဆီထွက်သီးနှံတွေကို ဆောင်းကာလမှာပဲ အဓိကထားစိုက်တာပါ။ အခုလို ဆောင်းသီးနှံတွေ အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့ တောင်သူတွေ၊ စိုက်ပျိုးရေးဦးစီးဌာနနဲ့ တခြားသက်ဆိုင်ရာဌာနတွေ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ မြေပဲအပါအဝင် ဆီထွက်သီးနှံအားလုံး အထွက်နှုန်းကောင်းမွန်စေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ကိုလည်း ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ဦးကျော်မိုးဝင်းက ပြောသည်။

မြောင်းမြမြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက ဆီထွက်သီးနှံများ အပါအဝင် ဆောင်းသီးနှံများ လျာထားချက်အတိုင်း ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးမည့်သီးနှံများ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး၊ အရည်အသွေးနှင့်အထွက်နှုန်းကောင်းမွန်စေရေးတို့အတွက် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စီမံအုပ်ချုပ်ရေးအဖွဲ့၊ ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးလုပ်ငန်းနှင့်ဆက်စပ်သည့် ဌာနအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သုတကျော်**

ရန်ကုန်၊ စီးပွားရေး

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တစ်နှစ်တာကာလအတွင်း ပြည်ပသို့သတ္တုတွင်းထွက်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၇၁ သန်းကျော်ရရှိ

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တစ်နှစ်တာကာလအတွင်း ပြည်ပသို့ သတ္တုတွင်းထွက်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၇၁ သန်းကျော်ရရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ၂၀၂၃ ခုနှစ် ဧပြီလ ၁ ရက်မှ ၂၀၂၄ ခုနှစ် မတ်လ ၃၁ ရက်အထိ တစ်နှစ်တာကာလအတွင်း ပြည်ပသို့ သတ္တုတွင်းထွက်ပစ္စည်း တင်ပို့မှုအနေဖြင့် နိုင်ငံပိုင်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၇ ဒသမ ၁၂၂ သန်းရရှိပြီး ပုဂ္ဂလိကပိုင်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၃၃ ဒသမ ၉၀၈ သန်းရရှိသည့်အတွက် စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၇၁ ဒသမ ၀၃ သန်းရရှိကြောင်း၊ ပြည်ပသို့တင်ပို့သည့် သတ္တုတွင်းထွက်ပစ္စည်းများမှာ ရွှေ၊ ကျောက်စိမ်း၊ ပုလဲ၊ စိန်၊ ခဲ၊ ခဲမဖြူ၊ အဖြိုက်နက်၊ ငွေ၊ ကြေးနီ၊ ကျောက်မီးသွေးနှင့် တခြားသတ္တုအမျိုးမျိုးတို့ဖြစ်သည်။

ပြည်ပသို့ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တစ်နှစ်တာကာလအတွင်း လယ်ယာထွက်ကုန်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ကုန်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ စက်မှုကုန်ချောနှင့် တခြားပို့ကုန်များတင်ပို့ရာ ပို့ကုန်တင်ပို့မှုမှ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၄၆၁၈ ဒသမ ၄၅၉ သန်း ရရှိထားသည်။

ထို့ပြင် ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း၊ လူသုံးကုန်ပစ္စည်းနှင့် CMP တို့ကိုလည်း တင်သွင်းကြောင်း သိရသည်။ **စောယု**

နေပြည်တော်  ဧပြီ  ၂၃

# ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ပနိုင်ငံများသို့ သွားရောက်ခဲ့သူများ၏ အတွေ့အကြုံများရှင်းလင်း



ပြည်ပနိုင်ငံများသို့ ကိုယ်စားလှယ်များအဖြစ်သွားရောက်၍ ရရှိခဲ့သည့်အတွေ့အကြုံများရှင်းလင်းတင်ပြခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း၊ အမှုထမ်းများတက်ရောက်ကြပြီး နယ်ရုံးခွဲများမှ အရာထမ်း၊ အမှုထမ်းများက Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။

အခမ်းအနားတွင် e-government ဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးကျော်ကျော်လွင်နှင့် လေ့ကျင့်ရေးနှင့် ပညာပေးရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးနောင်နောင်လင်းအောင်တို့က တရုတ်ပြည်သူ့သမ္မတနိုင်ငံ မကာအိုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၁၅)ကြိမ်မြောက် မကာအိုခရီးသွားလုပ်ငန်းအင်စတီကျူ့နှင့် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်းဆောင်ရွက်သည့် ဆွေးနွေးပွဲနှင့် ကမ္ဘာလုံးဆိုင်ရာ ခရီးသွားလုပ်ငန်းဖိုရမ် ၂၀၂၃ သို့တက်ရောက်ခဲ့မှုနှင့်စပ်လျဉ်း၍ အတွေ့အကြုံများကို ဆွေးနွေးတင်ပြကြရာ တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးခြင်း၊ သိရှိလိုသည်များကို မေးမြန်းဖြေကြားခြင်းများဆောင်ရွက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနရှိ ဝန်ထမ်းများ၏ အရည်အသွေးများတိုးတက်လာစေရေးအတွက် ပြည်တွင်း/ပြည်ပနိုင်ငံများရှိ သင်တန်း၊ အစည်းအဝေးများနှင့် နိုင်ငံတကာပြပွဲများသို့ စေလွှတ်တက်ရောက်စေလျက်ရှိပါကြောင်း၊ ဝန်ထမ်းများအနေနှင့် ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲလာသည့် အခြေအနေများကို သိရှိနားလည်ကြရန် လိုအပ်ပါကြောင်း၊ ပြည်ပနိုင်ငံများမှ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များကို လေ့လာမှတ်သားပြီး မိမိနိုင်ငံနှင့် ကိုက်ညီမှုရှိသည်များကို အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နေပြည်တော်၌ မိုက်စ်(MICE)ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ-ပုဂ္ဂလိက-အသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ခရီးသွားကဏ္ဍပုံရိပ်ကို နိုင်ငံတကာမှ ပိုမိုကျယ်ပြန့်စွာ သိရှိနိုင်ရေးအတွက် မြှင့်တင်ဆောင်ရွက်ရာတွင် အားလုံးဝိုင်းဝန်းကြိုးစားကြရန် ပြောကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

**▸▸ ဆင်ဖြူတော်လေးမှ**

မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ၅ ခုစီနှင့် နောက်ခြေသည်း ၄ ခုစီပါရှိခြင်း၊ နားကြီးခြင်း စသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ၇ ချက်ကိုက်ညီသော ဆင်ဖြူတော်လေးဖြစ်သည်။

ယခုအခါ ဆင်ဖြူတော်လေးသည် အသက် ၁ နှစ် ၉ လသားအရွယ်တွင် အရပ်အမြင့် ၄ ပေ ၁ လက်မ၊ ကိုယ်လုံး လုံးပတ် ၆ ပေ ၈ လက်မ၊ ကိုယ်အလေးချိန် ၁၂၉၃ ပေါင်ရှိလာကြောင်း၊ ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက"မှာ ငယ်စဉ်ကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့်လူသားတို့အကြား ကောင်းမွန်စွာဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training" ဖြင့် လေ့ကျင့် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

ပျော်ဘွယ်  ဧပြီ  ၂၃

# ပျော်ဘွယ်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေးပွဲကျင်းပ

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းသုံးသပ်ဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါဦးစီးဌာနအစည်းအဝေးခန်းမ၌ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ပျော်ဘွယ်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ပျော်ဘွယ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးမင်းနိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေးပွဲကျင်းပရခြင်းရည်ရွယ်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲများ၊ အားသာချက်၊ အားနည်းချက်၊ အကြံပြုချက်များကို ရှင်းလင်းတင်ပြရာ တာဝန်ရှိသူများက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ပျော်ဘွယ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်၊ ပျော်ဘွယ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးမင်းနိုင်နှင့် တာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။

**ဇော်မျိုး(မြဝတီ)**

**▭ ရှေ့ဖုံးမှအဆက်**

အရှိန်မြှင့်တင်ဆောင်ရွက်ခြင်းသည် လူ့စွမ်းအားအရင်းအမြစ်များရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကိုလည်း အထောက်အကူပြုလျက်ရှိသည်။

"ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဟာ ဇီဝမျိုးစုံမျိုးကွဲနဲ့ တောတောင်တွေရှင်သန်မှုအပေါ်မှာ မူတည်ပါတယ်။ အထူးသဖြင့် သဘာဝသယံဇာတတွေကို ထိန်းသိမ်းလိုတဲ့ ဦးဆောင်တဲ့စိတ်လည်းလိုတယ်။ ထုတ်ယူသုံးစွဲတဲ့အဆင့်မှာဆိုရင် ဥပဒေ၊ နည်းဥပဒေကို လေးစားလိုက်နာပြီး စနစ်တကျထုတ်ယူသုံးစွဲမှုနဲ့ ပြန်လည်ထိန်းသိမ်းမှု၊ ဖြည့်စွက်ပျိုးထောင်မှုလည်း လိုပါတယ်။ အားလုံးပူးပေါင်းဆောင်ရွက်မှုဟာအဓိကပါ။ မြန်မာနိုင်ငံမှာရှိတဲ့ အမျိုးသားဥယျာဉ်တွေဟာ အာဆီယံအတွက်သာမဟုတ်ပါဘူး။ ကမ္ဘာကြီးအတွက်ပါ အရေးပါပါတယ်။ သဘာဝထိန်းသိမ်းရေးနယ်မြေတွေကိုကာကွယ်စောင့်ရှောက်ရာမှာ Green Economy နဲ့ Blue Economy တိုက်ရိုက်အကျိုးပြုတဲ့အပြင် နိုင်ငံရဲ့ဘူမိရုပ်သွင်နဲ့ ရာသီဥတုမျှတမှုကိုလည်း အထောက်အကူပြုစေပါတယ်။ သဘာဝကိုအခြေခံတဲ့ ခရီးသွားလုပ်ငန်းဆိုရင် ခရီးသွားတွေဟာ အဏ္ဏဝါ၊ ကုန်းမြေနဲ့ ရေခဲတောင်တန်းတွေ စတဲ့စိတ်ဝင်စားမှုအမျိုးမျိုးရှိပါတယ်။ အဲဒီလိုခရီးစဉ်တွေထဲက စိတ်ဝင်စားခံရတဲ့ နိုင်ငံတွေထဲမှာ မြန်မာနိုင်ငံလည်းပါတယ်။ မြန်မာနိုင်ငံဟာ သဘာဝကပေးထားတဲ့ အမွေအနှစ်တွေပြည့်နေတဲ့ နိုင်ငံတစ်နိုင်ငံဆိုရင်လည်း မမှားပါဘူး" ဟု လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးကြည်ဦးကပြောသည်။

မြန်မာနိုင်ငံသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အာဆီယံနိုင်ငံများနှင့် လက်တွဲ၍ ပူးပေါင်းဆောင်ရွက်ခဲ့သည့်နည်းတူ ဒေသတွင်းရှိ အမျိုးသားဥယျာဉ်များနှင့် တောရိုင်းတိရစ္ဆာန်များ ရှင်သန်ကျက်စားရေးကို NGOs အသင်းအဖွဲ့များ၊ ဒေသခံများနှင့် လက်တွဲဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် သိပ္ပံကြိုးဝိုင်း၊ အမျိုးသားဥယျာဉ်၊ အဏ္ဏဝါအမျိုးသားဥယျာဉ်၊ သဘာဝကြိုးဝိုင်း၊ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ဘူမိရုပ်သွင်ထူးသည့်နယ်မြေ၊ ဒေသအစုအဖွဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေတို့ဖြင့် သဘာဝထိန်းသိမ်းရေးနယ်မြေ အမျိုးအစားများခွဲခြားကာ ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် သဘာဝထိန်းသိမ်းရေးနယ်မြေ ၅၉ ခု တည်ထောင်ထားရှိပြီး နိုင်ငံဧရိယာ၏ ၆ ဒသမ ၄၂ ရာခိုင်နှုန်းအထိ သဘာဝထိန်းသိမ်းရေးနယ်မြေများအဖြစ် ဖော်ဆောင်ထားရှိသည်။

"နိုင်ငံတော်အနေနဲ့လည်း မူဝါဒ၊ ရည်မှန်းချက်တွေ ချမှတ်ဆောင်ရွက်နေတာရှိတယ်။ သစ်တောဆိုရင် နိုင်ငံဧရိယာရဲ့ ၃၀ ရာခိုင်နှုန်း၊ ကြိုးဝိုင်းကြိုးပြင်တောတွေကာကွယ်ဖို့နဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေဆိုရင် နိုင်ငံဧရိယာရဲ့ ၁၀ ရာခိုင်နှုန်းတည်ထောင်ဖို့ဆိုပြီး ရည်မှန်းချက်ထားဆောင်ရွက်နေတာရှိတယ်။ သဘာဝထိန်းသိမ်းရေးနယ်မြေတွေကို တည်ထောင်ထားတာဆိုရင် ၆ ရာခိုင်နှုန်းကျော်ရှိနေပါပြီ။ အမျိုးသားဥယျာဉ်တွေ ရှင်သန်ဖွံ့ဖြိုးနေမယ်ဆိုရင် ခရီးသွားလုပ်ငန်းကို အထောက်အကူပြုတဲ့အပြင် ဒေသခံတွေလည်း အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး နိုင်ငံတော်အတွက်လည်း အခွန်ဘဏ္ဍာရရှိစေမှာပါ။ အာဆီယံနိုင်ငံတွေမှာ မြန်မာနိုင်ငံဟာ အမျိုးသားဥယျာဉ်တည်ထောင်ထားရှိမှုတတိယနေရာမှာ ရပ်တည်နေတာကြောင့် အဏ္ဏဝါဖြစ်စေ၊



ခါကာဘိုရာဇီအမျိုးသားဥယျာဉ်မှ ရေခဲတောင်အလှကိုတွေ့ရစဉ်။

ရေချိုအိုင်ဖြစ်စေ၊ သဘာဝဘေးမဲ့တောဖြစ်စေ၊ ရေခဲတောင်ဒေသဖြစ်စေ ရေရှည်တည်တံ့ဖို့အတွက် အားလုံးပူးပေါင်းထိန်းသိမ်းသွားဖို့လိုပါတယ်။ ဘာကြောင့်လဲဆိုတော့ မြန်မာနိုင်ငံက အမျိုးသားဥယျာဉ်များဟာ ထိခိုက်မှုအနည်းဆုံးနဲ့ အဆင့်မှာရှိနေသေးလို့ပါ"ဟု ၎င်းက ဖြည့်စွက်ပြောသည်။

အာဆီယံဒေသအတွင်းရှိ သဘာဝထိန်းသိမ်းရေးနယ်မြေများ စီမံအုပ်ချုပ်မှုနှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းမှုဆိုင်ရာလုပ်ငန်းတို့တွင် ဒေသအတွင်းပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ရန် ဂေဟစနစ်၊ မျိုးစုံမျိုးကွဲ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းအစဉ်အလာများထူးခြားစွာတည်ရှိသော သဘာဝထိန်းသိမ်းရေးနယ်မြေများကို အာဆီယံအမွေအနှစ်ဥယျာဉ်များ (ASEAN Heritage Parks-AHPs) အဖြစ် သတ်မှတ်ထိန်းသိမ်းလျက်ရှိကြောင်း သိရသည်။

**ဓာတ်ပုံ−ခွဲမာန်**

**သစ္စာ(mna)**

နေပြည်တော်  ဧပြီ  ၂၃

## နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

**(မိုး/ဇလ)**

မန္တလေး ဧပြီ ၂၃

## U-23 Futsal Cup Mandalay 2024 ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၆ သင်းဖြင့် မေလ ၁၂ ရက်မှစတင်ကာ မန္တလေးမြို့တွင်ကျင်းပမည်

မန္တလေးတိုင်းဒေသကြီး သဲသောင်ပြင်နှင့်ဖူဆယ်ဆပ်ကော်မတီက ကြီးမှူးကျင်းပမည့် U-23 Futsal Cup Mandalay 2024 ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၆ သင်းဖြင့် လာမည့် မေလ ၁၂ ရက်မှစတင်ကာ မန္တလေးမြို့ Min Khant Myanmar Sports Complex ရှိ ဖူဆယ်ကွင်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

U-23 Futsal Cup Mandalay 2024 ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့်ကစားသမားများအနေဖြင့် ၂၀၀၁ ခုနှစ်နောက်ပိုင်း မွေးဖွားသူများဖြစ်ရမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်းတစ်သင်းလျှင် ဂိုးသမားနှစ်ဦးအပါအဝင် ကစားသမားအများဆုံး ၁၄ ဦး၊ အနည်းဆုံး ၁၀ ဦးဖြင့် ဖွဲ့စည်းရမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲဝင်အသင်းများတွင် အသင်းအုပ်ချုပ်သူနည်းပြအဖွဲ့ငါးဦးပါရှိရမည်ဖြစ်ပြီး လက်ရှိမြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် MFF Futsal League နှင့် League-1 ပြိုင်ပွဲဝင်အသင်းများမှ အသက် ၂၃ နှစ်အောက် ကစားသမားများကိုလည်း တစ်သင်းလျှင်သုံးဦးခေါ်ယူခွင့်ရှိမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ကစားသမားများအနေဖြင့် မန္တလေးတိုင်းဒေသကြီးမှ နိုင်ငံသားစိစစ်ရေးကတ်ကိုင်ဆောင်သူဖြစ်ရမည်ဖြစ်ပြီး အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှဖြစ်ပါက မန္တလေးတိုင်းဒေသကြီးအတွင်း အနည်းဆုံး ခြောက်လနေထိုင်ကြောင်း ထောက်ခံစာပါရှိရမည်ဖြစ်သည်။

U-23 Futsal Cup Mandalay 2024 ပြိုင်ပွဲဝင်ခွင့်အတွက် လျှောက်လွှာများကို ဧပြီလ ၂၈ ရက်မှစတင်ကာ နံနက် ၉ နာရီမှ ညနေ ၃ နာရီထိ Min Khant Myanmar Sports Complex ရှိ ကော်မတီရုံးခန်းတွင် ပြိုင်ပွဲဝင်ကြေး ၁၅၀၀၀၀၊ အာမခံကြေး ၁၀၀၀၀ ပေးသွင်းကာ ထုတ်ယူနိုင်မည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို ပထမအဆင့်ကို အုပ်စုပတ်လည်စနစ်ဖြင့်လည်းကောင်း၊ ဒုတိယအဆင့်ကို ရှုံးထွက်စနစ်ဖြင့်လည်းကောင်း ကျင်းပမည်ဖြစ်ပြီး ဆုကြေးငွေများအဖြစ် ပထမဆုအတွက် ငွေကျပ် ၁၀ သိန်း၊ ဒုတိယဆုအတွက် ငွေကျပ် ခုနစ်သိန်း၊ တတိယဆုအတွက် ငွေကျပ် ငါးသိန်း၊ အကောင်းဆုံးကစားသမားဆုအတွက် ငွေကျပ် တစ်သိန်း၊ အကောင်းဆုံးဂိုးသမားဆုအတွက် ငွေကျပ် တစ်သိန်းချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**စည်သူအောင်**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၇° C | / | ၄၀° C |
| ရန်ကုန် | ၂၅° C | / | ၃၇° C |
| မန္တလေး | ၂၇° C | / | ၄၂° C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့။

ရန်ကုန် ဧပြီ ၂၃

## မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး)နှင့် အမျိုးသားဘောလုံးအကယ်ဒမီ(ရန်ကုန်) တို့အတွက် ကျောင်းသားကစားသမားသစ်များရွေးချယ်ခေါ်ယူမည်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး)နှင့် အမျိုးသားဘောလုံးအကယ်ဒမီ(ရန်ကုန်) ကျောင်းတို့အတွက် ကျောင်းသားကစားသမားသစ်များကို TDS Scouting Program ကျင်းပပြီး ရွေးချယ်ခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး)နှင့် အမျိုးသားဘောလုံးအကယ်ဒမီ(ရန်ကုန်) ကျောင်းတို့အတွက် ကျောင်းသားအားကစားသမားသစ်များရွေးချယ်ရေးအဖွဲ့တွင် လူငယ်ဘောလုံးနည်းစနစ် ဒါရိုက်တာ မစ္စတာ မိတ ဦးဆောင်ပြီး မြစ်ကြီးနားမြို့၊ မန္တလေးမြို့၊ တောင်ကြီးမြို့၊ ပဲခူးမြို့၊ ပုသိမ်မြို့နှင့် ရန်ကုန်မြို့တို့တွင် ပဏာမရွေးချယ်မှုနှင့် အပြီးသတ်ရွေးချယ်မှုများ ပြုလုပ်ပြီး စိစစ်ရွေးချယ်သွားမည်ဖြစ်သည်။

မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး)နှင့် အမျိုးသားဘောလုံးအကယ်ဒမီ(ရန်ကုန်) ကျောင်းတို့တွင်ရွေးချယ်ခံရသည့် ကျောင်းသားကစားသမားများအနေဖြင့် အခြေခံအတန်းပညာရပ်များအပြင် မိမိ၏အရည်အချင်းနှင့်ကြိုးစားမှုအပေါ်တွင်မူတည်ပြီး ဘောလုံးပညာရပ်များကို အခမဲ့သင်ယူခွင့်ရရှိမည့်အပြင် နိုင်ငံ့လက်ရွေးစင်ကစားသမားအဖြစ်လည်းကောင်း၊ ပရော်ဖက်ရှင်နယ်ကစားသမားအဖြစ်လည်းကောင်း အသက်မွေးဝမ်းကျောင်းပြုနိုင်မည်ဖြစ်သည်။

မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး) နှင့် အမျိုးသားဘောလုံးအကယ်ဒမီ(ရန်ကုန်) ကျောင်းတို့အတွက် ရွေးချယ်ခံလိုသူများအနေဖြင့် ၂၀၀၉ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း မွေးဖွားသူဖြစ်ရမည်၊ နိုင်ငံသားစိစစ်ရေးကတ်၊ မွေးစာရင်း၊ အိမ်ထောင်စုစာရင်း၊ ကျောင်းထောက်ခံစာအပြင် လိုင်စင်ဓာတ်ပုံတင်ပြနိုင်ရမည်၊ လျှောက်လွှာများကို ယနေ့မှစတင်ကာ ထုတ်ယူနိုင်မည်ဖြစ်ပြီး မေလ ၃ ရက် နောက်ဆုံးထားပြီး လျှောက်လွှာတင်သွင်းရမည်ဖြစ်သည်။

မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး) အတွက် ကစားသမားရွေးချယ်မှုကို မေလ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင်လည်းကောင်း၊ အမျိုးသားဘောလုံးအကယ်ဒမီ(ရန်ကုန်) အတွက် ကစားသမားရွေးချယ်မှုကို မေလ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင်လည်းကောင်း ကျင်းပသွားမည်ဖြစ်ပြီး အသေးစိတ်မေးမြန်းလိုပါက ဦးနေသူလွင် ဖုန်း ၀၉-၇၆၉၉၀၀၆၀၀သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**စည်သူအောင်**

နေပြည်တော် ဧပြီ ၂၃

## စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီး

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၀၂ ဒသမ ၉၈၀ သန်းဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ခန္တီးမြို့နယ် ခန္တီး-တိန်းအင်-လက်ပံသာ-မှန်ပင်-ကောင်းမူ-ဖောင်ဆိုင်-ပဒူးမုန်းရွာသစ် မြေသားလမ်းမိုင် ၂၀ ပေါ်၌ ၅ မိုင် အမာခံလမ်းခင်းခြင်းနှင့် Box Culvert ငါးစင်းတည်ဆောက်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။



အဆိုပါ လမ်းဆောင်ရွက်ပေးနိုင်ခဲ့မှုကြောင့် ချင်းတွင်းမြစ်အနောက်ဘက်ကမ်းရှိ ကျေးရွာခြောက်ရွာမှ ဒေသခံပြည်သူများ ခရီးသွားလာမှုလွယ်ကူလျင်မြန်ပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဉက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# အစာမကြေရောဂါ သတိပြုပါ



အစာမကြေရောဂါသည် ကမ္ဘာပေါ်တွင် အဖြစ်အများဆုံးသောရောဂါတစ်မျိုးဖြစ်သည်။ အစာမကြေခြင်းကြောင့် အစာအိမ်ရောင်ရောဂါ၊ အူရောင်ရောဂါနှင့် နာတာရှည်ရောဂါအမျိုးမျိုး နောက်ဆက်တွဲဝင်ရောက်လာတတ်သည်။ ရောဂါမှန်သမျှသည် အစာမကြေခြင်းကစသည်ဟု ဆေးကျမ်းများကဆိုသည်။

ဝမ်းချုပ်တတ်သူအတော်များများသည် အစာမကြေရောဂါရှိသူများဖြစ်သည်။ ထိုသူများသည် အစာမကြေရောဂါကို ဦးစွာကုသရမည့်အစား ဝမ်းနုတ်ဆေးအမျိုးမျိုးကိုအားကိုးပြီး ဝယ်ယူသောက်သုံးနေကြသည်ကို တွေ့ရသည်။ မြန်မာဆေးအမျိုးမျိုးတွင် ရောင်းအားအကောင်းဆုံးဆေးမှာ ဝမ်းနုတ်ဆေးပင်ဖြစ်သည်။ ဝမ်းနုတ်ဆေးကိုပင် သွေးတိုးကျဆေး၊ အဆီကျဆေး၊ ပိန်ဆေး၊ ရုပ်လှဆေး၊ အကြောပြေဆေး စသည်ဖြင့် နာမည်အမျိုးမျိုးတပ်၍ ရောင်းချလျက်ရှိကြသည်။ ဝမ်းနုတ်ဆေးစားခြင်းဖြင့် ရေရှည်တွင်ဖြစ်လာမည့်ကျန်းမာရေးဆိုးကျိုးကိုမသိကြ၍ သောက်သုံးနေကြခြင်းဖြစ်သည်။ အူမကြီးအတွင်းမှ သက်စောင့်အချွဲမြေးများသည် ဝမ်းနုတ်ဆေးဒဏ်ကြောင့် တဖြည်းဖြည်းပါးလာပြီး အူမကြီးနှင့်ပတ်သက်သောရောဂါအမျိုးမျိုးခံစားရနိုင်သည်ကို အထူးပင်သတိပြုသင့်သည်။

ဝမ်းချုပ်တတ်သူများအနေဖြင့် အစာမကြေဖြစ်စေနိုင်သော အောက်ပါအချက်များကို သတိပြုစစ်ဆေးသင့်သည်။

(၁)မိမိ၏သွားများ ကောင်းမွန်ခြင်း ရှိ၊ မရှိ စစ်ဆေးသင့်သည်။

(၂)သွားကောင်းလျှင်လည်း အစားစားသောအခါ တစ်လုတ်လျှင် ၁၀ ကြိမ်ခန့် ဝါးပြီးမှသာ မျိုချသင့်သည်။

(၃)အစာကို အချိန်မှန်မှန်စားသုံးသင့်သည်။

(၄)အစာကို နေ့စဉ်ပူပူနွေးနွေးစားသလား၊ အေးစက်သောအစာများကို စားသုံးနေပါသလား သတိပြုသင့်သည်။

(၅)ထမင်းစားရန် သီးသန့်အခန်းရှိ၊ မရှိ သို့မဟုတ် မိမိအလုပ်စားပွဲတွင်ပင် စားလေ့ရှိပါသလား။ သတိပြုသင့်သည်။

(၆)ထမင်းစားနေစဉ်နှင့် ထမင်းစားပြီးနောက် ရေခဲရေ သို့မဟုတ် အအေး၊ အချိုရည်များ သောက်သုံးခြင်းကိုရှောင်ကြဉ်သင့်သည်။

(၇)အစားစားပြီးလျှင် ခေတ္တမျှ လမ်းလျှောက်သည့် အလေ့အထပြုလုပ်သင့်သည်။

(၈)ညနေစာ သို့မဟုတ် ညစာမစားသုံးမီ လမ်းလျှောက်ခြင်း သို့မဟုတ် လေ့ကျင့်ခန်း တစ်ခုခုပြုလုပ်ခြင်းအလေ့အထ ပြုလုပ်သင့်သည်။

“ဝမ်းချုပ်တတ်သူအတော်များများသည် အစာမကြေရောဂါရှိသူများဖြစ်သည်။ ထိုသူများသည် အစာမကြေရောဂါကို ဦးစွာကုသရမည့်အစား ဝမ်းနုတ်ဆေးအမျိုးမျိုးကိုအားကိုးပြီး ဝယ်ယူသောက်သုံးနေကြသည်ကိုတွေ့ရသည်။ မြန်မာဆေးအမျိုးမျိုးတို့တွင် ရောင်းအားအကောင်းဆုံးဆေးမှာ ဝမ်းနုတ်ဆေးပင်ဖြစ်သည်။ ဝမ်းနုတ်ဆေးကိုပင် သွေးတိုးကျဆေး၊ အဆီကျဆေး၊ ပိန်ဆေး၊ ရုပ်လှဆေး၊ အကြောပြေဆေး စသည်ဖြင့် နာမည်အမျိုးမျိုးတပ်၍ ရောင်းချလျက်ရှိကြသည်။ ဝမ်းနုတ်ဆေးစားခြင်းဖြင့် ရေရှည်တွင်ဖြစ်လာမည့်ကျန်းမာရေးဆိုးကျိုးကိုမသိကြ၍ သောက်သုံးနေကြခြင်းဖြစ်သည်။ အူမကြီးအတွင်းမှ သက်စောင့်အချွဲမြေးများသည် ဝမ်းနုတ်ဆေးဒဏ်ကြောင့် တဖြည်းဖြည်းပါးလာပြီး အူမကြီးနှင့်ပတ်သက်သောရောဂါအမျိုးမျိုးခံစားရနိုင်သည်ကို အထူးပင်သတိပြုသင့်သည်. . .”

(၉) ညအိပ်ရာဝင်ချိန်နှင့် နံနက်စောစောအိပ်ရာထချိန်တွင် ရေတစ်ဖန်ခွက်သောက်သည့် အလေ့အထပြုလုပ်သင့်သည်။

အထက်ပါအချက်များတွင် အစာမကြေ၊ ဝမ်းချုပ်ခြင်းအတွက် လိုက်နာကျင့်သုံးသင့်သည်များနှင့် ဆောင်ရန်၊ ရှောင်ရန်များဖြစ်သည်။

အစားစားသောအခါ ဆာမှစားခြင်းသည် အကောင်းဆုံးဖြစ်သည်။ ထမင်းစားပျက်အောင် ထမင်းစားချိန်နီးမှ လက်ဖက်ရည်သောက်ခြင်း၊ အချိုရည်သောက်သုံးခြင်း၊ မုန့်ပဲသရေစာစားခြင်းတို့ကို မပြုလုပ်သင့်ပေ။ အထူးသဖြင့် ထမင်းမစားမီ တစ်နာရီအတွင်း မုန့်များမစားသင့်ပေ။ ထမင်းစားပျက်သွားစေနိုင်သည်။ ကြားချိန်တွင် စားသုံးထားသဖြင့် မဆာဘဲ ထမင်းစားလျှင် များများမစားနိုင်တော့သည့်အပြင် အစာမကြေလည်းဖြစ်တတ်သည်။ စားချင်သည့်စိတ်ဖြစ်မှသာ ဝမ်းမီးတောက်သည်။ ဝမ်းမီးတောက်မှ အစာကြေနိုင်မည်ဖြစ်မည်။

တချို့သူများသည် တီဗွီကြည့်ရင်း အစားအသောက်များစားကြသည်။ တီဗွီဇာတ်လမ်းထဲတွင် စိတ်ရောက်နေသဖြင့် စားသည့်အစာတွင် စိတ်မရောက်ဖြစ်နေတတ်သည်။ အစာ၏အရသာကိုခံပြီး ကြေညက်အောင်ဝါးမစားလျှင်လည်း အစာမကြေဖြစ်တတ်သည်ကို သတိပြုရန်လိုသည်။ ထို့ထက်ပို၍ဆိုးသည်မှာ အစားစားပြီးနောက် ခေတ္တမျှ လမ်းလျှောက်ခြင်းမပြုဘဲ တီဗွီဇာတ်လမ်း ပြီးဆုံးသည်အထိကြည့်ကာ တီဗွီရှေ့၌ အိပ်ပျော်နေတတ်သူများမှာ အဆိုးဆုံးဖြစ်သည်။ ထိုသူများမှာ အစာမကြေဖြစ်နိုင်သည့်အပြင် ကြာလျှင် အူမကြီးရောင်သည့်ရောဂါပါရနိုင်သည်။

အစားမစားမီ ရေသောက်လျှင် အစားပျက်တတ်သည်။ အစာကြေစေရန် အစားစားခြင်း၏အလယ်တွင် ရေသောက်သင့်သည်။ အစာမနင်စေရန် ရေကို သင့်တော်ရုံသာသောက်ရမည်။ အစားစားပြီးချင်း ရေသောက်ပါက ဝမ်းမီးငြိမ်း၍ အစာမကြေဖြစ်တတ်သည်။ အစားစားပြီး ခဏကြာမှသာ ရေသောက်သင့်သည်။ ရေကျက်အေးသောက်ခြင်းသည် အစာကို ပို၍ကြေစေနိုင်သည်။ ရေနွေးကြမ်းလည်း သောက်နိုင်သည်။ အလွန်အေးသော ရေခဲရေသောက်ခြင်းကို ရှောင်ကြဉ်သင့်သည်။

အစာကြေညက်စွာဝါးစားနိုင်ရန် မိမိ၏သွားများ ကောင်း၊ မကောင်းစစ်ဆေးသင့်သည်။ သွားမကောင်းလျှင် အလျင်အမြန်ဖာထေးပြုပြင်သင့်သည်။ သွားများသည် အစာကိုကြိတ်ဝါးရန် သဘာဝကပေးသော အစာခြေစက်ဖြစ်သည်။ တစ်လုတ်လျှင် ၁၀ ကြိမ်ခန့် ဝါးစားမှသာ အစာကြေစေနိုင်ကြောင်း အစာမကြေရောဂါဖြစ်ပွားမှုမှကာကွယ်နိုင်ရန် အကြံပြုရေးသားလိုက်ရပါသည်။ ။

**ကြည်လွင်မြင့်(မုဒြာ)**

---

မြောင်းမြ၊ စိုက်ပျိုးရေး

## မြောင်းမြမြို့နယ်၌ ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီတွင် နွေစပါး ဧက ၁၁၄၉၅၀ စိုက်ပျိုးပြီးစီး



ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်၌ ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီတွင် နွေစပါး ဧက ၁၁၄၉၅၀ အထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်း၏ပြောပြချက်အရ သိရသည်။

မြောင်းမြမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် နွေစပါးလျာထားဧက ၁၁၃၁၁၅ ဧကကို ဇန်နဝါရီလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ဧက ၁၁၄၉၅၀ အထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါနွေစပါးများကို အခက်အခဲမရှိစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြောင်းမြမြို့နယ်၌ ယခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် နွေစပါးလျာထားဧက ၁၁၄၉၅၀ တွင် ဆင်းသုခ၊ မင်းဧရာ၊ ရက် ၉၀၊ GW-1၊ GW-3၊ ထိုင်းဘေးကြား စသည့်စပါးအမျိုးအစားများကို အများဆုံး စိုက်ပျိုးထားကြောင်း သိရသည်။

**သုတကျော်**

---

ဆင်ပေါင်ဝဲ၊ အသိပညာပေး

## ဆင်ပေါင်ဝဲမြို့၌ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် ဆင်ပေါင်ဝဲမြို့၌ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရန်နှင့် ပလတ်စတစ်လျှော့ချသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့မဈေးအတွင်းရှိ ဈေးရောင်းဈေးဝယ်သူများကို ပလတ်စတစ်သုံးစွဲမှုလျှော့ချရေးနှင့် ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်း လုပ်ငန်းများကို ဧပြီလ ၂၂ ရက်က ဆင်ပေါင်ဝဲမြို့ မြို့မဈေး အတွင်း ကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။

အဆိုပါ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ကိုကိုအောင် ဦးဆောင်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ကော်မတီဝင်များနှင့် တာဝန်ရှိသူများက ဈေးရောင်းဈေးဝယ်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာများယူဆောင်လာရန် အသိပညာပေးခြင်းနှင့် ပလတ်စတစ်အစား အင်ဖက်၊ ငှက်ပျောဖက်၊ စက္ကူအိတ်များအသုံးပြုမှု ရှိ၊ မရှိတို့ကို ကွင်းဆင်းစစ်ဆေးကြသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အင်ဖက်၊ ငှက်ပျောဖက်၊ စက္ကူတို့ဖြင့် ပလတ်စတစ်အစားထိုးအသုံးပြုနေမှုကို အပတ်စဉ် တနင်္လာနေ့တိုင်း ကွင်းဆင်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ချမ်းမြေ့**

နေပြည်တော် မေ ၂၃

# မိုးရာသီကာလတွင်ဖြစ်ပွားလေ့ရှိသော သဘာဝဘေးအန္တရာယ်များအတွက် ကျန်းမာရေးကဏ္ဍ ကြိုတင်ပြင်ဆင်မှုအစည်းအဝေးကျင်းပ

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) ၌ကျင်းပသည့် မိုးရာသီကာလတွင် ဖြစ်ပွားလေ့ရှိသော သဘာဝဘေးအန္တရာယ်များအတွက် ကျန်းမာရေးကဏ္ဍကြိုတင်ပြင်ဆင်မှုအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မိုးရာသီကာလတွင် သဘာဝဘေးအန္တရာယ်များအနေဖြင့် ရေကြီးမှု၊ မုန်တိုင်းတိုက်ခတ်မှု၊ လေပြင်းတိုက်ခတ်မှု၊ မြေပြိုမှုစသည်တို့ ဖြစ်ပွားနိုင်သကဲ့သို့ ကြိုတင်ခန့်မှန်းသိရှိနိုင်ခြင်းမရှိသော မြေငလျင်ဘေးအန္တရာယ်လည်း ဖြစ်ပွားနိုင်ပါကြောင်း၊ ထိုသို့ သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ဒဏ်ရာရရှိမှုများ၊ သဘာဝဘေးအန္တရာယ်ပြီးနောက်တွင်လည်း ကူးစက်ရောဂါများအပါအဝင် ကျန်းမာရေးပြဿနာများဖြစ်ပွားနိုင်သဖြင့် မိမိတို့အနေဖြင့် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ခြင်းဖြင့် အဆိုပါကျန်းမာရေးပြဿနာများကို လျှော့ချနိုင်ပါကြောင်း၊ ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်တွင်လည်း ယခုကဲ့သို့ ကြိုတင်ပြင်ဆင်မှုအစည်းအဝေးပြုလုပ်ခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ခြင်းတို့ကို ဆောင်ရွက်သကဲ့သို့ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းစဉ်များ ချမှတ်ကာ လုပ်ငန်းများဆောင်ရွက်ခဲ့ပါကြောင်း။

လုပ်ငန်းများသည် လုပ်ရိုးလုပ်စဉ်ဆောင်ရွက်မှုများဖြစ်သော်လည်း ယခင်လုပ်ဆောင်ခဲ့မှုများမှ အတွေ့အကြုံနှင့်သင်ခန်းစာများကိုရယူကာ ပိုမိုကောင်းမွန်စေရေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ လက်ရှိအချိန်တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများ၌ အပူဒဏ်အန္တရာယ်နှင့်ပတ်သက်သည့် သတင်းပေးပို့စနစ်နှင့် စီမံခန့်ခွဲမှုအား ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မိုးရာသီအချိန်တွင် ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် အခြားကူးစက်ရောဂါများကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်စေလိုပါကြောင်း၊ **နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်များအနေဖြင့် သက်ဆိုင်ရာဒေသအလိုက် ဖြစ်ပွားနိုင်သည့် သဘာဝဘေးအန္တရာယ် အမျိုးအစားများ မတူညီသည့်အတွက် မိမိတို့တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် ဖြစ်ပွားနိုင်သည့် သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ထားသင့်ပါကြောင်း။**



လုပ်ငန်းများဆောင်ရွက်ရာတွင် မိမိတို့ကျန်းမာရေးဌာန တာဝန်ရှိသူများအနေဖြင့် ဒေသဆိုင်ရာအစိုးရအဖွဲ့များ၊ နှီးနွှယ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် လိုအပ်သလို ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုများအတွက် ထပ်မံလိုအပ်သည်များရှိပါက ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ နေ့စဉ်မိုးလေဝသသတင်းထုတ်ပြန်ချက်များကိုလည်း မျက်ခြည်မပြတ်စောင့်ကြည့်ရမည်ဖြစ်ပါကြောင်း၊ **ယနေ့ကမ္ဘာပေါ်တွင် သဘာဝဘေးအန္တရာယ်များ ထူးခြားစွာဖြစ်ပေါ်မှုသတင်းများကို စောင့်ကြပ်ကြည့်ရှုကာ ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊** သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအပါအဝင် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပိုမိုကောင်းမွန်ထိရောက်စွာဖြင့် အားထုတ်ကြိုးပမ်းကာ ဆက်လက်ဆောင်ရွက်စေလိုပါကြောင်း၊ ယနေ့အစည်းအဝေးတက်ရောက်လာသူများအနေဖြင့် မိမိတို့၏အတွေ့အကြုံများပေါ်မူတည်ပြီး သဘာဝဘေးအန္တရာယ်များ ကျရောက်ပါကလည်း အကောင်းဆုံးတုံ့ပြန်ဆောင်ရွက်နိုင်ကြစေရေး ဝိုင်းဝန်းဆွေးနွေး အကြံပြုကြစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ သဘာဝဘေးနှင့် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေတုံ့ပြန်ဆောင်ရွက်ရေးဌာနခွဲက ၂၀၂၃ ခုနှစ်အတွင်းနှင့် ၂၀၂၄ ခုနှစ် ဧပြီလအထိ ဆောင်ရွက်ခဲ့မှုများနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့တက်ရောက်လာသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများမှ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများနှင့် တာဝန်ရှိသူများက ဖြစ်ပွားခဲ့သော သဘာဝဘေးအန္တရာယ် ဖြစ်စဉ်များတွင် ကျန်းမာရေးကဏ္ဍဆောင်ရွက်ခဲ့မှုများ၊ အတွေ့အကြုံကောင်းများနှင့် လာမည့်မိုးရာသီကာလအတွက် ကြိုတင်ပြင်ဆင်ထားမှုနှင့် လိုအပ်ချက်များအား ဆွေးနွေးပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများကလုပ်ငန်းများအတွက် ဆွေးနွေးအကြံပြုဆောင်ရွက်ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

နေပြည်တော် မေ ၂၃

# လယ်ဝေးမြို့နယ်တွင် ကောက်စိုက်စက်ဖြင့် နွေစပါးနှိုင်းယှဉ်စိုက်ပျိုးခြင်း သရုပ်ပြပွဲအခမ်းအနားနှင့် လူရည်ချွန်မောင်မယ်များ ဩဝါဒခံယူပွဲသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တက်ရောက်

စက်မှုလယ်ယာဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ကောက်စိုက်စက်ဖြင့် နွေစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် သစ်ဆိမ့်ပင်ကျေးရွာအုပ်စု ကွင်းအမှတ် ၁၈၂၆ ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်အဆင့်ဌာနဆိုင်ရာများနှင့်တာဝန်ရှိသူများ၊ တောင်သူများ တက်ရောက်ကြသည်။



ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက သီးနှံများစိုက်ပျိုးထုတ်လုပ်ရာတွင် မျိုးကောင်းမျိုးသန့်သုံးစွဲရေး၊ စိုက်နည်းစနစ်များပြောင်းလဲစိုက်ပျိုးရေး၊ သတ်မှတ်သွင်းအားစုများ လုံလုံလောက်လောက်ထည့်သွင်းပေးရေးနှင့် ရိတ်သိမ်းရာတွင် အလေအလွင့်အနည်းဆုံးနှင့် ရိတ်သိမ်းနိုင်ရေးအတွက် စက်ကိရိယာများ တွင်ကျယ်စွာအသုံးပြုရေးနှင့် စိုက်ပျိုးရေကို အလေအလွင့်မရှိ စနစ်တကျသုံးစွဲရေးတို့ကို အလေးထားလိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နွေစပါးနှင့် နွေသီးနှံများကို လျာထားချက်စိုက်ဧကပြည့်မီရေး၊ တစ်ဧကပန်းတိုင်အထွက်နှုန်းနှင့် စံအထွက်နှုန်းများထွက်ရှိအောင် အထူးအလေးထား ကြိုးစားဆောင်ရွက်စိုက်ပျိုးကြရမည်ဖြစ်ကြောင်းပြောကြားပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီဝင်များက တောင်သူများအား သဘာဝမြေဩဇာများကို ထောက်ပံ့ပေးအပ်ကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် တာဝန်ရှိသူများသည် တောင်သူများနှင့်အတူ တောင်သူ ဦးသန်းငွေ၏လယ်မြေတွင် ကောက်စိုက်စက်ဖြင့် နွေစပါးစိုက်ပျိုးခြင်းသရုပ်ပြသမှုနှင့် ခင်းကျင်းပြသထားသည့် လယ်ယာသုံးစက်ကိရိယာများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့်အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ကျင်းပသည့် နွေရာသီကွန်ပျူတာ၊ အင်္ဂလိပ်စာ၊ ယဉ်ကျေးလိမ္မာနှင့် ပန်းချီသင်တန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက အမှာစကားပြောကြားပြီး ယဉ်ကျေးလိမ္မာသင်တန်းအတွက် (၃၈) ဖြာမင်္ဂလာ၊ ဗုဒ္ဓဝင်၊ ဘုရားရှိခိုးနှင့်ပြည်သူ့နီတိစာအုပ်များကို ပေးအပ်လှူဒါန်းရာ ဇမ္ဗူသီရိမြို့နယ် ပညာရေးမှူး ဦးဝင်းနိုင် က လက်ခံရယူပြီး နေပြည်တော်ကိုယ်ပိုင်ကျောင်းများအသင်း နာယက ဦးစိုးလှိုင်က ကွန်ပျူတာ၊ အင်္ဂလိပ်စာနှင့် ပန်းချီသင်တန်းများအတွက် သင်ထောက်ကူစာအုပ်များကို ပေးအပ်လှူဒါန်းရာ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဝင်းမြင့်ဦးက လက်ခံရယူသည်။

ယနေ့ဖွင့်လှစ်သည့် နွေရာသီ ကွန်ပျူတာ၊ အင်္ဂလိပ်စာ၊ ယဉ်ကျေးလိမ္မာနှင့် ပန်းချီသင်တန်းများကို ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်တွင် ဧပြီလ ၂၃ ရက်မှ မေလ ၉ ရက်အထိ တစ်ပြိုင်တည်း စာတွေ့လက်တွေ့သင်ကြားပို့ချပေးသွားမည်ဖြစ်ရာ မြို့နယ်များအလိုက် သတ်မှတ်အခြေခံပညာအထက်တန်းကျောင်းများ၌ ကျောင်းသား/ကျောင်းသူများ စုစုပေါင်း ၁၅၉၀ ဦး တက်ရောက်သင်ကြားလျက်ရှိသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့်အဖွဲ့သည် ပျဉ်းမနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် လူရည်ချွန်မောင်မယ်များ ဩဝါဒခံယူပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက လူရည်ချွန်မောင်မယ်များအနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ အထင်ကရနေရာများ၊ အပန်းဖြေစခန်းများသွားရောက်လေ့လာရာတွင် ဒေသန္တရဗဟုသုတများ၊ အတွေ့အကြုံများကို လေ့လာမှတ်သားခဲ့ပြီး အခြားကျောင်းသား/ကျောင်းသူများအား ပြန်လည်မျှဝေပေးစေလိုကြောင်း၊ လူရည်ချွန်မောင်မယ်များနှင့်အတူ လိုက်ပါကြီးကြပ်ကြမည့် ဆရာ/ဆရာမများအနေဖြင့် မိမိတို့တာဝန်ယူရမည့် လူရည်ချွန်စခန်းများအလိုက် လူရည်ချွန်ကျောင်းသား/ကျောင်းသူများအား ကျန်းမာရေး၊ နေထိုင်စားသောက်ရေး၊ အစစအရာရာ ဘေးကင်းလုံခြုံစေရေးတို့ကို အလေးထားကြီးကြပ်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် လူရည်ချွန်မောင်မယ်များနှင့် ကြီးကြပ်သူများက တစ်ဦးချင်းဂါရဝပြုမိတ်ဆက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက လူရည်ချွန်မောင်မယ်များနှင့် ကြီးကြပ်သူများကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ရာ လူရည်ချွန်မောင်မယ်များနှင့် ကြီးကြပ်ဆရာမတစ်ဦးတို့က လက်ခံရယူကြပြီး လူရည်ချွန်မောင်မယ်များကိုယ်စား လူရည်ချွန်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် တာဝန်ရှိသူများသည် လူရည်ချွန်မောင်မယ်များ၊ ကြီးကြပ်ဆရာ/ဆရာမများနှင့်အတူ အမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး လူရည်ချွန်မောင်မယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စကားပြောကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

နေပြည်တော် ဧပြီ ၂၃

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ




စစ်ကိုင်းတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **ဧပြီလ ၂၂ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာတွင် စစ်ကိုင်းမြို့၊ တကောင်းရပ်ကွက်ရှိ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် ကျောက်ကျောဖာ(၅၀)နှင့် အုန်းသီးအမှုန့် (၁၂၀) အိတ်အပါအဝင် ကုန်ပစ္စည်း(၁၇)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၇၂၄၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဧပြီလ ၂၂ ရက်**တွင် ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ၊ လိုင်စင်မဲ့ယာဉ်ဖမ်းဆီးရမိရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ရာတွင် မင်္ဂလာဒုံမြို့နယ်၊ မြို့ရှောင်လမ်းအနီး၌ လိုင်စင်မဲ့ Toyota Kluger မော်တော်ယာဉ်(၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဧပြီလ ၂၂ ရက်**တွင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ရာတွင် လားရှိုး-တန့်ယန်းလမ်းခွဲအနီး၌ ချင်းရွှေဟော်မှ လားရှိုးမြို့သို့မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် JIANGHE ဆပ်ပြာမှုန့် (၁၇၅၅)ကီလိုဂရမ်အပါအဝင် ကုန်ပစ္စည်း (၂)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၂၇၂၅၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၂၇၂၅၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဧပြီလ ၂၂ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ရာတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်(သွင်းကုန်)၌ ဝန်စည်တစ်ခုအတွင်းမှ တရုတ်နိုင်ငံသို့ တရားမဝင်တင်ပို့မည့် ငှက်သိုက်(အကြမ်း) (၈. ၅)ကီလိုဂရမ် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




ရန်ကုန်တိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်(သွင်းကုန်)၌ ဖမ်းဆီးရမိမှု။

ထို့ပြင် မကွေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဧပြီလ ၂၂ ရက်**တွင် မင်းတုန်းမြို့၊ အမှတ်(၁)ရပ်ကွက်၌ တရားမဝင်စက်သုံးဆီ ဓာတ်ဆီဂါလန် (၄၀)၊ ဒီဇယ်ဆီ (၂၄)ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၅၆၀၀)နှင့် အဆိုပါစက်သုံးဆီများ တင်ဆောင်လာသည့် Luojia 110 မော်တော်ဆိုင်ကယ်(၁)စီးနှင့် New Zhineng Smash 110 မော်တော်ဆိုင်ကယ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀)ကို ရေနံနှင့် ရေနံထွက်ပစ္စည်းများဆိုင်ရာဥပဒေအရလည်းကောင်း၊ **ဧပြီလ ၂၃ ရက်**တွင် မင်းတုန်းမြို့နယ်နှင့် မင်းလှမြို့နယ်၌ တရားမဝင် စက်သုံးဆီဓာတ်ဆီ (၃၈)ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၁၂၀၀)နှင့် အဆိုပါစက်သုံးဆီများ တင်ဆောင်လာသည့် Luojia 125 မော်တော်ဆိုင်ကယ်(၁)စီးနှင့် Kenbo 125 မော်တော်ဆိုင်ကယ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းများဆိုင်ရာ ဥပဒေအရလည်းကောင်း၊ မင်းတုန်းမြို့နယ်နှင့် မင်းဘူးမြို့နယ်တို့၌ လိုင်စင်မဲ့ Kenbo 125 မော်တော်ဆိုင်ကယ်(၁)စီး၊ Dayan 110 မော်တော်ဆိုင်ကယ်(၁)စီး၊ XEROS 110 မော်တော်ဆိုင်ကယ် (၁)စီးနှင့် Luojia 110 မော်တော်ဆိုင်ကယ်(၁)စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မကွေးခရိုင်၊ သရက်ခရိုင်၊ အောင်လံခရိုင်နှင့် မင်းဘူးခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် (၁ ဒသမ ၅၄၃)တန်၊ အခြားသစ် (၁၇ ဒသမ ၀၃၉) တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၃၁၆၄၅)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၇၈၄၄၅)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဧပြီလ ၂၃ ရက်**တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့နယ်၌ လိုင်စင်မဲ့ Honda Dream 125 မော်တော်ဆိုင်ကယ်(၁)စီးနှင့် Honda Insight မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မြိတ်မြို့နယ်၌ တရားမဝင် အခြားသစ် (၇. ၄၃၇)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၅၆၄၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၁၅၆၄၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ဧပြီလ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၂၉) မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၉၉၀၅၈၅)** ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**(သတင်းစဉ်)**

---

နေပြည်တော် ဧပြီ ၂၃

# ချမ်းမြသာစည်နှင့် လားရှိုးမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများသိမ်းဆည်းရမိ



ရန်လူနှင့် မပါးရီ(ခ)မရင်ကော့တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများ၊ လက်လုပ်သေနတ်များနှင့်အတူ တွေ့ရစဉ်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဧပြီလ ၂၁ ရက် မွန်းလွဲ ၂ နာရီတွင် ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ ၄၉ လမ်းနှင့် ၁၁၇ လမ်းထောင့်တွင် မသင်္ကာဖွယ်တွေ့ရှိသူ မအိမြတ်နန္ဒာထွန်း(ခ)ကေကေအားစစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water သုညဒသမ ၀၁၂ ကီလို၊ ကက်တမင်း သုည ဒသမ ၀၀၈ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မွန်းလွဲ ၂ နာရီခွဲတွင် ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်ရှိ မနန္ဒာလှိုင်၏နေအိမ်မှ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water သုည ဒသမ ၀၇၅ ကီလို၊ ကက်တမင်း ၁ ဒသမ ၃၆၄ ကီလိုအားလည်းကောင်း၊ မွန်းလွဲ ၃ နာရီတွင် စိတ်ပြောင်းဆေးဝါးများ သယ်ဆောင်ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူ သိန်းသန်းဦး(ခ)အားချင်အား ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်ရှိ ၎င်း၏နေအိမ်တွင် ဖမ်းဆီးရမိခဲ့ပြီး ဆက်လက်ဖော်ထုတ်ခဲ့ရာ ညနေ ၅ နာရီတွင် ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်တွင် မြင့်ဦး(ခ)အားချိုင်အား စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water သုည ဒသမ ၀၁၅ ကီလို၊ ကက်တမင်း သုည ဒသမ ၀၂ ကီလို၊ Ford မော်တော်ယာဉ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ညနေ ၆ နာရီတွင် ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ ၅၅ လမ်း၊ ၁၁၅ လမ်းနှင့် ၁၁၆ လမ်းကြားရှိ မြင့်ဦး(ခ) အားချိုင်၏နေအိမ်မှ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water သုည ဒသမ ၂၈၅ ကီလို၊ ကက်တမင်း သုည ဒသမ ၂၉၇ ကီလိုတို့ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ နံနက် ၇ နာရီ ၄၅ မိနစ်တွင် ရှမ်းပြည်နယ် ရဲတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ်၊ ပန်ဟုန်းကျေးရွာအုပ်စု၊ ဟိုနားပန်ကျမ်းကျေးရွာရှိ ရန်လူနှင့် ၎င်း၏ဇနီး မပါးရီ(ခ)မရင်ကော့တို့၏ တောင်ယာတဲအား ဝင်ရောက်ရှာဖွေရာ တဲအတွင်းမှ ဘိန်းဖြူ သုည ဒသမ ၅၉ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀၊ ဘိန်းစိမ်း ၃ ကီလို၊ လက်လုပ်သေနတ် (၄)လက်၊ မြန်မာငွေကျပ် ၇၈ သိန်းတို့အား သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်အတွက်အားဖြစ်စေမည့် မျိုးဆက်သစ်ရေကြောင်းလူငယ်များ

လူငယ်ဆိုသည်မှာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ အလွန်အရေးကြီးသော လူသားအရင်းအမြစ်ဖြစ်သည်။ **"ယနေ့လူငယ်၊ နောင်ဝယ်လူကြီး"** ဆိုသကဲ့သို့ လူငယ်များ၏ အသိဉာဏ်ပညာ၊ စွမ်းရည်နှင့်နိုင်ငံချစ်စိတ်ကိုမြှင့်တင်ပေးခြင်းသည် အနာဂတ်နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်စေရန် မျိုးစေ့ချခြင်းပင်ဖြစ်သည်။ အနာဂတ်နိုင်ငံတော်အတွက် ထပ်လောင်းပေါင်းစည်းတိုးပွားမည့် လူသားအရင်းအမြစ်များလည်းဖြစ်သည်။ မျက်မှောက်ခေတ် ကမ္ဘာ့နိုင်ငံအသီးသီးသည်လည်း သက်ဆိုင်ရာနိုင်ငံအဓွန့်ရှည်စေရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်များအခန်းကဏ္ဍကို အလေးထားပြုစုပျိုးထောင်ပေးလျက်ရှိသည်။ အလားတူ မိမိတို့နိုင်ငံတွင်လည်း နိုင်ငံတော်တည်ဆောက်ရေးအခန်းကဏ္ဍတွင် လူငယ်များ၏ စွမ်းဆောင်နိုင်မှုသည် အလွန်အဓိကကျလွန်းလှသည်။ နိုင်ငံတော်ကာကွယ်စောင့်ရှောက်ရန် အင်အားနှင့်စွမ်းရည်မရှိပါက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုသည် ရေရှည်မတည်တံ့နိုင်သောကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးသာမက နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးအခန်းကဏ္ဍများတွင် လူငယ်များ၏ တက်ကြွစွာပူးပေါင်းဆောင်ရွက်မှုများ မရှိမဖြစ်လိုအပ်ပေသည်။ ယနေ့ကမ္ဘာကြီးသည် သိပ္ပံနှင့်နည်းပညာဆိုင်ရာ တစ်ဟုန်ထိုးပြောင်းလဲတိုးတက်လျက်ရှိရာ ခေတ်နှင့်လိုက်လျောညီထွေစွာ မိမိတို့အပေါ် ကျရောက်လာမည့် နိုင်ငံတော်တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရန်အတွက် ယခုကတည်းက ပြင်ဆင်ကြိုးစားသွားကြရန်လိုသည်။ ထို့ကြောင့် မျိုးဆက်သစ်လူငယ်များ နွေရာသီကျောင်းပိတ်ရက်အတွင်း အသိဉာဏ်ပညာဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များကိုအကျိုးရှိစေရန်၊ နိုင်ငံတော်အတွက် ရေကြောင်းဆိုင်ရာအသိပညာရှင်၊ အတတ်ပညာရှင် အနာဂတ်မျိုးဆက်သစ်များပေါ်ထွန်းလာစေရန်နှင့် လူငယ်များ စိတ်ဓာတ်စည်းကမ်းကောင်းမွန်ပြီး ကျန်းမာကြံ့ခိုင်လာစေရန်ရည်ရွယ်၍ နိုင်ငံတော်အနေဖြင့် ရေကြောင်းလူငယ်သင်တန်းများကို ဖွင့်လှစ်ခြင်းဖြစ်ပေသည်။



**❖ လူငယ်များအနေဖြင့် ပင်လယ်ရေကြောင်းဆိုင်ရာ ယုံကြည်ချက်၊ ခံယူချက်များကောင်းမွန်ပြီး ရေကြောင်းဆိုင်ရာအသိပညာဗဟုသုတများ ပြည့်စုံကြွယ်ဝနေရန်လိုအပ်သည့်အတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ အနာဂတ်နိုင်ငံတော်အတွက် အရေးပါသော လူသားအရင်းအမြစ်ဖြစ်သည့်လူငယ်များကို ကြီးမားသောရည်ရွယ်ချက်များဖြင့် ရေကြောင်းလူငယ်သင်တန်းများဖွင့်လှစ်ကာ ပင်လယ်ပြင်နှင့် ထိတွေ့ခွင့်ပေးခြင်းဖြစ်. . .**

ရေကြောင်းလူငယ်သင်တန်းများအား ၁၉၅၉ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်မှစတင်ပြီး လူငယ်(ရေကြောင်း)သင်တန်း၊ ကန်တော်ကြီးစခန်းအမည်ဖြင့် ကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များကို ရေကြောင်းပညာနှင့် ရေကြောင်းလုပ်ငန်းများတွင် စိတ်ပါဝင်စားလာစေရေးနှင့် မြေတောင်မြှောက်ပေးနိုင်ရေးရည်ရွယ်ကာ နိုင်ငံတော်မှ ချမှတ်ထားသောမူဝါဒနှင့်အညီ စတင်ဖွင့်လှစ်သင်ကြားခဲ့သည်။ ထို့နောက် ၁၉၆၄ ခုနှစ် ဇွန်လတွင် ကန်တော်ကြီးစခန်း၌ပင် လူငယ်(ရေကြောင်း)သင်တန်းမှ ရှေ့ဆောင်လူငယ်(ရေကြောင်း)သင်တန်းအဖြစ် အမည်ပြောင်းလဲ၍ ဆက်လက်ဖွင့်လှစ်ခဲ့သည်။ ရှေ့ဆောင်လူငယ်(ရေကြောင်း)သင်တန်းအား ၁၉၆၅ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ကန်တော်ကြီးစခန်းအပြင် အင်းယားလေး၊ မော်လမြိုင်၊ စစ်တွေ၊ ပုသိမ်၊ မိတ္ထီလာ၊ မန္တလေး၊ မအူပင်၊ ရန်ကုန်၊ မြိတ်နှင့် ဘားအံ စသည့်စခန်းများအဖြစ် တိုးချဲ့ဖွင့်လှစ်ခဲ့သည်။ ရှေ့ဆောင်လူငယ်(ရေကြောင်း)သင်တန်းအား ၁၉၉၅ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ တပ်မတော်(ရေ)ရဲညွှန့်လောင်း (ရေကြောင်းမျိုးဆက်သစ်)သင်တန်းအဖြစ် ပြောင်းလဲဖွင့်လှစ်ခဲ့သည်။ ၂၀၀၄ ခုနှစ်နောက်ပိုင်းတွင် သင်တန်းဖွင့်လှစ်မှုအား ခေတ္တရပ်နားခဲ့ပြီး ၂၀၁၄ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ရေကြောင်းလူငယ်အခြေခံနှင့်တန်းမြင့်သင်တန်းဟုပြောင်းလဲ၍ ခြောက်နှစ်ဆက်တိုက် ဖွင့်လှစ်ခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ်တွင် တစ်ကမ္ဘာလုံးကူးစက်ပြန့်ပွားလာသော ကိုဗစ်-၁၉ ရောဂါကြောင့် ၂၀၂၃ ခုနှစ်မှသာ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည်။

အဆိုပါ ရေကြောင်းလူငယ်အခြေခံနှင့်တန်းမြင့်သင်တန်းများ စတင်ဖွင့်လှစ်ခဲ့သော ၂၀၁၄ ခုနှစ်တွင် သင်တန်းစခန်းခြောက်ခု၌ သင်တန်းသား၊ သင်တန်းသူ ၁၈၀ ဦး၊ ၂၀၁၅ ခုနှစ်တွင် သင်တန်းစခန်းခြောက်ခု၌ သင်တန်းသား၊ သင်တန်းသူ ၃၅၀ ဦး၊ ၂၀၁၆ ခုနှစ်တွင် သင်တန်းစခန်းခုနစ်ခု၌ သင်တန်းသား၊ သင်တန်းသူ ၃၉၀ ဦး၊ ၂၀၁၇ ခုနှစ်တွင် သင်တန်းစခန်းရှစ်ခု၌ သင်တန်းသား၊ သင်တန်းသူ ၄၇၀ ဦး၊ ၂၀၁၈ ခုနှစ်တွင် သင်တန်းစခန်းရှစ်ခု၌ သင်တန်းသား၊ သင်တန်းသူ ၅၈၀ ဦး၊ ၂၀၁၉ ခုနှစ်တွင် သင်တန်းစခန်း ၁၂ ခု၌ သင်တန်းသား၊ သင်တန်းသူ ၆၂၀ ဦး၊ ၂၀၂၃ ခုနှစ်တွင် သင်တန်းစခန်း ၁၁ ခု၌ သင်တန်းသား၊ သင်တန်းသူ ၇၁၂ ဦး လေ့ကျင့်သင်ကြားပေးနိုင်ခဲ့သည့်အတွက် ရေကြောင်းလူငယ်မောင်မယ် သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၃၃၀၂ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်သည်။ ယခုနှစ်တွင်ဖွင့်လှစ်သော ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းအား စခန်းပေါင်း ၁၀ နေရာတွင် အခြေခံသင်တန်းသား၊ သင်တန်းသူ ၆၁၆ ဦးနှင့် တန်းမြင့်သင်တန်းသား၊ သင်တန်းသူ ၂၀၂ ဦး စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၈၁၈ ဦးဖြင့် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ပြီး သင်ကြားပေးမည့်ဘာသာရပ်များမှာ စစ်ရေးပြဘာသာရပ်၊ ရေတပ်သားဘာသာရပ်၊ ရေကြောင်းလမ်းညွှန်ဘာသာရပ်၊ နက္ခတ္တဗေဒ၊ GPS အပါအဝင် ရေကြောင်းသွားလာရေး၊ ရေတပ်သားအချက်ပြဆက်သွယ်ရေးဘာသာရပ်၊ ရေကူးဘာသာရပ်နှင့် လှေလှော်/ ရွက်တိုက်ဘာသာရပ်တို့အား သင်ကြားပေးသွားမည်ဖြစ်သည်။ ယင်းဘာသာရပ်များမှာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက နိုင်ငံတော်ကာကွယ်ရေးအတွက်လည်း များစွာအထောက်အကူပြုသောဘာသာရပ်များဖြစ်ပေသည်။

ရေကြောင်းလူငယ်သင်တန်းတွင် သင်ကြားလေ့ကျင့်ပေးသောဘာသာရပ်များသည် မျိုးဆက်သစ်လူငယ်များအတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးနှင့်ကာကွယ်ရေးတွင် အထောက်အကူပြုစေသော ရေကြောင်းဆိုင်ရာ အသိပညာဗဟုသုတများရရှိစေပြီး အမိန့်နာခံမှုကောင်းစေခြင်း၊ လူငယ်များအချင်းချင်း ပူးပေါင်းဆောင်ရွက်တတ်စေခြင်း၊ စည်းကမ်းကောင်းမွန်စေခြင်း၊ ကျန်းမာကြံ့ခိုင်စေခြင်း စသည်တို့အပြင် စစ်ရေယာဉ်များ၏စွမ်းရည်၊ တာဝန်ထမ်းဆောင်ပုံနှင့် ရေတပ်ဆိုင်ရာအခေါ်အဝေါ်များကို နားလည်သဘောပေါက်စေသည့် အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်သည်။

လူငယ်ဟူသည် စူးစမ်းလိုစိတ်ရှိခြင်း၊ ဖျတ်လတ်တက်ကြွခြင်း၊ အရာရာကိုတီထွင်ဖန်တီးလိုစိတ်ရှိခြင်း၊ အမှန်တရားကိုမြတ်နိုးခြင်း စသောဂုဏ်သတ္တိများရှိသည်။ ထို့ပြင် လူငယ်တိုင်းတွင် မှန်ကန်သောအတွေးအခေါ်ရှိစေရန်နှင့် တိုင်းပြည်နှင့်လူမျိုးအပေါ် ချစ်မြတ်နိုးတတ်စေရန်လည်း လိုအပ်သည်။ ယနေ့ကမ္ဘာကြီးတွင် နိုင်ငံတစ်နိုင်ငံအား ဖျက်ဆီးလိုပါက သို့မဟုတ် Fail State နိုင်ငံဖြစ်စေလိုပါက ကိုလိုနီခေတ်ကကဲ့သို့ လက်နက်ဖြင့် ကျွန်ပြုခြင်းမပြုလုပ်တော့ဘဲ ၎င်းနိုင်ငံအတွင်းရှိ နိုင်ငံသူ၊ နိုင်ငံသားတို့၏ အချက်အလက်များ၊ ကဏ္ဍပေါင်းစုံမှအချက်အလက်များအပေါ် မူတည်၍ မဟာဗျူဟာချမှတ်ကာ ခေတ်သစ်ကိုလိုနီနိုင်ငံဖြစ်အောင် စီမံချက်ရေးဆွဲအကောင်အထည်ဖော်နေကြပြီဖြစ်သည်။ ထို့ကြောင့် မိမိတို့နိုင်ငံအတွင်းရှိ လူငယ်များ၏ကိုယ်ခံအား (တစ်နည်း) မိမိတိုင်းပြည်နှင့်လူမျိုးအပေါ် ချစ်မြတ်နိုးသည့်စိတ် (မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး) သည်လည်း အရေးကြီးသောအခန်းကဏ္ဍမှပါဝင်လျက်ရှိသည်။ ထို့ပြင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် အရေးပါသည့် ပြည်တွင်း၊ ပြည်ပ ရေကြောင်းသယ်ယူပို့ဆောင်ရေး၊ ပင်လယ်ပြင်သယံဇာတများ ရှာဖွေဖော်ထုတ်အသုံးချရေး၊ ပင်လယ်ပြင်ဂေဟစနစ်များ ပျက်စီးမှုမရှိစေရန် ထိန်းသိမ်းစောင့်ရှောက်ရေး၊ ပင်လယ်ပြင်ရေလမ်းကြောင်းများ စနစ်တကျအသုံးပြုရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ယနေ့လူငယ်များသည် အနာဂတ်ရေကြောင်းဆိုင်ရာအသိပညာရှင်၊ အတတ်ပညာရှင်အင်အားစုများအဖြစ် ကျရာအခန်းကဏ္ဍအသီးသီးမှ ပခုံးပြောင်းတာဝန်ယူထမ်းဆောင်နိုင်ရမည်ဖြစ်သည်။ ထို့ကြောင့် လူငယ်များအနေဖြင့် ပင်လယ်ရေကြောင်းဆိုင်ရာ ယုံကြည်ချက်၊ ခံယူချက်များကောင်းမွန်ပြီး ရေကြောင်းဆိုင်ရာအသိပညာဗဟုသုတများ ပြည့်စုံကြွယ်ဝနေရန်လိုအပ်သည့်အတွက် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်အရ အနာဂတ်နိုင်ငံတော်အတွက်အရေးပါသော လူသားအရင်းအမြစ်ဖြစ်သည့်လူငယ်များကို ကြီးမားသောရည်ရွယ်ချက်များဖြင့် ရေကြောင်းလူငယ်သင်တန်းများဖွင့်လှစ်ကာ ပင်လယ်ပြင်နှင့်ထိတွေ့ခွင့်ပေးခြင်းဖြစ်သည်။



**စာမျက်နှာ ၁၂ သို့** *

* စာမျက်နှာ ၁၁ မှအဆက်

ရေကြောင်းလူငယ်သင်တန်းကာလအတွင်း လေ့လာရေးခရီးစဉ်များလည်းပါဝင်သည်။ ၂၀၂၃ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သော ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများတွင် ရေကြောင်းလူငယ်မောင်မယ်များ စစ်ရေယာဉ်များအားလေ့လာစေခြင်း၊ ရေယာဉ်တည်ဆောက်ရေးလုပ်ငန်းများတွင် လေ့လာစေခြင်း၊ တပ်မတော်(ရေ)သမိုင်းအားလေ့လာစေခြင်း၊ ရေကြောင်းပြခန်း၊ တပ်မတော်(ရေ) ဗဟိုစာကြည့်တိုက်၊ စိတ်ဓာတ်မြှင့်တင်ရေးခန်းမ၊ နက္ခတ်တာရာပြခန်း၊ ရေတပ်သုံး Simulator များ၊ သမိုင်းဝင်စစ်ရေယာဉ်(မေယု) စသည့်နေရာများအား လေ့လာခြင်းများဆောင်ရွက်စေခဲ့သည်။ ထို့ပြင် စစ်ရေယာဉ်များဖြင့် ရန်ကုန်မြစ်တစ်လျှောက်မှ ပင်လယ်ဝသို့ ရန်ကုန်မြစ်ကြောင်းလေ့လာရေးခရီးစဉ်များ ဆောင်ရွက်ပေးခဲ့သည်။ ရေကြောင်းလူငယ်သင်တန်းနှင့်အတူ လေကြောင်းလူငယ်သင်တန်းများလည်း တစ်ပြိုင်နက်ဖွင့်လှစ်လျက်ရှိရာ တပ်မတော်(လေ)သို့ အပြန်အလှန်သွားရောက်လေ့လာခြင်း၊ လှိုင်မြို့နယ်အတွင်းရှိ နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာသို့လေ့လာခြင်းများ ပြုလုပ်ခဲ့သည်။ နေပြည်တော်သို့ရောက်ရှိစဉ် ကာလတွင်လည်း တပ်မတော်စစ်သမိုင်းပြတိုက်၊ သူရဲကောင်းဗိမာန်၊ ဥပ္ပါတသန္တိစေတီတော်၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့်အထင်ကရနေရာများသို့ လေ့လာရေးခရီးအဖြစ် သွားရောက်လေ့လာခဲ့ခြင်းများပြုလုပ်ခဲ့သည်။ ထိုသို့လေ့လာစေခဲ့ခြင်းဖြင့် ရေကြောင်းလူငယ်မောင်မယ်များအချင်းချင်း ပိုမိုရင်းနှီးခင်မင်စေခြင်း၊ အသိဉာဏ်ဗဟုသုတများပိုမိုရရှိစေခြင်း၊ တပ်မတော်(ရေ)၏ နေ့စဉ်လုပ်ငန်းတာဝန်များကို သိရှိစေခြင်း၊ တပ်မတော်နှင့် တပ်မတော်(ရေ) သမိုင်းကို လေ့လာသိရှိစေခြင်း စသောအကျိုးကျေးဇူးများကို လူငယ်များရရှိနိုင်မည်ဖြစ်သည်။ ယခုနှစ်ဖွင့်လှစ်မည့် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများကိုလည်း ယခင်နှစ်ကဲ့သို့ ဒေသန္တရဗဟုသုတရရှိရေးအတွက် လေ့လာရေးခရီးစဉ်များ ထည့်သွင်းဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အနာဂတ်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်များသည် အလွန်အရေးကြီးကြောင်း လူငယ်များကိုယ်တိုင်ခံစားသိရှိနားလည်စေရန် တွေ့ဆုံအားပေးစကားပြောကြားခြင်း၊ လမ်းညွှန်မှာကြားမှုများအားပြုလုပ်ပေးခြင်းဖြင့် လူငယ်များအပေါ် အလေးအနက်ထားသည်ကို သိသာထင်ရှားစေသည်။ ထိုသို့ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် အားပေးချီးမြှင့်လမ်းညွှန်မှုကြောင့် သင်ထောက်ကူပစ္စည်းစုံလင်စွာ ဘာသာရပ်များကို သက်ဆိုင်ရာဘာသာရပ်ကျွမ်းကျင်သူ အရာရှိ/နည်းပြများမှ စနစ်တကျသင်ကြားပြသပေးသွားမည်ဖြစ်ပြီး နေထိုင်စားသောက်ရေးနှင့် ဆေးအကာအကွယ်ပေးရေးကအစ လိုအပ်ချက်မရှိအောင် စနစ်တကျဆောင်ရွက်ပေးထားသည်ကိုကြည့်ခြင်းဖြင့် ရေကြောင်းလူငယ်မောင်မယ်များအပေါ် နိုင်ငံတော်အကြီးအကဲအနေဖြင့် မည်မျှအလေးအနက်ထားသည်ကို သိရှိနိုင်သည်။



ထို့ပြင် ရေကြောင်းလူငယ်မောင်မယ်များ သင်တန်းကာလနှင့် လေ့လာရေးခရီးစဉ်များအတွင်းအခက်အခဲမရှိစေရေး၊ အဆင်ပြေချောမွေ့စေရေးအတွက် အကြိုညှိနှိုင်းအစည်းအဝေးများပြုလုပ်ခြင်း၊ ကဏ္ဍအလိုက်ဆပ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခြင်း၊ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း အကောင်အထည်ဖော်ခြင်းများ ဆောင်ရွက်ထားရှိသည်။

မြန်မာနိုင်ငံသည် ပထဝီနိုင်ငံရေးအရ အရေးပါသောနေရာတွင်တည်ရှိခြင်း၊ သဘာဝသယံဇာတများပေါကြွယ်ဝခြင်း၊ ကမ္ဘာ့လူဦးရေအများဆုံးနှစ်နိုင်ငံအကြားတွင် တည်ရှိခြင်းစသောအချက်အလက်များရှိပြီး နိုင်ငံအကျယ်အဝန်းနှင့်အချိုးညီစွာ ကျယ်ပြောလှသောပင်လယ်ပြင်ကြီးကိုလည်း ပိုင်ဆိုင်ထားသည်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်များအပြင် မြန်မာ့ပင်လယ်ပြင်အတွင်းရှိ ရေပေါ်/ရေအောက် အဖိုးတန်သယံဇာတများကို ကာကွယ်စောင့်ရှောက်ရေးသည် တပ်မတော်(ရေ)၏ အဓိကတာဝန်တစ်ရပ်ပင်ဖြစ်သည်။ ခေတ်အဆက်ဆက် တပ်မတော်(ရေ)အား အဆင့်မြှင့်တင်တည်ဆောက်ခဲ့သည်မှာ ယခုအခါ စစ်ရေယာဉ်များကို ကိုယ်တိုင်တည်ဆောက်နိုင်ပြီဖြစ်သကဲ့သို့ သုံးဘက်မြင်စစ်ဆင်နိုင်စွမ်းရှိသော တိုက်ပွဲဝင်အသင့်ရေတပ်အဖြစ်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။ ဆက်လက်၍ ရေပြာရေတပ်အဆင့်သို့ တက်လှမ်းနိုင်ရန်လည်း ကြိုးပမ်းအကောင်အထည်ဖော်နေပြီဖြစ်သည်။ ရုပ်ဝတ္ထု (Infrastructure)များအား ခေတ်မီအောင်တည်ဆောက်နေသကဲ့သို့ လူ့စွမ်းအားအရင်းအမြစ် (Human Resource)များကိုလည်း စနစ်တကျဟန်ချက်ညီစွာ သင်ကြားလေ့ကျင့်ပေးလျက်ရှိသည်။ ရေကြောင်းလူငယ်မောင်မယ်များသည်လည်း အနာဂတ်တပ်မတော်(ရေ)အတွက် လူ့စွမ်းအားအရင်းအမြစ်များဖြစ်လာနိုင်သဖြင့် အမြော်အမြင်ကြီးစွာ လေ့ကျင့်ပျိုးထောင်နေခြင်းလည်းဖြစ်သည်။

ကမ္ဘာတည်သရွေ့ တည်ရှိနေမည့် မြန်မာနိုင်ငံတော်ကြီးနှင့် မြန်မာ့ပင်လယ်ပြင်ကြီးကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်(ရေ)အနေဖြင့်လည်း မျိုးဆက်သစ်လူငယ်များအား လက်ဆင့်ကမ်းအမွေအဖြစ် ပခုံးပြောင်းတာဝန်လွှဲပြောင်းပေးရမည်ဖြစ်သည်။ ထို့ကြောင့် ယခုနှစ်ဖွင့်လှစ်မည့်ရေကြောင်းလူငယ်စခန်းများတွင် သင်တန်းတက်ရောက်ကြမည့် ရေကြောင်းလူငယ်မောင်မယ်များသည် တပ်မတော်(ရေ)၏ မျိုးဆက်သစ်များအဖြစ်လည်းကောင်း၊ အနာဂတ်နိုင်ငံတော်ကို ထုဆစ်ပုံဖော်ကြမည့် အားတစ်ခုအဖြစ် တည်ရှိမည့် မောင်မယ်များဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

**ဝေယံဦး (တိုင်းတာရေး)**

## ဝင့်ထည်စည်ဖြာ တို့ပြည်သာ

➢ သူများကိုဖျက်၊ ကိုယ်လည်းပျက်သည်
တွေးလျက်မြင်ပါ၊ သိပညာဖြင့်
မှတ်ပါသတိ၊ စဉ်မြဲရှိ၍
မှန်သိပြင်ကာ မျှားသူငါ။

➢ သွေးသားရင်းတူ၊ ချစ်ကြည်ဖြူလို့
ဖေးကူစိတ်ထား၊ အသိများဖြင့်
စဉ်းစားသင့်ရာ ဆွေသဟာ။

➢ အချင်းချင်းတူ၊ ရိုင်းပင်းကူလို့
စိတ်တူဆွေရင်း၊ ညီနောင်ချင်းတွေ
စိတ်ရင်းဖြူစွာ ဆက်ဆံပါ။

➢ အများကိုမြင်၊ အမှန်ပြင်သည့်
ဆင်ခြင်စဉ်းစား၊ အသိတရားဖြင့်
ပွားများမင်္ဂလာ၊ များထိန်းပါသော်
သာယာရွှင်လန်း စဉ်အေးချမ်းလိမ့်။

➢ နှစ်ပေါင်းရှည်ကြာ၊ ပြည်မြန်မာတွင်
စဉ်လာတူမျှ၊ နေလာကြသည့်
ထာဝရအမြဲ၊ တူယှဉ်တွဲလျက်
မခွဲစိတ်ထား၊ ညီညွတ်အားဖြင့်
ရန်များဝေးကွာ နေလျက်သာတည်း။

➢ သို့ပါသော်လည်း၊ နှောင့်ယှက်တွဲလျက်
သွေးခွဲလှုံ့ဆော်၊ မသူတော်တို့
ရပ်ကျော်ဝေးက၊ ဖျက်လာကြသည်
ပြည်ပအဖျက်၊ သည်စနက်ကို
လက်သင့်မခံ၊ တို့အားမာန်ဖြင့်
မြန်မာအကြောင်း ပြကြစို့။

➢ အဖျက်ကိုရှင်း၊ အောင်မြင်ခြင်းကို
ချက်ချင်းရလာ၊ ကောင်းကျိုးဖြာလိမ့်
သင့်ရာခါခွင့်၊ ဉာဏ်ရှုချင့်၍
မြင့်မြင့်ကြံပါ ဆွေသဟာ။
ဝင့်ထည်စည်ဖြာ တို့ပြည်သာ။ ။

**မောင်သန်းညွှန့်(မြစ်ခြေ)**

## မြို့နယ်အလိုက် အခြေခံစားသောက်ကုန်စည်ဈေးနှုန်းများ


၂၃-၄-၂၀၂၄

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ပေါ်ဆန်း | ညွှန့်မထ | ငစိန် | ပဲဆီ | ကြက်သွန်နီ | ကြက်သွန်ဖြူ | အာလူး | ငရုတ်ခြောက် | ကြက် | ဝက် | ငါးမြစ်ချင်း | အာပုံခြောက် | ကြက်ဥ တစ်လုံး | ဘဲဥ တစ်လုံး |
| ၁ | နေပြည်တော် | ၇၈၀၀ | ၃၆၀၀ | ၂၆၀၀ | ၁၅၀၀၀-၁၆၀၀၀ | ၃၀၀၀ | ၁၁၀၀၀-၁၂၀၀၀ | ၃၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀-၁၄၅၀၀ | ၁၀၀၀၀ | ၂၉၀၀၀ | ၂၅၀ | ၃၅၀ |
| ၂ | ရန်ကုန် | ၈၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | ၂၅၀၀-၃၅၀၀ | ၁၃၀၀၀-၂၀၀၀၀ | ၂၆၀၀-၃၀၀၀ | ၁၆၀၀၀-၁၇၀၀၀ | ၁၁၀၀၀-၁၂၀၀၀ | ၁၄၀၀၀-၁၆၀၀၀ | ၈၅၀၀-၁၀၀၀၀ | ၂၄၀၀၀-၃၀၀၀၀ | ၂၅၀-၃၀၀ | ၃၂၀-၃၅၀ |
| ၃ | မန္တလေး | ၇၅၀၀ | ၄၆၀၀ | - | ၁၈၀၀၀ | ၂၈၀၀ | ၁၀၀၀၀-၁၁၀၀၀ | ၄၀၀၀ | ၁၉၀၀၀-၂၀၀၀၀ | ၁၃၀၀၀ | ၁၇၀၀၀-၁၈၀၀၀ | - | ၁၆၀၀၀ | ၂၅၀ | ၃၅၀ |
| ၄ | လားရှိုး | ၁၀၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၁၉၀၀၀-၂၀၀၀၀ | ၄၅၀၀ | ၁၀၀၀၀-၁၁၀၀၀ | ၅၀၀၀ | ၂၀၀၀၀-၂၂၀၀၀ | ၁၃၀၀၀ | ၁၉၀၀၀-၂၀၀၀၀ | ၁၁၀၀၀ | ၂၇၀၀၀ | ၂၅၀ | ၄၀၀ |

မှတ်ချက်။ ။အထက်ပါဈေးနှုန်းများသည် အချိန်နှင့်အမျှပြောင်းလဲနိုင်ပါသည်။

# အင်ဒိုနီးရှားနိုင်ငံ၏ ၂၀၂၄ ခုနှစ် အထွေထွေရွေးကောက်ပွဲ

**လင်းညို**




**နိဒါန်း**

အင်ဒိုနီးရှားနိုင်ငံသည် အရှေ့တောင်အာရှရှိ နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ကမ္ဘာပေါ်တွင် စတုတ္ထမြောက်လူဦးရေအများဆုံးနိုင်ငံဖြစ်သည်။ သမ္မတရွေးကောက်ပွဲ၊ လွှတ်တော်ရွေးကောက်ပွဲများနှင့် ဒေသန္တရရွေးကောက်ပွဲများကို တစ်ပြိုင်တည်းကျင်းပသည်။ ၁၉၉၈ ခုနှစ်တွင် အာဏာရှင်စနစ်ပြီးဆုံးပြီးနောက် ၂၀၀၄ ခုနှစ်မှစ၍ သမ္မတရွေးကောက်ပွဲနှင့် လွှတ်တော်ရွေးကောက်ပွဲများကို တိုက်ရိုက်ရွေးကောက်တင်မြှောက်ခြင်းနည်းလမ်းများဖြင့်ကျင်းပခဲ့ရာ ယခုအကြိမ်သည် (၅) ကြိမ်မြောက် ကျင်းပခြင်းဖြစ်သည်။ ပြန့်ကျဲနေသောကျွန်းပေါင်း ၁၇၀၀၀ ကျော်နှင့် လူမျိုးစုပေါင်း ၁၃၀၀ ကျော်ရှိပြီး လူဦးရေသန်း ၂၇၀ ကျော်ရှိသည့် နိုင်ငံတစ်နိုင်ငံလည်းဖြစ်သည်။ မဲပေးပိုင်ခွင့်ရှိသူ သန်း ၂၀၀ ကျော်ရှိပြီး ရွေးကောက်ပွဲများကို တစ်ပြိုင်တည်းကျင်းပခြင်းကြောင့် ကမ္ဘာ့အကြီးဆုံးတစ်ရက်တာရွေးကောက်ပွဲဟု လူသိများသည်။ ယခင်က ဒီမိုကရေစီပွဲတော်ဟုပင် တင်စားခေါ်ဝေါ်ကြသည်။

**ရွေးကောက်ပွဲစီမံခန့်ခွဲရေးအဖွဲ့များ**

အင်ဒိုနီးရှားနိုင်ငံတွင် ရွေးကောက်ပွဲများကျင်းပရန်အတွက် ရွေးကောက်ပွဲစီမံခန့်ခွဲမှုဆိုင်ရာ အဖွဲ့အစည်း ၃ ခုရှိသည်။ အထွေထွေရွေးကောက်ပွဲကော်မရှင် The General Election Commission (KPU)၊ ရွေးကောက်ပွဲကြီးကြပ်ရေးအဖွဲ့ The Election Oversight Body (Bawaslu) နှင့် ရွေးကောက်ပွဲစီမံခန့်ခွဲရေးကောင်စီ The Honorary Council of Election Management Bodies (DKPP) တို့ဖြစ်သည်။

အထွေထွေရွေးကောက်ပွဲကော်မရှင် (KPU) သည် ပြည်ထောင်စုအဆင့်နှင့် ဒေသဆိုင်ရာ ရွေးကောက်ပွဲများကို ဦးဆောင်ကျင်းပပေးရသော လွတ်လပ်သည့် အဖွဲ့အစည်းဖြစ်ပြီး အဖွဲ့ဝင် ၇ ဦးဖြင့် ဖွဲ့စည်းထားသည်။ ကော်မရှင်အဖွဲ့ဝင်များအား သမ္မတမှခန့်အပ်ထားပြီး သက်တမ်းမှာ ၅ နှစ်ဖြစ်သည်။ KPU ၏ အတွင်းရေးမှူးချုပ်ကို ကော်မရှင်မှ အမည်စာရင်းတင်သွင်းပြီး သမ္မတမှ ၅ နှစ်သက်တမ်းအတွက် ခန့်အပ်ခြင်းဖြစ်သည်။ အတွင်းရေးမှူးချုပ်သည် စီမံခန့်ခွဲရေးဆိုင်ရာလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရခြင်းဖြစ်သည်။

ရွေးကောက်ပွဲကြီးကြပ်ရေးအဖွဲ့ (Bawaslu) သည် ရွေးကောက်ပွဲများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြီးကြပ်ရသည့်အဖွဲ့အစည်းဖြစ်သည်။ Bawaslu အဖွဲ့ကိုလည်း KPU ကဲ့သို့ပင် ရွေးချယ်၍ သက်တမ်းမှာ ၅ နှစ်ဖြစ်သည်။ ပြည်နယ်နှင့်စီရင်စုအဆင့်များသည် အမြဲတမ်းအဖွဲ့အစည်းများဖြစ်ပြီး ပြည်နယ်တစ်ခုလျှင် အဖွဲ့ဝင် ၃ ဦးဖြင့် ဖွဲ့စည်းထားသည်။ စီရင်စုအောက်ရှိအဆင့်များ၌ အဖွဲ့ဝင်များသည် အမြဲတမ်းအဖွဲ့ဝင်များမဟုတ်ပေ။ မြို့နယ်အဆင့်တွင် ၃ ဦး၊ ခရိုင်ခွဲအဆင့်တွင် ၃ ဦး၊ ရပ်ကွက်/ကျေးရွာအုပ်စုတစ်ခုလျှင် မြေပြင်ကွင်းဆင်းစစ်ဆေးရေးအရာရှိ ၁ ဦးစသည်ဖြင့် ဖွဲ့စည်းထားသည်။ ရွေးကောက်ပွဲဆိုင်ရာအငြင်းပွားမှုများကို Bawaslu သို့တင်သွင်းရပြီး ရွေးကောက်ပွဲစီမံခန့်ခွဲရေးကောင်စီ (DKPP) နှင့် ရဲဌာန သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတို့နှင့် သင့်လျော်သလို ပူးပေါင်းဖြေရှင်းဆောင်ရွက်ရသည်။

ရွေးကောက်ပွဲစီမံခန့်ခွဲရေးကောင်စီ (Dewan Kehormatan Penyelenggara Pemilu - DKPP) သည် KPU အဖွဲ့ဝင်များနှင့် Bawaslu အဖွဲ့ဝင်များ ကျင့်ဝတ်ဆိုင်ရာ ဖောက်ဖျက်ကျူးလွန်မှုကို စစ်ဆေးဆုံးဖြတ်ရန် ဖွဲ့စည်းထားသည့် အမျိုးသားအဆင့်ကျင့်ဝတ်ထိန်းသိမ်းရေးကောင်စီတစ်ခုဖြစ်သည်။ DKPP ၏ သက်တမ်းမှာ ၅ နှစ်ဖြစ်ပြီး KPU အဖွဲ့ဝင် ၁ ဦး၊ Bawaslu အဖွဲ့ဝင် ၁ ဦးနှင့် ဒေသန္တရအကြီးအကဲ ၅ ဦးဖြင့် ဖွဲ့စည်းထားသည်။

**နိုင်ငံရေးပါတီများ**

ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် နိုင်ငံရေးပါတီများသည် ပြည်နယ်အတွင်းရှိ ဒေသန္တရအုပ်ချုပ်ရေးနယ်မြေတွင် ပါတီရုံးခွဲ ၇၅ ရာခိုင်နှုန်းနှင့် ယင်းနယ်မြေအတွင်းရှိ ခရိုင်များတွင် ၅၀ ရာခိုင်နှုန်း ဖွင့်လှစ်ရမည်ဖြစ်သည်။ ဥပဒေနှင့် လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာနမှ ၂၀၂၂ ခုနှစ် ဧပြီလ၌ ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၇၅ ပါတီမှ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သည်။ ယင်းအနက် ၂၄ ပါတီသာ KPU သို့ အမည်စာရင်းတင်သွင်းကြသည်။ KPU သည် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိသည့် ပါတီ ၁၇ ပါတီရှိကြောင်း ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ကြေညာခဲ့ရာ ဝင်ရောက်ယှဉ်ပြိုင်ခွင့် ငြင်းပယ်ခံရသည့် The Ummah Party မှ Bawaslu အဖွဲ့ထံသို့အယူခံဝင်ခဲ့သည်။ ပါတီ၏ အယူခံဝင်ချက်ကို လက်ခံပြီး KPU ကို နောက်တစ်ကြိမ်စိစစ်စစ်ဆေးရန် ညွှန်ကြားခဲ့ရာ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် The Ummah Party အား ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိကြောင်း ကြေညာခဲ့ခြင်းကြောင့် ၂၀၂၄ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ပါတီ ၁၈ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

**ရွေးကောက်ပွဲများကျင်းပခြင်း**

သမ္မတရွေးကောက်ပွဲကို Majority Vote - Two Round System ဖြင့်လည်းကောင်း၊ အောက်လွှတ်တော်ကိုယ်စားလှယ်များကို တစ်ဦးထက်ပို၍ ရွေးကောက်တင်မြှောက်ခွင့်ရှိသော မဲဆန္ဒနယ် ၇၇ နယ်မှ ကိုယ်စားလှယ် ၅၈၀ ဦးကို Open List PR စနစ်ဖြင့်လည်းကောင်း၊ အထက်လွှတ်တော်ကိုယ်စားလှယ်များကို ပြည်နယ် ၃၈ ခုအား မဲဆန္ဒနယ်တစ်နယ်စီသတ်မှတ်၍ ပြည်နယ်တစ်ခုလျှင် ၄ ဦးနှုန်းဖြင့် ကိုယ်စားလှယ် ၁၅၂ ဦးကို List PR စနစ်ဖြင့်လည်းကောင်း တိုက်ရိုက်ရွေးကောက်တင်မြှောက်ကြသည်။ လွှတ်တော်အတွင်း ကိုယ်စားလှယ်နေရာရရှိရေးအတွက် နိုင်ငံရေးပါတီများအနေဖြင့် အနိမ့်ဆုံးခိုင်လုံမဲသတ်မှတ်ချက် ၄ ရာခိုင်နှုန်း ရရှိရန်လိုအပ်သည်။ ရွေးကောက်ပွဲဥပဒေအရ သမ္မတလောင်းတစ်ဦးသည် နိုင်ငံလုံးဆိုင်ရာဆန္ဒမဲ အနည်းဆုံး ၅၀ ရာခိုင်နှုန်းနှင့် ပြည်နယ်တစ်ခုစီတွင် အနည်းဆုံး ၂၀ ရာခိုင်နှုန်း ရရှိရန်လိုအပ်သည်။ အနည်းဆုံး ခိုင်လုံမဲ ၅၀ ရာခိုင်နှုန်း မရရှိပါက ဒုတိယအကျော့ရွေးကောက်ပွဲတွင် အများဆုံးရရှိသည့် ကိုယ်စားလှယ်လောင်း ၂ ဦး ယှဉ်ပြိုင်ရမည်ဖြစ်သည်။

နိုင်ငံရေးပါတီများအနေဖြင့် သမ္မတလောင်းအမည်စာရင်းတင်သွင်းရာတွင် ပြီးခဲ့သည့်ရွေးကောက်ပွဲ၌ အောက်လွှတ်တော် DPR တွင် ကိုယ်စားလှယ်နေရာ အနည်းဆုံး ၂၀ ရာခိုင်နှုန်း ရရှိသည့်ပါတီ သို့မဟုတ် ညွန့်ပေါင်းအဖွဲ့မှ တင်သွင်းနိုင်သည်။ သို့မဟုတ် ပြီးခဲ့သည့်ရွေးကောက်ပွဲတွင် လူထုထောက်ခံမဲ ၂၅ ရာခိုင်နှုန်း ရရှိမှသာ အမည်စာရင်းတင်သွင်းနိုင်သည်။ သမ္မတလောင်းသည် အသက် ၄၀ နှစ်ပြည့်ပြီး အင်ဒိုနီးရှားနိုင်ငံတွင် အနည်းဆုံး ၅ နှစ် အခြေချနေထိုင်သူဖြစ်ရမည်ဖြစ်ပြီး နိုင်ငံခြားသားအဖြစ် ခံယူထားသူမဖြစ်ရပါ။

**နေ့ရက်များသတ်မှတ်ခြင်း**

လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်းကို ၂၀၂၃ ခုနှစ် ဧပြီလ ၂၄ ရက်နေ့တွင်လည်းကောင်း၊ သမ္မတနှင့် ဒုတိယသမ္မတလောင်းများ အမည်စာရင်းတင်သွင်းခြင်းကို ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၁၉ ရက်နေ့တွင်လည်းကောင်း တင်သွင်းနိုင်ပြီး ကိုယ်စားလှယ်လောင်းအားလုံးအတွက် အမည်စာရင်းတင်သွင်းနိုင်သည့်နောက်ဆုံးနေ့ရက်မှာ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၅ ရက်နေ့ဖြစ်သည်။ မဲဆွယ်စည်းရုံးခွင့်ကာလကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့မှ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့အထိ ရက်ပေါင်း ၇၅ ရက် သတ်မှတ်ထားပြီး မဲဆွယ်စည်းရုံးခြင်းမပြုလုပ်ရသည့်နေ့ (Silent Day) အဖြစ် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့မှ ၁၃ ရက်နေ့အထိ သတ်မှတ်ထားသည်။ ဒုတိယအကျော့ သမ္မတရွေးကောက်ပွဲကျင်းပရပါက မဲဆွယ်စည်းရုံးခွင့်ကာလကို ၂၀၂၄ ခုနှစ် ဇွန်လ ၂ ရက်နေ့မှ ၂၂ ရက်နေ့အထိ ၂၁ ရက်သတ်မှတ်ထားပြီး Silent Day သည် ၂၀၂၄ ခုနှစ် ဇွန်လ ၂၃ ရက်မှ ၂၅ ရက်ထိဖြစ်သည်။ သမ္မတရွေးကောက်ပွဲ၌ အနိုင်အရှုံးမပြတ်သားမှသာ ဒုတိယအကျော့ရွေးကောက်ပွဲကို ဇွန်လ ၂၆ ရက်နေ့တွင် ကျင်းပသွားမည်ဖြစ်သည်။ အောက်တိုဘာလတွင် သမ္မတသစ်ကျမ်းကျိန်ဆိုပွဲပြုလုပ်သွားမည်ဖြစ်သည်။

**မဲပေးခြင်း**

အသက် ၁၇ နှစ်ပြည့်ပြီး အင်ဒိုနီးရှားနိုင်ငံသားများ မဲပေးပိုင်ခွင့်ရှိသည်။ အသက်မပြည့်သေးသော်လည်း အိမ်ထောင်ပြုပြီးသူဖြစ်ပါက မဲပေးပိုင်ခွင့်ရှိသည်။ တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များသည် မဲပေးပိုင်ခွင့်မရှိပေ။ မဲပေးပိုင်ခွင့်ရှိသူ သန်း ၂၀၀ ကျော်ရှိသည့်အနက် ထက်ဝက်ကျော်ခန့်သည် အသက် ၄၀ အောက် လူငယ်လူရွယ်များဖြစ်ပြီး ၎င်းတို့အနက် သုံးပုံတစ်ပုံခန့်သည် အသက် ၃၀ အောက်လူငယ်များဖြစ်ကြ၍ ကိုယ်စားလှယ်လောင်းများအနေဖြင့် "လူငယ်မဲ"သည် အရေးကြီးသည့်အတွက် လူမှုကွန်ရက်မှတစ်ဆင့် လူငယ်လူရွယ်များကို ပစ်မှတ်ထား၍ စည်းရုံးမှုများပြုလုပ်ခဲ့ကြသည်။ မဲဆန္ဒရှင်များထံသို့ ရွေးကောက်ပွဲမကျင်းပမီ ၅ ရက်ခန့်အလိုတွင် မဲရုံတည်နေရာပါရှိသော မဲဆန္ဒရှင်သက်သေခံကတ်ပြား ပေးပို့ထားပြီး မဲပေးလာသည့်အခါ ယင်းသက်သေခံကတ်ပြားနှင့်အတူ နိုင်ငံသားစိစစ်ရေးကတ် သို့မဟုတ် ပတ်စ်ပို့ကတ်ကို မဲရုံသို့ ယူဆောင်လာခဲ့ရမည်ဖြစ်သည်။

စာမျက်နှာ ၁၄ သို့ ➤




မဲဆန္ဒရှင်တစ်ဦးမှ မဲပေးနေပုံ

**အင်ဒိုနီးရှားနိုင်ငံသည် သမ္မတကို ပြည်သူမှတိုက်ရိုက်ရွေးကောက်တင်မြှောက်သည့်အတွက် ပါတီ၏ကျောထောက်နောက်ခံထက် သမ္မတလောင်း၏အရည်အချင်းပေါ်တွင် များစွာမူတည်နေသည်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ၏ထက်ဝက်ခန့်သည် လူငယ်လူရွယ်များဖြစ်သည့်အတွက် ရွေးကောက်ပွဲရလဒ်၏အဆုံးအဖြတ်သည် အင်ဒိုနီးရှားလူငယ်များအပေါ် များစွာမှီတည်နေသည်ကို သိရှိရသည်။**

နေပြည်တော် ဧပြီ ၂၃

# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ ဝန်ထမ်းများနှင့်တွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ရုံးအမှတ် (၃) အစည်းအဝေးခန်းမ (၂) ၌ ဝန်ကြီးဌာန၏ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအနေဖြင့် နှစ်သစ်တွင် ရုံးလုပ်ငန်းတာဝန်များကို အားသစ်၊ မာန်သစ်၊ ခွန်အားအပြည့်ဖြင့် ဆောင်ရွက်ကြစေလိုပါကြောင်း၊ ယခင်နှစ်ကကြုံတွေ့ခဲ့ရသည့် အားနည်းချက်၊ အားသာချက်များအပေါ် ပြန်လည်သုံးသပ်စိစစ်ပြီး ယခုဘဏ္ဍာနှစ်တွင် ပို့ကုန်လျာထားချက်ပြည့်မီကျော်လွန်အောင် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ပို့ကုန်တိုးမြှင့်နိုင်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများအတိုင်း လိုက်နာဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ၏ ကျင့်ဝတ်သိက္ခာနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်နှင့် အခြားဝန်ကြီးဌာနများမှဖွင့်လှစ်သည့် သင်တန်းများသို့ တက်ရောက်ရာတွင် စံပြဆု သုံးဦး၊ ပထမဆု သုံးဦး၊ ဒုတိယဆု ငါးဦးနှင့် တတိယဆု တစ်ဦးရရှိသကဲ့သို့ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင်လည်း အရည်အသွေးပြည့်ဝစွာ ထူးချွန်အောင် ကြိုးစားဆောင်ရွက်သွားစေလိုပါကြောင်းနှင့်သင်တန်းများတွင် ထူးချွန်ပြီး စံပြဖြစ်ရုံသာမက လုပ်ငန်းခွင်တွင်လည်း စံပြဖြစ်အောင်ကြိုးစားသွားကြရန် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးမင်းမင်းက ဝန်ကြီးဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် လက်ရှိအခြေအနေနှင့် ကိုက်ညီသည့် လုပ်ငန်းစဉ်များကို ချမှတ်ရေးဆွဲသွားရန်လိုအပ်ပါကြောင်း၊ ပို့ကုန်/သွင်းကုန် မူဝါဒတစ်ခုတည်းကိုသာမဟုတ်ဘဲ အခြားဆက်စပ်သည့် မူဝါဒများကိုပါ နားလည်သဘောပေါက်စေရန် လေ့လာသွားကြရမည်ဖြစ်ကြောင်းနှင့် ဦးစီးဌာနများအနေဖြင့် ဝန်ကြီးဌာန၏ လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ လုပ်ငန်းများအောင်မြင်စွာပြီးမြောက်အောင် ကြိုးပမ်းဆောင်ရွက်သွားရန်မှာကြားပြီး ဦးစီးဌာနအလိုက် ညွှန်ကြားရေးမှူးချုပ်များက လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

တွေ့ဆုံပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်ဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)



နေပြည်တော် ဧပြီ ၂၃

# ဥပ္ပါတသန္တိသုတ် ပရိတ်တော်ကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအခမ်းအနားကျင်းပ



နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် ဥပ္ပါတသန္တိသုတ် ပရိတ်တော်ကျမ်းမြတ်ရွတ်ဖတ်ပူဇော်ပွဲကို ဧပြီလ ၁၉ ရက်မှ ၂၃ ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပပူဇော်ခဲ့သည်။

ဥပ္ပါတသန္တိ ပရိတ်တော်ကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရင်ပြင်တော် ဓမ္မာရုံအတွင်း၌ကျင်းပရာ ပျဉ်းမနားမြို့ အုန်းတောပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တအာသဘနှင့်သံဃာတော်ခြောက်ပါး၊ နံတော်စဉ်ပရိယတ္တိစာသင်တိုက်မှ သံဃာတော်ခြောက်ပါး စုစုပေါင်း ၁၃ ပါးကြွရောက်ချီးမြှင့်တော်မူကြပြီး နေပြည်တော်သာသနာရေးမှူး၊ စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ တပ်နယ်ဝတ်အသင်းသူများ၊ ဂေါပကအဖွဲ့ရုံးဝန်ထမ်းများတက်ရောက်ကြည်ညိုကြသည်။

ဦးစွာ အုန်းတောပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော်ထံမှ ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်၍ ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော ရတနသုတ်၊ မေတ္တာသုတ်ပရိတ်တရားတော်ကို နာယူကြပြီး တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဗိုလ်လောင်းအမှတ်စဉ် (၁၁၁) ကျောင်းဆင်းအရာရှိများက (၁၆) နှစ်မြောက်နှစ်ပတ်လည်နေ့အတွက် စေတီတော်မြတ်ကြီးသို့ ရေငွေ့သုံးပန်ကာကြီး ငါးလုံးလှူဒါန်းကာ ဆရာတော်၊ သံဃာတော်များအား ဆွမ်း၊ အအေးငါးရက်စာ၊ နဝကမ္မအလှူတော်ငွေများအပါအဝင် စုစုပေါင်း အလှူတော်ငွေကျပ် ၅၃ သိန်းကို လှူဒါန်းကြသည်။

ယင်းနောက် အုန်းတောပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တအာသဘထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်းအမျှပေးဝေကြပြီး အခမ်းအနားကိုရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

## ပျားအုံများတွင် အတောင်လိပ်ရောဂါကျရောက်မှု ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ အပူချိန်လွန်ကဲမှုကြောင့် မေလမှ ဇူလိုင်လအတွင်း မွေးမြူရေး(ဥရောပ)ပျားအုံများတွင် အတောင်လိပ်ရောဂါကျရောက်တတ်ပြီး အဆိုပါအတောင်လိပ်ရောဂါကျရောက်မှုကြောင့် သက်ငယ်ပျားများ (Nurse Bees) ဆုံးရှုံးကာ ပျားအုံဖွံ့ဖြိုးတိုးတက်မှုကိုထိခိုက်နိုင်ပါသည်။

၂။ သို့ဖြစ်ပါ၍ ပျားမွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် အတောင်လိပ်ရောဂါကျရောက်မှုမှကာကွယ်နိုင်ရန် အောက်ဖော်ပြပါအချက်များကို ဂရုပြုလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မေ၊ ဇွန်၊ ဇူလိုင်လတို့တွင် အပူချိန်မြင့်မားသည့်အတွက် ပျားအုံများကို အရိပ်ကောင်းမွန်သည့် နေရာများတွင် ချထားမွေးမြူရန်။
(ခ) ကပ်ပါးမွှားရောဂါ ကင်းစင်ရေးဆောင်ရွက်ရန်။
(ဂ) ပျားသောက်ရေလုံလောက်စွာရရှိရေးဆောင်ရွက်ရန်။
(ဃ) ပျားအုံများ လေဝင်လေထွက်ကောင်းမွန်အောင် ဆောင်ရွက်ရန်။
(င) ပျားအုံများအတွင်း သားလောင်းနှင့် သားထိန်းပျားများ အချိုးအစားညီမျှအောင် ဆောင်ရွက်ရန်။
(စ) သကြားနှင့်ရေကို သတ်မှတ်ထားသည့် အချိုးအစားဖြင့်ဖျော်စပ်ပြီး ဆားအနည်းငယ်ထည့်၍ တိုက်ကျွေးရန်။
(ဆ) ပျားသလက်ဘောင်အသစ်များဖြင့် မွေးမြူနိုင်ရေးဆောင်ရွက်ရန်။
(ဇ) ရောဂါကျရောက်ဖြစ်ပွားနေကြောင်းသိရှိပါက နီးစပ်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ပျားမွေးမြူမှုဖွံ့ဖြိုးရေးတာဝန်ခံရုံးနှင့် မြန်မာနိုင်ငံပျားလုပ်ငန်းအသင်းထံသို့ ဆက်သွယ်အကြောင်းကြား၍ ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

နေပြည်တော် ဧပြီ ၂၃

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ အသိပညာပေးဟောပြောပွဲကျင်းပ

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ အသိပညာမျှဝေခြင်းအစီအစဉ် Knowledge Sharing Program အရ "လုပ်ငန်းခွင်အတွင်း စိတ်ဖိစီးမှုလျှော့ချရေးနှင့် လုပ်ငန်းခွင်သာယာရေး"ခေါင်းစဉ်ဖြင့် အသိပညာပေးဆွေးနွေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး Conference Room ၌ ကျင်းပသည်။

အသိပညာပေးဆွေးနွေးဟောပြောပွဲ၌ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် မကြာသေးခင်အချိန်က ကျန်းမာရေးဝန်ကြီးဌာန၊ လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနနှင့်ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဟောပြောမှုများကို သူနာပြုတက္ကသိုလ်၊ ရန်ကုန်နှင့် မန္တလေးတို့တွင် အောင်မြင်စွာပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းဆွေးနွေးပွဲတွင် လူ့အခွင့်အရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆက်စပ်မှု၊ အသက်ရှင်သန်ခွင့်အတွက် ကျန်းမာရေးစောင့်ရှောက်မှုအရေးကြီးပုံတို့ကို ထည့်သွင်းဟောပြောခဲ့ပါကြောင်း၊ ယနေ့ဟောပြောပွဲတွင် လုပ်ငန်းခွင်အတွင်း စိတ်ဖိစီးမှုလျှော့ချရေးနှင့် ထိန်းသိမ်းခြင်းများကို မည်သို့ဆောင်ရွက်ရမည်ကို လေ့လာခွင့်ရကြပြီး ကော်မရှင်၏အဓိကလုပ်ငန်းကြီး (၂)ရပ်ဖြစ်သည့် လူ့အခွင့်အရေးမြှင့်တင်ခြင်းနှင့် ကာကွယ်ခြင်းလုပ်ငန်းကဏ္ဍများတွင် ပိုမိုထိရောက်အောင်မြင်အောင် ဆောင်ရွက်သွားရန် အထောက်အကူပြုနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ယနေ့ဟောပြောဆွေးနွေးမည့် အကြောင်းအရာများသည် လူတိုင်းသိရှိထားသင့်သော အရေးကြီးသည့် ခေါင်းစဉ်ဖြစ်ခြင်းကြောင့် တက်ရောက်လာကြသည့် ဝန်ထမ်းများက သေချာစွာမှတ်သားလေ့လာသွားရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်သူနာပြုတက္ကသိုလ်မှ ကထိက ဒေါ်အိအိဆွေက "လုပ်ငန်းခွင်အတွင်း စိတ်ဖိစီးမှုလျှော့ချရေးနှင့် လုပ်ငန်းခွင်သာယာရေး" ခေါင်းစဉ်ဖြင့် ကျန်းမာရေးအကြောင်း အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ စိတ်ကျန်းမာရေးအကြောင်း သိကောင်းစရာများ၊ လုပ်ငန်းခွင်အတွင်း စိတ်ဖိစီးမှုဖြစ်ရသည့် အကြောင်းအရာများ၊ စိတ်ဖိစီးမှုများတိုင်းတာခြင်း၊ လုပ်ငန်းခွင်အတွင်း စိတ်ဖိစီးမှုလျှော့ချရာတွင် ဆောင်ရွက်ရမည့် အပြုအမူများနှင့် နည်းလမ်းများ စသည်တို့ကို အကျယ်တဝင့်ရှင်းလင်းဆွေးနွေးခဲ့ပြီး စိတ်ဖိစီးမှုလျှော့ချရေး လက်တွေ့သရုပ်ပြမှုများကို ပြုလုပ်ပြီး တက်ရောက်လာကြသည့် အရာထမ်း/အမှုထမ်းများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြသည်။

ဟောပြောပွဲကို ကော်မရှင်ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးချုပ်နှင့် ရုံးခွဲများမှ အရာထမ်း/အမှုထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

နေပြည်တော်  ဧပြီ  ၂၃

# ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံတိုးတက်ထုတ်လုပ်ရေး၊ ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှု၊ ချည်မျှင်နှင့်အထည်အလိပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံ တိုးတက်ထုတ်လုပ်ရေး၊ ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှု၊ ချည်မျှင်နှင့် အထည်အလိပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ဦးစီးမှူးများ၊ စက်ရုံမှူးများက Virtual စနစ်ဖြင့် သတ်မှတ်နေရာအသီးသီးမှ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ တိုင်းဒေသကြီး/ပြည်နယ်များသို့ သွားရောက်ခဲ့သည့် ခရီးစဉ်များနှင့် အစိုးရအဖွဲ့အစည်းအဝေးများတွင် ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံတိုးတက်ထုတ်လုပ်ရေး၊ ထွက်ရှိလာသည့် ဆီထွက်သီးနှံများကို အပြည့်အဝကြိတ်ခွဲနိုင်ရေး၊ ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှု၊ ချည်မျှင်နှင့်အထည်အလိပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် ပတ်သက်သည့် လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ပြန်လည်ရှင်းလင်းပြောကြား သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ဆီထွက်သီးနှံများကို ဇုန်များသတ်မှတ်ပြီး စိုက်ပျိုး၍ ပန်းတိုင်အထွက်နှုန်းအတိုင်းထွက်ရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ပသို့ တင်ပို့ပြီး ကျန်ရှိသည့်ဆီထွက်သီးနှံများကို သက်ဆိုင်ရာလုပ်ငန်းရှင်များက အပြည့်အဝကြိတ်ခွဲ၍ စားသုံးဆီများထုတ်လုပ်နိုင်ရေးအတွက် စက်မှုဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များကို ကူညီဖြည့်ဆည်းစီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဆီထွက်သီးနှံနှင့်ပတ်သက်၍ စိုက်ဧက၊ ထွက်ရှိမည့်ပမာဏ၊ မြို့နယ်အသီးသီးတွင်တည်ရှိသည့် ဆီစက်အရေအတွက်၊ ကြိတ်ခွဲနိုင်သည့်စက်စွမ်းအား၊ လက်ရှိကြိတ်ခွဲထုတ်လုပ်နေမှု စသည်တို့ကို ကြိုတင်စာရင်းပြုစုတွက်ချက်ထားရမည်ဖြစ်ကြောင်း၊ စားသုံးဆီထုတ်လုပ်မှုလုပ်ငန်းများကို ကောင်းမွန်သည့် ထုတ်လုပ်မှုကျင့်စဉ်များနှင့်အညီ ထုတ်လုပ်မှသာ ဘေးအန္တရာယ်ကင်းရှင်းပြီး အရည်အသွေးကောင်းမွန်သော စားသုံးဆီများရရှိမည်ဖြစ်၍ စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ပြည်တွင်းဝါစိုက်ပျိုးထုတ်လုပ်မှုသည် ပြည်သူများ၏ ဝတ်ဆင်ရေးကဏ္ဍအတွက် လုံလောက်မှုရှိကြောင်းကို တွက်ချက်မှုများအရ သိရှိရကြောင်း၊ ဝန်ကြီးဌာနရှိ ဝါကြိတ်စက်များ၊ ချည်ထုတ်လုပ်သည့်စက်များ၊ အထည်ရက်လုပ်ခြင်း၊ ဆေးဆိုးပန်းရိုက်ခြင်းစသည့်လုပ်ငန်းများကို စက်စွမ်းအားပြည့်လည်ပတ်ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်ရုံများအနေဖြင့် ယခုနှစ်တွင် ထုတ်လုပ်ရန်လျာထားသည့် ပမာဏများအတိုင်း ထုတ်လုပ်နိုင်ရေးစီမံဆောင်ရွက်ရန်နှင့် လိုအပ်ချက်များရှိပါက ညှိနှိုင်းပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ထွက်ရှိလာသည့် ဝါများကို ပြည်ပသို့ တိုက်ရိုက်တင်ပို့ခြင်းအတွက် ဝါကြိတ်စက်များဖြင့် ကြိတ်ခွဲပြီး ဝါဂွမ်းမှ ချည်ထုတ်လုပ်တင်ပို့လျှင်ပိုမိုအကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ထွက်ရှိလာသည့် ဝါများကို အပြည့်အဝကြိတ်ခွဲနိုင်ရေးအတွက် ဝါကြိတ်စက်များ အဆင်သင့်လည်ပတ်နိုင်အောင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ ထွက်ရှိလာသည့် ဆီထွက်သီးနှံများနှင့် ဝါများကို အပြည့်အဝကြိတ်ခွဲ၍ ပြည်တွင်းစားသုံးမှုနှင့်ဝတ်ဆင်ရေးကဏ္ဍဖူလုံအောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။


ထို့နောက် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြည်တွင်းစားသုံးမှုဖူလုံရေးအတွက် Action Plan များ ရေးဆွဲဆောင်ရွက်သွားမည့် အခြေအနေ၊ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပံ့ပိုးဆောင်ရွက်ပေးမည့် အခြေအနေများကိုလည်းကောင်း၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ဝတ်ဆင်ရေးကဏ္ဍအတွက် နိုင်ငံပိုင်စက်ရုံများမှ ထုတ်လုပ်ဖြည့်ဆည်းပေးမည့်အခြေအနေ၊ အထည်အလိပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဖြည့်ဆည်းဆောင်ရွက်ပေးမည့် အခြေအနေတို့ကိုလည်းကောင်း၊ တက်ရောက်လာသူများက ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆောင်ရွက်ရမည့်နည်းလမ်းများ၊ အထည်အလိပ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းတာဝန်များကို စနစ်တကျဖြင့် အောင်မြင်စေရေးအတွက် လက်တွေ့ကျသည့် စီမံချက်များရေးဆွဲဆောင်ရွက်ရန်မှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

နေပြည်တော်  ဧပြီ  ၂၃

# တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကျောင်းများ ဇွန်လတွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်၍ ကြိုတင်ပြင်ထားကြပြီး ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူမှုအခွင့်အလမ်း အပြည့်အဝရရှိစေရေး ညီညီညွတ်ညွတ်ပူးပေါင်းဆောင်ရွက်ပေးကြရမည်



ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာညွန့်ဖေသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃) ရှိ အစည်းအဝေးခန်းမ၌ တက္ကသိုလ်ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တက္ကသိုလ်ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများနှင့် တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဧပြီလ ၂၂ ရက်တွင်ကျင်းပသော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၄) ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားခဲ့သည့် လမ်းညွှန်ချက်များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက **ဇွန်လတွင် အဆင့်မြင့်ပညာ၊ ဆရာအတတ်ပညာနှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၊ ကျောင်းများ ပြန်လည်ဖွင့်လှစ်မည်ဖြစ်၍ သန့်ရှင်းသာယာလှပရေး၊ ကျောင်းဝင်းရပ်ကောင်းမွန်ရေးနှင့် ပရိဘောဂများပြည့်စုံကောင်းမွန်စေရေးအတွက် ယခုကတည်းက ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရမည်**ဖြစ်ပါကြောင်းနှင့် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူမှုအခွင့်အလမ်းအပြည့်အဝရရှိစေရေး ညီညီညွတ်ညွတ်ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့ကျောင်းရှိစာကြည့်တိုက်များတွင် အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတများရရှိစေမည့် အကျိုးရှိထိရောက်သော စာအုပ်စာတမ်းများ ဖြည့်ဆည်းဆောင်ရွက်ကြစေလိုပါကြောင်း၊ အခြေခံပညာကျောင်းများတွင် စာသင်ကြားရုံသာမက အားကစားချိန်တွင် အမှန်တကယ် အားကစားပြုလုပ်ကြရန်နှင့် ကျောင်းစာကြည့်တိုက်တွင် စာဖတ်ရန် အချိန်ဇယားတွင် ထည့်သွင်းရေးဆွဲကျင့်သုံးကြရမည်ဖြစ်ပါကြောင်း၊ ကျောင်းများတွင် အားကစားပြိုင်ပွဲများကျင်းပပေးရန်နှင့် စုပေါင်းလုပ်ဆောင်သည့်အလေ့အကျင့်ကောင်းများ ရရှိရန်အတွက် အသင်းအဖွဲ့ဖြင့် ကစားရသည့် ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ လှေလှော်၊ ပြေးခုန်ပစ်အားကစားနည်းများ ကစားကြစေလိုပါကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့ကျောင်းသား၊ ကျောင်းသူများ အမှန်တကယ် ပညာတတ်စေရေး၊ ယဉ်ကျေးလိမ္မာ၍ အကျင့်စာရိတ္တကောင်းမွန်စေရေး၊ တိုင်းချစ်ပြည်ချစ်စိတ်နှင့် မျိုးချစ်စိတ်ရှိသူများ ဖြစ်စေရေးအတွက် ပြုစုပျိုးထောင်သင်ကြားပေးကြရမည်ဖြစ်ပါကြောင်း၊ **၂၀၂၅ ခုနှစ်တွင် အခြေခံပညာကျောင်းများတွင်သာမက တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင်လည်း လူရည်ချွန်မောင်မယ်များ ဝရွေးချယ်ဆောင်ရွက်သွားမည်**ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄)ကို ကျင်းပသွားမည်ဖြစ်ရာ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးက ညီညီညွတ်ညွတ်ဝိုင်းဝန်းလက်တွဲပါဝင်ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေအတွက်သာမက သင်ကြားသင်ယူမှုအရည်အသွေးကောင်းမွန်ရန်ကြီးကြပ်ပေးရေးနှင့် ကုန်ထုတ်လုပ်မှုအထောက်အကူပြု MSME သင်တန်းများ၊ MSME သုတေသနများ လုပ်ဆောင်ရေးအတွက် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက တည်ဆောက်ရေးလုပ်ငန်းများ အချိန်မီပြီးစီးရေးကြီးကြပ်ဆောင်ရွက်ကြရန်၊ ပူပြင်းသောရာသီဥတုနှင့် မုန်တိုင်းအန္တရာယ်များကိုသတိပြုဆောင်ရွက်ကြရန်၊ ဒီဇင်ဘာလတွင် အမျိုးသားအားကစားပြိုင်ပွဲကျင်းပမည်ဖြစ်၍ ကျောင်းတွင်းအားကစားပြိုင်ပွဲများကို စောစောကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ထားကြရန်မှာကြားသည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်း၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်၊ ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နှင်းကြည်တို့က အခြေခံပညာ၊ အဆင့်မြင့်ပညာ၊ ဆရာအတတ်ပညာကဏ္ဍရှိ တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများနှင့် ပညာရေးဒီဂရီကောလိပ်ကျောင်းများတွင် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းမှာကြားပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

နေပြည်တော် ဧပြီ ၂၃

# ကျိုင်းတုံမြို့နယ်၊ မိုင်းခွန်ကျေးရွာအုပ်စု၊ မိုင်းခွန်ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းတိုက်၌ ရှင်အပါး(၁၀၀)ရှင်ပြုအလှူတော်မဟာမင်္ဂလာပြုလုပ်



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းနှင့် တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များနှင့် ရှင်သာမဏေများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်၊ မိုင်းခွန်ကျေးရွာအုပ်စု၊ ရှင်အပါး (၁၀၀) ရှင်ပြုအလှူတော်မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မိုင်းခွန်ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်းတိုက်၌ ပြုလုပ်ရာ ကျိုင်းတုံမြို့၊ သံသရာအေးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ကောသလ္လ အမှူးပြုသော ဆရာတော်၊ သံဃာတော်များကြွရောက်တော်မူကြပြီး တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းနှင့် တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက သံသရာအေးကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး ကြွရောက်တော်မူလာကြသော ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကြွရောက်တော်မူကြသော ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး မိုင်းခွန်ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်းတိုက် သာသနာပြုဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကေသရမှ ကျေးဇူးတင်စကားပြောကြားကာ အလှူရှင်များထံသို့ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ကျိုင်းတုံမြို့၊ သာသနာ့ဝေပုလ္လကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိဇယထံမှ သာဓုအနုမောဒနာတရားနာယူကြည်ညိုကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။ ၎င်းနောက် တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များနှင့် ရှင်သာမဏေများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး တက်ရောက်လာကြသူများအား အကျွေးအမွေးများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

နေပြည်တော် ဧပြီ ၂၃

# ၂၀၂၄ ခုနှစ်၊ လူရည်ချွန်စုရပ်စခန်းအသီးသီးသို့သွားရောက်မည့် ရန်ကုန်တိုင်းဒေသကြီးမှ လူရည်ချွန်မောင်မယ်များအား ဂုဏ်ပြုတွေ့ဆုံပွဲကျင်းပပြုလုပ်




ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း လူရည်ချွန်မောင်မယ်များနှင့် ဆရာ၊ ဆရာမများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်စဉ်။

၂၀၂၄ ခုနှစ်၊ လူရည်ချွန်စုရပ်စခန်းအသီးသီးသို့သွားရောက်မည့် ရန်ကုန်တိုင်းဒေသကြီးမှ လူရည်ချွန်မောင်မယ်များအား ဂုဏ်ပြုတွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ လူရည်ချွန်မောင်မယ်များနှင့် ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လူရည်ချွန်မောင်မယ်များနှင့် ဆရာ၊ ဆရာမများအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ချီးမြှင့်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက လူရည်ချွန်မောင်မယ်များနှင့် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

နေပြည်တော် ဧပြီ ၂၃

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။ (မိုး/ဇလ)

နေပြည်တော် ဧပြီ ၂၃

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၇ ပေခန့်ရှိနိုင်သည်။

(မိုး/ဇလ)



လေကြောင်းလူငယ်သင်တန်းသား၊ သင်တန်းသူများအား နည်းပြများက လေ့ကျင့်သင်ကြားပေးနေမှုကိုတွေ့ရစဉ်။



ရေကြောင်းလူငယ်သင်တန်းသား၊ သင်တန်းသူများအား နည်းပြများက လေ့ကျင့်သင်ကြားပေးနေမှုကိုတွေ့ရစဉ်။

⏭ ကျောဖုံးမှအဆက်

လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့်တန်းမြင့်သင်တန်းများကို နေပြည်တော်ကောင်စီနယ်မြေရှိ နေပြည်တော်စခန်းတန်းခွဲ(၁) ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၅၉ ဦး၊ နေပြည်တော်စခန်းတန်းခွဲ(၂)ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၁၂၂ ဦး၊ ရန်ကုန်တိုင်းဒေသကြီးရှိ အင်းယားရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၉၇ ဦး၊ ကိုကိုးကျွန်းမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၄၃ ဦး၊ ဧရာဝတီတိုင်းဒေသကြီး၊ ဟိုင်းကြီးကျွန်းမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၁၅၅ ဦး၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၇၀ ဦး၊ တနင်္သာရီတိုင်းဒေသကြီး၊ ဟိန်းဇဲဒေသရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၆၀ ဦး၊ မြိတ်မြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၅၄ ဦး၊ ကျွန်းစုမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၅၂ ဦး၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၆၁ ဦးနှင့် ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၄၅ ဦးတို့ကို သက်ဆိုင်ရာနယ်မြေအသီးသီးမှတာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ တပ်မတော်(ရေ) ရေကြောင်းလူငယ်သင်တန်းစခန်း ၁၀ ခု၌ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၈၁၈ ဦးတို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

အလားတူ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းများကို သင်တန်းစခန်း ၁၇ ခုမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၈၅၀ ဦးတို့သည် ယနေ့တွင် အခြေခံစစ်ရေးပြဘာသာရပ်၊ လေကြောင်းပညာသမိုင်းဘာသာရပ်၊ လေယာဉ်ပျံသန်းမှုအခြေခံသဘောတရားဘာသာရပ်၊ လေကြောင်းဆိုင်ရာ အခြေခံဗဟုသုတများဘာသာရပ်၊ Airfield Procedure ဘာသာရပ်၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့်ဇာတိသွေး၊ ဇာတိမာန်ဘာသာရပ်၊ RC လေယာဉ်/ရဟတ်ယာဉ်မောင်းနှင်ခြင်းဘာသာရပ်နှင့် RC/Flight Simulator မောင်းနှင်ခြင်းဘာသာရပ်များကို သက်ဆိုင်ရာနယ်မြေအသီးသီးမှ တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းများ လေ့ကျင့်သင်ကြားပို့ချနေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

RICE INDUSTRY

# Myanmar's rice exports exceed 1.6 million tonnes in 2023-2024 FY



More than 1.6 million tonnes of rice and broken rice worth more than US$-840 million have been exported to foreign customer market countries in 2023-2024 FY, according to reports released by the Myanmar Rice Federation (MRF).

Although Myanmar exports and sells rice and broken rice to foreign customer markets every month, it will only export and sell broken rice, parboiled rice and high-grade rice, which are not consumed locally.

The MRF aimed to sell 2.5 million tonnes of rice and broken rice in the current (2023-2024) fiscal year, aiming to earn one billion US dollars in export revenue.

However, from April 2023 to the end of March 2024 in the 2023-2024 FY, only 1,686,259 tonnes of rice and broken rice worth US$-845.66 million were exported and sold.

In the export of rice and broken rice from Myanmar to foreign countries, there is moisture in the rainy season, so the export of rice tends to decrease, and the export of rice tends to increase during the open season. **SMK**

AGRICULTURE

# 10 districts of Mandalay Region complete cultivation of more than 33,800 acres of summer paddy

U Toe Min, Head of Mandalay Region Agriculture Department, said that more than 33,800 acres of farmlands have been placed under summer paddy in 10 districts of Mandalay Region.

These districts earmarked more than 88,900 acres of summer paddy this year, and local farmers have so far grown more than 33,800 acres of summer paddy. They used Manaw Thukha, Shwethweyin and GW 11 high yield paddy strains.

"Our department arranges availability of quality strains of paddy for local farmers to grow summer paddy. Moreover, we advise them to properly grow paddy in a systematic manner. We help farmers apply technology on combination of natural and chemical fertilizers in their farms. They operate their farmlands with the use of irrigated water, river water pumping facilities and underground water tapping process. Summer paddy fields will conclude their cultivation process by April," he explained.

Farmers cultivated summer paddy on 2,169 acres of farmlands in Kyaukse District, 2,124 acres in NyaungU District, 1,155 acres in TadaU District, 69 acres in Mahaaungmye District, 556 acres in Meiktila District, 2,150 acres in Myingyan District, 2,020 acres in Yamethin District, 8,083 acres in Thabeikkyin District, 7,376 acres in Amarapura District, and 63,247 acres in Aungmyethazan District

**SK**

SOCIAL

# FSD to give training for search and rescue course to people

U Zaw Win Tun, Director of Mandalay Region Fire Services Department, said that district level training courses on search and rescue in disasters will be conducted for the people in Mandalay Region in 2024-2025 financial year.

Earthquake, one of the intensified natural disasters, can cause loss of life and property for the people. As such, the training courses on search and rescue courses in natural disasters will be conducted in seven districts of Mandalay Region. Starting from this financial year, the department will give the two-week course to 50 trainees.

"Prevention of natural disasters cannot be done by Fire Services Department alone. It needs to cooperate with volunteers and philanthropic associations. So, we will conduct the search and rescue in earthquake course. So, trainees need to have capacity of skillfully handling the modern search and rescue equipment. The course aims to mitigate loss and waste in the earthquake. The course will be conducted in seven districts of the region," he added.

As natural disasters cannot be forecasted in advance, preparedness is being made for disaster earthquakes. Each course will admit 50 trainees. In coming financial year, the courses will take place in Meiktila, Aungmyethazan, Kyaukse, PyinOoLwin, Myingyan, NyaungU and Yamethin districts.

**SK**

FISHERY

# Plan underway to hatch six domestic fish species in 2024-2025 FY

Thayetgon fishery camp in Mandalay Region slates to hatch fingerlings of six rare domestic fish species at the camp in 2024-2025 financial year, said U Tun Naung Win, assistant director of the camp. Aimed at preventing depletion of domestic fish species, the fishery camp decided to collect domestic fingerlings and hatch them to reproduce. In 2023-2024 financial year, rohtee, sheat-fish and Labeo were hatched successfully. So, the camp prepares to hatch striped dwarf catfish, father back Natopertus, short-headed catfish, Crossochilus fish and so on will be hatched in 2024-2025 financial year.

"The camp breeds rare domestic fish species and hatches them. It aims to catch fish in natural water for ensuring fish food security and fish resource development. Moreover, local fishermen can earn incomes from fishery jobs," he explained.

The camp is hatching 10 kinds of fish including rohu, Shwewah sturgeon, tilapia and others. It will conduct research breeding of striped dwarf catfish, father back Natopertus, short-headed catfish, Crossochilus in coming financial year

**SMK**

TOURISM

# Singaung Hill crowded with visitors during Thingyan period

The number of people who went on vacation to Singaung Hill, one of the tourist attraction sites in Myanmar, has increased, according to those who have visited there.

Located on Kyaukse-Ywangan road near Mandalay, Singaung Hill was crowded during the Thingyan holidays.

During Thingyan, numbers of visitors, from elders to young people around the country, such as Yangon, Mandalay and Taunggyi, come there by car or motorcycle to take a bath in the Zawgyi River, which is near the mountain and go boating and photo shooting, and their visitors are still until now.

"We visited there together with friends in Thingyan. There were a lot of people who took a bath in the Zawgyi River. It is a beautiful place for photo shooting, so there were a lot of people who came to take photos. We had fun. I'm not sure it was thronged because it was Thingyan. People from Yangon, Mandalay and other regions came to take a vacation there," said one of the visitors to Singaung Hill.

Singaung Hill is located between Mandalay Region's Kyaukse Township and Shan State's Ywangan township. Through the Yangon-Mandalay Highway, visitors can go there along Hanmyintmo-Ywangan-Taunggyi Road, located beyond Kin Village. People from Mandalay can go there on a day trip.

"There are still visitors until now. People come here for relaxation. Singaung Hill is a new place for relaxation. We invite you to come here to relax. Here, people can enjoy nature. It is a beautiful place. The number of visitors has been larger these years," said a resident Ko Maung Ko.

The water of Zawgyi is clean, and there are riverfront restaurants where people can take a break while playing water in the river.

It is a must-visit place, especially during this hot summer. Officials warned visitors to take a bath in the river in the morning and evening only. **SK**

BUSINESS

# Wheat from Shan State in high trading in Mandalay market



U Set Maung Swe, secretary of Brokers, Merchants and Millers Maha Kahteindaw Association (Mandalay Commodity Depot), said that wheat produced from Shan State are active in trading of Mandalay market.

Newly-harvested wheat from Shan State flows into Mandalay market. Such kind of wheat will be booming in Mandalay market.

"Demands are rising to purchase newly-harvested wheat in Mandalay market. Hence, merchants from Taunggyi and Mandalay as well as other cities demand wheat in the domestic market," he continued.

On 28 March, new wheat from Shan state fetched Ks-152,000 per 60-viss bag in the Mandalay market.

Merchants from all parts of the nation demand wheat from Shan State. As such, wheat trading is booming in Mandalay market. **SK**

INDUSTRY

# Registration of manufacturing exceeds the target this financial year

U Win Bo, director of Mandalay Region Small-scale Industries Department, said that the department registered small-scale and manageable-scale industries in Mandalay Region exceeding the target of the department this financial year for manufacturing products.

The department allowed registration of 293 foodstuff industries, 11 clothing industries, 10 accommodation industries, 67 personal goods industries, three household industries, nine raw material industrials, 17 agricultural produce industries, six minerals industries, 26 transport vehicle assembling industries, 11 electronic industries, 11 machinery industries, and 126 general small-scale industries, totalling 590.

"We slated to register 445 industries of businesspersons this financial year but we have allowed registration of 590 industries. It aims to emerge small-scale industrial businesspersons in the region. So, we allow registration for manageable scale businesspersons to legally produce products in relevant areas," he explained.

In Mandalay Region, the department allows registration for the industries using 5Hp power with nine workers and more than three workers to operate handiworks, foodstuffs, personal and cosmetic industries, weaving, Myanmar traditional handicraft industries, and agro-based industries. **SMK**

BUSINESS

# Betel prices fall in the local market



Although the betel price increased during Thingyan, it dropped in the previous two days, according to betel leaf sellers.

The price of the most common betel leaves per viss rose from Ks-9,000-Ks-10,000 to Ks-20,000 during the Thingyan period.

"The most common betel leaf was sold at Ks-18,000 to Ks-20,000 per viss during Thingyan. In some areas, it went up to Ks-25,000. The price came down after Thingyan by Ks-1,000. For the last two days, the price was Ks-17,000 to Ks-18,000," said a betel retail shop owner.

Betel price may continue to fall in the later period, according to the market.

"To sell during Thingyan, some retailers from small towns bought betel for four or five days. When the stock ran out, the price shot up. Later, it can only go down. Betel price usually falls during the rainy season. In summer, the price goes up, but not very much," said a betel retailer from Kyaukse Township.

**SMK**

NORTH KOREA

# North Korea's leader guides first tactical drill simulating nuclear counterattack - KCNA

North Korean leader Kim Jong Un has guided the first combined tactical drill simulating nuclear counterattack with the use of 600 mm "super-large" multiple rocket launchers, North Korean state-run news agency KCNA reported on Tuesday.

The drill held on Monday was aimed at demonstrating the reliability, superiority, might and diverse means of North Korea's nuclear force and strengthening it "both in quality and quantity," the report said, adding that the exercise was "a clear warning signal to the enemies as it was conducted at a time when the enemies' military confrontation racket against the DPRK [Democratic People's Republic of Korea] is being committed with extremely provocative and aggressive nature."

The report also said that Pyongyang's "super-large" multiple rocket launchers are "to play an important role in substantially strengthening the prompt counterattack capacity of the state nuclear force and raising a war deterrent under the state's nuclear weapon combined management system 'Haekbangashoe.'"

The North Korean leader, accompanied by the country's senior officials, commanded the drill, KCNA reported. The drill was divided into an exercise to familiarize units with the procedure and process of switching over to a nuclear counterattack posture at a time when North Korea's Hwasanpalryong nuclear crisis system is activated, and a drill to operate the nuclear counterattack commanding system, the state media reported.

During the drill, units tasked with a nuclear counterstrike practiced the process and procedure for accomplishing their missions and fired projectiles from "super-large" multiple rocket launchers equipped with simulated nuclear warheads, the report further said. **Sputnik**

MALAYSIA

# Ten dead after military helicopters collide

Ten crew members from the Royal Malaysian Navy (TLDM) have died after their helicopters collided during a parade rehearsal on Tuesday morning.

The two aircraft crashed at the Lumut TLDM naval base while carrying out a flyby ahead of a 90th anniversary celebration, the navy said in a statement.

“All victims were confirmed dead on site and the remains were sent to TLDM Military Hospital for identification process,” the statement read, adding that an investigation had been launched into the cause of the incident.


Ten dead after military helicopters collide.

The two helicopters involved were an AgustaWestland AW139 helicopter and a lighter Eurocopter Fennec. One copter had seven crew on board, while the other had three.

The AW139 crashed onto the steps of a stadium while the Fennec went down at the pool of the base’s sports complex, according to local newspaper Malaymail.

The navy has called on the public to refrain from sharing videos and photos of the deceased to protect the sensitivity of the victims’ families.

**RT**

THAILAND

# Thailand welcomes 1.9 mln foreign tourists during Songkran festival

Thailand welcomed 1.92 million foreign tourist arrivals during the extended Songkran festival between April 1-21, a surge of 37.54 percent over a year earlier, giving a boost to the country's vital tourism industry, official data showed on Tuesday.

According to the Thai Ministry of Tourism and Sports, the Songkran festival generated 140.33 billion baht (3.78 billion U.S. dollars) in revenue over the 21-day celebration, as both local and international visitors enjoyed the festivities across the Southeast Asian nation.

China came in as the leading source of inbound tourists to Thailand during the period, with an 89.16 percent jump compared to the previous year, bringing in 395,830 visitors, followed by 298,263 from Malaysia, 114,330 from India, 104,538 from Russia and 84,539 from South Korea, the ministry said in a statement.

The rising number of inbound tourists was attributed to the government's efforts to facilitate travel, including the visa-free entry scheme and eased immigration procedures. The mutual visa exemption agreement between Thailand and China, effective from March 1, also helped boost confidence in travel between the two countries, the statement said.

**Xinhua**

CHINA

# Shenzhou-18 crewed spaceship ready for launch

The Shenzhou-18 crewed space mission completed its last joint practice before launch and the system-wide airtightness check on Tuesday.

The rocket and spacecraft have completed the electrical performance test, and the astronauts and all systems at the launch site have carried out the launch drill, with everything reported to be in good condition.

April is typically the windiest and sandiest month at the Jiuquan Satellite Launch Center in northwest China. The meteorological staff at the launch site have analyzed April's wind speed data over the past 10 years and mapped out multiple contingency response plans.

The spaceship will be launched in the coming days, the CMSA said. **Xinhua**

DJIBOUTI

# At least 16 dead, 28 missing after migrant boat capsizes off Djibouti coast

At least 16 migrants have died and 28 others are missing after a boat capsized off the coast of Djibouti, the International Organization for Migration (IOM) said Tuesday.

"Tragedy as boat capsizes off Djibouti coast with 77 migrants on board including children. At least 28 missing, 16 dead," the IOM said on X, formerly Twitter. The UN migration agency said it is assisting local authorities with search and rescue efforts.

The latest boat accident is one of many similar deadly calamities that have occurred along Djibouti's Red Sea coast area.

Data from the embassy show that more than 200,000 Ethiopian migrants make risky land and sea journeys from the coast of Djibouti and the Gulf of Aden each year to reach destinations in the Middle East. It said at least 189 Ethiopian nationals have died off the coast of Djibouti in the past five years.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# NASA finds traces of gas that could be a sign of life near a crater on the Red Planet

- **Methane that's trapped beneath the surface of Mars is occasionally released**
- **Scientists found that underground salts deposited into the soil form a crust**
- **This crust traps the methane, which is released when temperatures go up**

NASA has identified a gas on Mars that is produced by living creatures on Earth, baffling scientists about what could be hiding in the Red Planet.

The Curiosity Rover detected a steady stream of methane coming from Gale Crater, appearing at different times of day and fluctuating seasonally – sometimes reaching 40 times higher than usual.

While NASA has yet to find life on the Martian world, scientists believe the source comes from deep in the ground.

The team has suggested that methane could be encased under solidified salt and only seep out when temperatures rise on Mars - or when Curiosity rolls over the crust and cracks it.

On Earth, this simple molecule, made up of one carbon atom and four hydrogen atoms, is usually a sign of life: gas passed by animals as they digest food.

NASA's Curiosity Mars Rover has been roaming the surface of Mars since 2012, and in all that time, the most perplexing thing it found was a steady stream of methane coming from Gale Crater.

The spot in Gale Crater where methane came out was the only such spot on the planet where Curiosity has detected the gas.

But Curiosity has not spotted any cows on Mars, nor has it found any people who just ate a large helping of cabbage.

In lab experiments that mimic the conditions of Martian soil, scientists were able to simulate what may be happening.


Curiosity is the only NASA craft that has detected methane on the planet. It has not been detected in Mars's atmosphere.

Over a long time, salts bubble up from deep beneath the rocky, dusty surface of the planet, a substance known as 'regolith.'

These salts are called perchlorates, and they are abundant on Mars.

The perchlorates, which are toxic, are abundant in the ice that's trapped under the planet's surface.

As ice will do when there's too little atmosphere, this ice evaporates gradually. And as this salty vapor filters through the regolith, it leaves a bit of itself behind.

When enough of these salts accumulate in the regolith, they form a sort of shell - like sand at the beach when it dries into a brittle crust, or like the puck of coffee grounds that's left behind after pulling a shot of espresso.

'On Mars, such a process can occur naturally over a long period of time in the shallow permafrost regions, and it may be possible for enough salt to accumulate in the top layer to form a seal,' wrote the scientists behind the new study, which was published in the journal JGR Planets.

At the same time that the salty vapor bubbles up, so does methane.

Its source remains a mystery.

It could be from some kind of living things, or it could be from geological processes beneath the planet's surface, still invisible to human scientists.

Wherever it's coming from, it ends up trapped under this salt crust.

By pumping different concentrations of perchlorates through the simulated Mars regolith, scientists found that three to 13 days was long enough for this impermeable crust to form.

It also required a 5 to 10 percent concentration of perchlorate to create a solid salt crust.

They pumped neon gas up beneath the crust, as a substitute for methane, confirming that the layer was robust enough to trap gas beneath it.

But then, when the planet's temperature goes up during certain times of day or certain seasons, this crust breaks, letting the methane out.

And that's when Curiosity would detect methane in the air.

It's not just temperature that can crack the crust, though.

The crust is likely about two centimeters thick, a little less than an inch. And Curiosity is plenty heavy enough to crack through it as it rolls over, the team behind the study wrote.

'To test this hypothesis, it would be beneficial to take methane measurements when the rover just arrives at a location with abundant high-salt content features (like salt veins),' they wrote. 'Another test would be to try to ingest Martian air while drilling into the salt-rich surface.'

NASA has not yet tried such an experiment.

Why can't scientists spot Martian methane in the atmosphere?

NASA has identified a gas on Mars that is produced by living creatures on Earth, baffling scientists about what could be hiding in the Red Planet.

The Curiosity Rover detected a steady stream of methane coming from Gale Crater, appearing at different times of day and fluctuating seasonally – sometimes reaching 40 times higher than usual.

While NASA has yet to find life on the Martian world, scientists believe the source comes from deep in the ground.

The team has suggested that methane could be encased under solidified salt and only seep out when temperatures rise on Mars - or when Curiosity rolls over the crust and cracks it.

On Earth, this simple molecule, made up of one carbon atom and four hydrogen atoms, is usually a sign of life: gas passed by animals as they digest food.

NASA's Curiosity Mars Rover has been roaming the surface of Mars since 2012, and in all that time, the most perplexing thing it found was a steady stream of methane coming from Gale Crater.

The spot in Gale Crater where methane came out was the only such spot on the planet where Curiosity has detected the gas.

**Mail Online**

ပြုံယမ်း၊ စစ်ရေး

# မြောက်ကိုရီးယားက နျူကလီးယားဖြင့်တိုက်ခိုက်လာမှုကိုတုံ့ပြန်သည့် သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်ခန်းပြုလုပ်

မြောက်ကိုရီးယားနိုင်ငံက နျူကလီးယားဖြင့်တိုက်ခိုက်လာမှုကိုတုံ့ပြန်သည့် သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်ခန်းပြုလုပ်ကြောင်းနှင့် ထိုလေ့ကျင့်ခန်းကို ကင်ဂျုံအွန်ကိုယ်တိုင် လမ်းညွှန်ခြင်းဖြစ်ကြောင်း KCNA သတင်းဌာနက ဧပြီလ ၂၃ ရက်တွင် ဖော်ပြထားသည်။

အဆိုပါလေ့ကျင့်ခန်းကို ဧပြီလ ၂၂ ရက်တွင်လုပ်ဆောင်ခြင်းဖြစ်ပြီး မြောက်ကိုရီးယား နျူကလီးယားတပ်ဖွဲ့အပေါ် အားကိုးယုံကြည်နိုင်မှု၊ အင်အားသာလွန်မှု၊ စွမ်းအားနှင့် အမျိုးမျိုးသောနည်းလမ်းများကို လက်တွေ့သက်သေပြရန် ရည်မှန်းခြင်းဖြစ်ကြောင်း သတင်းစာက ဆက်လက်ဖော်ပြထားသည်။

အရည်အသွေးသာမက အရည်အချင်းပါပြည့်စုံစေရန်လုပ်ဆောင်သည့် အဆိုပါဇာတ်တိုက်လေ့ကျင့်ခန်းသည် ရန်သူများကို သတိပေးခြင်းဖြစ်ကြောင်း သတင်းစာက ရေးသားထားသည်ကိုတွေ့ရသည်။



ထိုနေရာတွင် မြောက်ကိုရီးယား၏ အလွန်ကြီးမားသော အတွဲလိုက်ဒုံးပစ်လောင်ချာများက အဓိကကျသောနေရာမှ ပါဝင်ကြောင်းနှင့် နိုင်ငံတော်၏နျူကလီးယားလက်နက်ဖြင့် ပေါင်းစပ်စနစ်အတွက် သင့်လျော်မှုရှိကြောင်း သက်သေပြနိုင်ခဲ့သည်ဟု သတင်းစာတွင်ဆက်လက်ဖော်ပြထားသည်ကိုတွေ့ရသည်။

အဆိုပါ ဇာတ်တိုက်လေ့ကျင့်ခန်းကို နှစ်ပိုင်းခွဲ၍ လုပ်ဆောင်ခြင်းဖြစ်သည်။ ပထမတစ်ပိုင်းမှာ တပ်ဖွဲ့များအနေဖြင့် နျူကလီးယားတုံ့ပြန်ရေးစနစ်က အသက်ဝင်လာသောအခါ လုပ်ဆောင်ရမည့် အစီအစဉ်များကို အကျွမ်းတဝင်ဖြစ်စေရန်ဖြစ်သည်။

ဒုတိယတစ်ပိုင်းမှာ နျူကလီးယားတုံ့ပြန်တိုက်ခိုက်မှုစနစ်ကို အသုံးပြုသည့် လေ့ကျင့်မှုဖြစ်ကြောင်း သတင်းစာကဖော်ပြထားသည်။

ထိုသို့ဇာတ်တိုက်လေ့ကျင့်ရာ၌ ဒုံးပစ်လောင်ချာများသည် မြောက်မြားလှစွာသောဒုံးကျည်များကို ပင်မရန်သူဆီသို့ ဦးတည်ပစ်ခတ်ခြင်းဖြစ်ပြီး ထိုဒုံးကျည်များတွင် သဏ္ဍာန်တူနျူကလီးယားထိပ်ဖူးများတပ်ဆင်ထားသည်။

ဇာတ်တိုက်လေ့ကျင့်ခန်းလုပ်ဆောင်မှုနှင့်ပတ်သက်၍ ကင်ဂျုံအွန်က စိတ်ကျေနပ်မှုရကြောင်းနှင့် အကြီးစားအတွဲလိုက်ဒုံးပစ်လောင်ချာများ၏ပစ်မှတ်ကို တိကျစွာပစ်ခတ်နိုင်မှုစွမ်းရည်ကို ချီးကျူးကြောင်းသိရသည်။

*Ref: Sputnik*

ကွာလာလမ်ပူ၊ မတော်တဆမှု

# မလေးရှား၌ ရဟတ်ယာဉ်နှစ်စင်းတိုက်မိမှုကြောင့် လူ ၁၀ ဦးသေဆုံး



မလေးရှားနိုင်ငံအနောက်မြောက်ပိုင်း ပီရက်ပြည်နယ်၌ ဧပြီလ ၂၃ ရက်တွင် စစ်ဘက်ရဟတ်ယာဉ်နှစ်စင်းတိုက်မိမှုကြောင့် လူ ၁၀ ဦးသေဆုံးကြောင်း သိရသည်။

အဆိုပါရဟတ်ယာဉ်နှစ်စင်းသည် အလေးပြုပုံသန်းမှုဇာတ်တိုက်ခြင်းလုပ်ဆောင်စဉ် ဒေသစံတော်ချိန် နံနက် ၉ နာရီ ၃၂ မိနစ်တွင် လူမွတ်ရေတပ်စခန်းအပေါ်၌ တိုက်မိခြင်းဖြစ်ကြောင်း တော်ဝင်မလေးရှားရေတပ်က ထုတ်ပြန်ထားသည်။

ရဟတ်ယာဉ်တစ်စင်းတွင် လူခုနစ်ဦးလိုက်ပါပြီး ကျန်ရဟတ်ယာဉ်တွင် လူသုံးဦးလိုက်ပါခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ထည့်သွင်းဖော်ပြထားသည်။

ထိုဖြစ်စဉ်ကြောင့် ရဟတ်ယာဉ်များပေါ်ပါသူများအားလုံးသည် နေရာတွင်ပင်ပွဲချင်းပြီးသေဆုံးသွားကြောင်းနှင့် ပြည်သူများအနေဖြင့် သေဆုံးသူများ၏ဗီဒီယိုများ၊ ဓာတ်ပုံများကိုဖြန့်ချိခြင်းမပြုရန် ရေတပ်က တောင်းဆိုထားသည်။

ယခုကဲ့သို့ဖြစ်စဉ်သည် မလေးရှားတပ်မတော်နှင့် မလေးရှားနိုင်ငံအတွက် အကြီးမားဆုံး ဆုံးရှုံးမှုတစ်ခုဖြစ်ကြောင်း ဝန်ကြီးချုပ် အန်ဝါအီဘရာဟင်က သေဆုံးသူများ၏မိသားစုဝင်များထံ ပေးပို့သောစာတွင် ဖော်ပြထားသည်။

အလားတူ ယခုဖြစ်စဉ် ဖြစ်ပွားမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရေးဘုတ်အဖွဲ့ဖြင့် စစ်ဆေးသွားမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးကပြောထားသည်ဟု သိရသည်။

*Ref: Xinhua*

တိုကျို၊ ပြည်တွင်းရေး

# ခုနစ်နှစ်ကြာသည်အထိ အထီးအဖြစ် မှတ်ယူခံထားရသည့် ရေမြင်းတစ်ကောင်က တကယ်တမ်းတွင် အမဖြစ်နေ

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ တိရစ္ဆာန်ရုံတစ်ခုမှ အသက် ၁၂ နှစ်ရှိနေပြီဖြစ်သည့် ရေမြင်းတစ်ကောင်ကို တာဝန်ရှိသူများက အထီးအဖြစ် ခုနစ်နှစ်ကြာမှတ်ယူထားရာမှ တကယ်တမ်းတွင် ထိုရေမြင်းသည် အမဖြစ်ကြောင်းသိရှိလိုက်ရသည်ဟု အဆိုပါ တိရစ္ဆာန်ရုံက ဧပြီလ ၂၃ ရက်တွင်ထုတ်ပြန်သည်။

မက္ကဆီကိုရှိ ဆာဖာရီဥယျာဉ်မှ ၂၀၁၇ ခုနှစ်တွင် လက်ခံရရှိလာသည့် ထိုရေမြင်းအတွက် အချက်အလက်များကိုဖြည့်သွင်းရာတွင် အထီးဟုသာဖြည့်သွင်းခဲ့ခြင်းဖြစ်သည်။

သို့သော် ထိုရေမြင်းသည် အပေါ့အပါးသွားရာတွင် အထီးများ၏ဟန်ပန်ပုံစံဖြင့်သွားခြင်းမဟုတ်ဘဲ အမ၏ဟန်ပန်ပုံစံဖြင့်သာသွားသည်ကိုတွေ့ရကြောင်း တိရစ္ဆာန်ရုံဝန်ထမ်းများကပြောသည်။

ထိုရေမြင်း၏မျိုးပွားအင်္ဂါကို သွားရောက်ကြည့်ရှုရမည့် အခြေအနေမှာလည်း အလွန်အန္တရာယ်များသောအနေအထားဖြစ်သည့်အတွက် ဝန်ထမ်းများက ထိုရေမြင်းကိုအထီးဟုပင် သတ်မှတ်ထားခြင်းဖြစ်သည်။

ထို့ကြောင့် အဆိုပါရေမြင်း၏ ဒီအန်အေကိုစစ်ဆေးပေးရန် ပြင်ပပညာရှင်အဖွဲ့ကို အကူအညီတောင်းခံခဲ့ပြီး အဖြေထွက်လာသောအခါ ထိုရေမြင်းမှာအမဖြစ်နေသည်ကိုတွေ့ရခြင်းဖြစ်သည်ဟု တိရစ္ဆာန်ရုံ၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ယင်းအတွက် တိရစ္ဆာန်ရုံအနေဖြင့် ရေမြင်းအမနှင့်သင့်လျော်သည့် ပတ်ဝန်းကျင်ကိုဖန်တီးပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်ဟုသိရသည်။

*Ref: A/F*



ဗီယန်ကျင်း၊ ကျန်းမာရေး

# အန္တရာယ်ရှိသောလေထုညစ်ညမ်းမှုနှင့်ပတ်သက်၍ လာအိုကျန်းမာရေးဝန်ကြီးဌာနသတိပေး

နိုင်ငံအတွင်း လေထုညစ်ညမ်းမှုသည် အန္တရာယ်ရှိသောအဆင့်သို့ ရောက်ရှိလာသည့်အတွက် ပြည်သူများအနေဖြင့် လိုအပ်သောအကာအကွယ်များလုပ်ဆောင်ကြရန် လာအိုကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

လေထုအတွင်း PM 2.5 အမှုန်များပါဝင်မှုသည် ဘေးကင်းစိတ်ချရမှုရှိသောအဆင့်ကို ကျော်လွန်လာကြောင်း ကျန်းမာရေးဆိုင်ရာသတင်းထုတ်ပြန်ရေးနှင့် ပညာပေးရေးဌာနက ဧပြီလ ၂၃ ရက်တွင် ထုတ်ပြန်ထားသည်။

ထို့ပြင် လေထုအရည်အသွေးညွှန်းကိန်းသည် ၁၀၀ ထက်ကျော်လွန်နေကြောင်း၊ ထိုပမာဏသည် ကျန်းမာရေးအတွက် ဆိုးကျိုးများစွာ ဖြစ်စေနိုင်သည့်ပမာဏဖြစ်ကြောင်းနှင့် ထိုသို့သောအခြေအနေသည် လာအိုနိုင်ငံတစ်ဝန်းဖြစ်ပွားနေကြောင်း ထုတ်ပြန်ချက်တွင်ထည့်သွင်းဖော်ပြထားသည်။

ဧပြီလ ၂၃ ရက် နံနက်ပိုင်းတိုင်းထွာချက်များအရ လာအိုနိုင်ငံမြောက်ပိုင်းရှိ လေထုအတွင်း၌ PM 2.5 အမှုန်ပါဝင်မှုသည် ၁ ကုဗမီတာတွင် ၂၂၉ မိုက်ခရိုဂရမ်အထိ ရှိကြောင်း တွေ့ရသည်။

ထို့ကြောင့် ပြည်သူများအနေဖြင့် လေထုညစ်ညမ်းမှုဖြစ်စေသည့် အရာများကို လုပ်ဆောင်မှုလျှော့ချရန်နှင့် ကိုယ့်ကျန်းမာရေးအတွက် ကိုယ့်ကိုယ်ကိုယ်ကာကွယ်မှုများ လုပ်ကြရန် တိုက်တွန်းထားခြင်းဖြစ်ကြောင်း သိရသည်။

*Ref: Xinhua*

နေပြည်တော် ဧပြီ ၂၃

# အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၏ (၁/၂၀၂၄) အစည်းအဝေးကျင်းပ



အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေ စီမံခန့်ခွဲမှုအဖွဲ့၏ (၁/၂၀၂၄) အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ် (၃၄) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ရန်ပုံငွေ စီမံခန့်ခွဲမှုအဖွဲ့ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ အဖွဲ့ဝင်များဖြစ်ကြသော စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာ့အာမခံလုပ်ငန်းနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌက ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ကို စတင်ဖွဲ့စည်းပြီးချိန်မှစ၍ ချေးငွေများ မြန်ဆန်စွာထုတ်ချေးနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ချေးငွေထုတ်ချေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအား MSME လုပ်ငန်းကော်မတီ၏ အတည်ပြုချက်ဖြင့် ၂၀၂၃ ခုနှစ် ဩဂုတ်လ ၁၄ ရက်က ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ MSME လုပ်ငန်းရှင်များမှ ချေးငွေလျှောက်ထားလိုပါက တင်ပြရမည့် လျှောက်လွှာပုံစံနှင့် ချေးငွေစိစစ်ရေးအဖွဲ့များက စိစစ်ရမည့်အချက်များအား MSME အေဂျင်စီမှတစ်ဆင့် တိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသအေဂျင်စီများသို့ ဖြန့်ဝေပေးခဲ့ပြီး ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၁ ရက်တွင်လည်း အသိပေးရှင်းလင်းပွဲပြုလုပ်ခဲ့ကြောင်း၊ MSME လုပ်ငန်းရှင်များအနေဖြင့် ချေးငွေများ စတင်လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာချက်ကို ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်တွင် နိုင်ငံပိုင်သတင်းစာများ၊ MSME Web Portal နှင့် MOPF Website များတွင် ကြေညာခဲ့ပါကြောင်း၊ ဒေသဆိုင်ရာ အေဂျင်စီများကလည်း ချေးငွေစိစစ်ရေးအဖွဲ့များ ဖွဲ့စည်းထားပြီး MSME လုပ်ငန်းရှင်များ၏ ချေးငွေအမှုတွဲများကို စိစစ်လျက်ရှိကြောင်း၊ ဆက်လက်၍ ၂၀၂၄ ခုနှစ် မတ်လ ၃၁ ရက်တွင် ကြေးမုံသတင်းစာနှင့် ဧပြီလ ၁ ရက်တွင် မြန်မာ့အလင်းသတင်းစာတို့၌ ထပ်မံကြေညာခဲ့ကြောင်း၊ MSME လုပ်ငန်းများအတွက် လိုအပ်သော ရင်းနှီးမြှုပ်နှံမှုငွေကြေးများရရှိစေရန် ချေးငွေသတ်မှတ်ချက်နှင့် ဖြေလျှော့ပေးနိုင်မည့်ကိစ္စရပ်များကို အကြံအကဲများ၏လမ်းညွှန်မှုနှင့်အညီ ဆောင်ရွက်ပေးနိုင်ပါက MSME များအတွက် လိုအပ်သည့်ချေးငွေများ လွယ်ကူစွာရရှိပြီး နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့အတွင်းရေးမှူးက ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၏ (၂/၂၀၂၃) အစည်းအဝေးဆုံးဖြတ်ချက်များနှင့် MSME ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ (၁/၂၀၂၄) အစည်းအဝေးဆုံးဖြတ်ချက်များမှ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့နှင့်သက်ဆိုင်သည့်အချက်များကို ရှင်းလင်းတင်ပြခြင်းနှင့် ချေးငွေဆိုင်ရာလုပ်ငန်းအဖွဲ့မှ ချေးငွေထုတ်ချေးခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းပါ အာမခံပစ္စည်းသတ်မှတ်ချက်နှင့် ၎င်းတို့အပေါ် ဖြေလျှော့မှုများဆောင်ရွက်ပေးနိုင်မည့် နည်းလမ်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြခဲ့ကြပြီး လယ်ယာမြေလုပ်ကိုင်ခွင့်လက်မှတ်ပုံစံ (၇) ကို အာမခံအဖြစ်ရယူနိုင်ရေးကိစ္စ၊ ချေးငွေကို ငွေကြေးအစားစက်ပစ္စည်းဝယ်ယူပေးခြင်းဆိုင်ရာကိစ္စ၊ Participating Financial Institutions (PFIs) ဘဏ်များ ဖိတ်ခေါ်ရေးကိစ္စနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အား PFI ဘဏ်အဖြစ် လက်ခံဆောင်ရွက်နိုင်ရေးကိစ္စများအတွက် အဖွဲ့ဝင်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြသည်။

ထို့နောက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌက ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် လုပ်ငန်းလုပ်ဆောင်ရာတွင် ပြည့်စုံမှန်ကန်စွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ချေးငွေစည်းမျဉ်းစည်းကမ်းသတ်မှတ်ခြင်းနှင့် ရန်ပုံငွေသုံးစွဲခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ရာတွင် လက်ရှိတည်ဆဲဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ လုပ်ဆောင်ရန်လိုအပ်သကဲ့သို့ ဗဟိုကော်မတီနှင့်လုပ်ငန်းကော်မတီတို့၏ လမ်းညွှန်မှုများကို မူဝါဒပိုင်းဆိုင်ရာအချက်များအဖြစ် လိုက်နာဆောင်ရွက်သွားကြရန်လိုကြောင်းပြောကြားပြီး အစည်းအဝေးတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကာ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအား ဆွေးနွေးဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

---

နေပြည်တော် ဧပြီ ၂၃

# မြင်းခြံမြို့မှ ကျေးရွာ ၅ ရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန်စွပ်စွဲရေးသားဖြန့်ဝေလျက်ရှိ




မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်တွင် နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက ဆင်ချောင်းကျေးရွာ၊ ရန္တပိုကျေးရွာ၊ ကိုင်းကျေးရွာ၊ ညောင်တိုကျေးရွာတို့ကို ဧပြီလ ၂၁ ရက်နေ့က မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ အဆိုပါမီးရှို့ဖျက်ဆီးမှုကြောင့် အိမ်ခြေ ၃၀၀ ကျော် ပျက်စီးခဲ့သည်ဟု တစ်ဖက်သတ်စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများ အထင်အမြင်လွဲမှားစေရန် လူမှုကွန်ရက်စာမျက်နှာများတွင် ဝါဒဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရပါသည်။

ဖြစ်စဉ်အမှန်မှာ PDF အမည်ခံ အကြမ်းဖက်သမားများက မြင်းခြံမြို့နယ်အတွင်းရှိ အဆိုပါကျေးရွာများမှ ငွေကြေးနှင့် စားနပ်ရိက္ခာများ ကောက်ခံခြင်း၊ ဒေသခံပြည်သူများကို အတင်းအဓမ္မလူသစ်စုဆောင်းခြင်းနှင့် မတရားဖမ်းဆီးနှိပ်စက်နေကြောင်း အကြမ်းဖက်လုပ်ရပ်များကို လက်မခံသည့် ဒေသခံပြည်သူတစ်ဦး၏ သတင်းပေးပို့မှုအရ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များပါဝင်သည့် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက ၎င်းကျေးရွာများအနီးသို့သွားရောက်၍ နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့ရာ PDF အမည်ခံအကြမ်းဖက်သမားများက ကျေးရွာများအတွင်းမှ လက်လုပ်လက်နက်ကြီးများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ ထိုသို့ကျေးရွာများအတွင်းရှိ ဒေသခံပြည်သူများကို လူသားတံတိုင်းအဖြစ် အကာအကွယ်ပြုတိုက်ခိုက်ခဲ့ပြီး ၎င်းတို့ဆုတ်ခွာထွက်ပြေးရာလမ်းတစ်လျှောက်ရှိ ဒေသခံနေအိမ်များကို မီးရှို့ထွက်ပြေးသွားခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရပါသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့ရွာများတွင် PDF အမည်ခံအကြမ်းဖက်သမားများဝင်ရောက်ပြီး အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခြင်းမရှိစေရန်အတွက် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည်ကို တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများဖြင့် ပြည်သူများ ကြောက်ရွံ့ထိတ်လန့်စေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်တို့အတွက် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားခြင်းသာဖြစ်ကြောင်း သတင်းရရှိပါသည်။

**(၁၀၀)**

---

နေပြည်တော် ဧပြီ ၂၃

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ ပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Ko Ko Aung" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၂၀)ရပ်ကွက်နေ ကိုကိုအောင်အား ည ၁၁ နာရီ ၂၅ မိနစ်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

**(၁၀၀)**

ရန်ကုန် ဧပြီ ၂၃

# ဒလမြို့နယ်နှင့်တွံတေးမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဒုတိယမြို့တော်ဝန် ဦးညီညီ ကြည့်ရှုစစ်ဆေး



ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဒုတိယဥက္ကဋ္ဌ(ဒုတိယမြို့တော်ဝန်) ဦးညီညီသည် ကော်မတီဝင်များ၊ ဌာနမှူးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တွံတေးမြို့နယ် တွံတေး-ဒလကားလမ်းပေါ်ရှိ ရန်ကုန်ပေါက်ကျေးရွာအနီး ဒလမြို့နယ် ရေပေးဝေရေးစခန်းသို့သွားရောက်၍ 330 kW Solar Power Plant (PV System ) ဆောင်ရွက်ထားရှိမှု၊ Nano Filter ရေသန့်စင်မှုစနစ်ဖြင့် သုတေသနဆောင်ရွက်နေမှု၊ ရေတွန်းစက်ရုံ၊ ဂါလန်တစ်သိန်းဆံ့ ရေစုကန်နှစ်ကန်နှင့်ရေသန့်စင်စက်ရုံများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ရန်ကုန်ပေါက်ရေပေးဝေရေးစခန်းသည် အကျယ် ၁၀ ဒသမ ၇ ဧကပေါ်၌ ၁၂ လက်မ အဝီစိတွင်းလေးတွင်း၊ ၁၀ လက်မ အဝီစိတွင်းရှစ်တွင်း၊ ၈ လက်မ အဝီစိတွင်းတစ်တွင်းနှင့် ၁၀ လက်မ မိုးရေစုတွင်းခုနစ်တွင်း စုစုပေါင်းအဝီစိတွင်း ၂၀ တို့မှ ရေဂါလန်တစ်သိန်းဆံ့ ရေစုကန်သို့ပေးပို့ပြီး ၎င်းမှတစ်ဆင့် ရေတွန်းစက်လေးလုံးဖြင့် ဒလမြို့နယ်သို့ နေ့စဉ် ရေဂါလန်တစ်သန်းခွဲ ဖြန့်ဖြူးပေးလျက်ရှိသည်။

ထို့မှတစ်ဆင့် ဒုတိယမြို့တော်ဝန်နှင့်အဖွဲ့သည် ရန်ကုန်ပေါက်ကျေးရွာအနီး ကျိုက်သလဲ ရေနက်ကွင်းရှိ တွံတေးငါးမွေးမြူရေးစခန်းသို့သွားရောက်၍ မြေဧရိယာ ၁၀၉ ဒသမ ၉၃ ဧကအပေါ်၌ ဒလမြို့နယ် နောက်ဆုံးစွန့်ပစ်အမှိုက်ပုံ(Final Disposal Site - FDS) တည်ဆောက်ရေးစီမံကိန်းအတွင်းရှိ ကန်ညီနောင်ချောင်းအား Skew Type သံကူကွန်ကရစ်တံတားတည်ဆောက်မှုလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယမြို့တော်ဝန်နှင့်အဖွဲ့သည် ဒလမြို့နယ် တာကြီးကျေးရွာသို့ သွားရောက်၍ ဇုန် ၁၀ ရေပေးဝေရေးစခန်း တည်ဆောက်ရေးစီမံကိန်းအတွင်း (ပထမအဆင့်)ရေလှောင်ပမာဏရေဂါလန် ၁ ဒသမ ၅ သန်းဆံ့ ရေစုကန်နှင့် ရေတွန်းစက် တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ဒုတိယမြို့တော်ဝန်နှင့်အဖွဲ့သည် ဒလမြို့နယ် ဒလ-တွံတေးလမ်းတွင် အမှတ်(၂)တံတားတည်ဆောက်နေမှု၊ ဒလမြို့နယ် ဆာပါချောင်းရပ်ကွက် ဆိပ်ကြီးခနောင်တိုတံတားအဆင်းမှ ဒလကူးတို့ဆိပ်အထိ ၆ ပေအကျယ် လမ်းလယ်ကျွန်းပါဝင်ပြီး အဆင့်မြှင့်တင်ကွန်ကရစ်ခင်းကျင်းနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယမြို့တော်ဝန်နှင့်အဖွဲ့သည် ဒလမြို့နယ် ၁၁/၁၄ ရပ်ကွက်နှင့် ၆ နံပါတ်ရပ်ကွက်တို့ကို ဆက်သွယ်သည့် ကမာအောင်ချောင်းကူးတံတားအား သံကူကွန်ကရစ်တံတားတည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကမာအောင်ချောင်းဘေးတစ်လျှောက် အမှိုက်များရှင်းလင်းရန်၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး ဦးစားပေးဆောင်ရွက်ရန်မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

နတ်မောက် ဧပြီ ၂၃

# မြို့မပျိုးဥယျာဉ်၌ ပျိုးပင်ပေါင်း ၉၃၄၀၀ ပျိုးထောင်ထားရှိ

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် မြို့မဥယျာဉ်၌ မြို့နယ်သစ်တောဦးစီးဌာန၌ မိုးရာသီသစ်မျိုးစုံစိုက်ပျိုးနိုင်ရန်နှင့် မိုးရာသီစိုက်ပျိုးပွဲတော်တွင် ပြည်သူလူထု၊ ဌာနဆိုင်ရာများနှင့်တပ်ရင်းတပ်ဖွဲ့များ စိုက်ပျိုးနိုင်ရန် အခမဲ့ဖြန့်ဝေပေးနိုင်စေရေးရည်ရွယ်ကာ ပျိုးပင်ပေါင်း ၉၃၄၀၀ အား ပြုစုပျိုးထောင်ထားရှိကြောင်း သိရသည်။

ထိုသို့ ပျိုးထောင်ထားရှိသည့် ပျိုးပင်များမှာ ယူကလစ်၊ ရင်းမာ၊ စိန်ပန်းကြီး၊ ဆီသပြေ၊ ပိတောက်တို့ဖြစ်ပြီး ဒေသခံပြည်သူများအား အခမဲ့ဖြန့်ဝေပေးမည်ဖြစ်သည်။

နတ်မောက်မြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် ကျေးရွာသုံးထင်းစိုက်ခင်း ဧက ၂၀ အတွက် ပျိုးပင်ပေါင်း ၂၄၂၀၀ အား စိုက်ပျိုးထားရှိကြောင်း သိရသည်။ **လှဝင်း**



နေပြည်တော် ဧပြီ ၂၃

# မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

လန်ဒန်၊ ဘောလုံး

# ယခုဘောလုံးရာသီအကုန်တွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ချယ်လ်ဆီးအသင်းမှ ထွက်ခွာရန် သီယာဂိုဆေးလ်ဗားဆုံးဖြတ်

ချယ်လ်ဆီးအသင်းဝါရင့်ခံစစ်ကစားသမား သီယာဂိုဆေးလ်ဗားက ယခုဘောလုံးရာသီအကုန်တွင် အသင်းမှအလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

အသက် ၃၉ နှစ်အရွယ် သီယာဂိုဆေးလ်ဗားသည် ၂၀၂၀ ပြည့်နှစ်က ပီအက်စ်ဂျီအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးပြီးနောက် ချယ်လ်ဆီးအသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အဓိကပွဲထွက်ကစားသမားအဖြစ် ပါဝင်ခွင့်ရရှိခဲ့သူဖြစ်သည်။



ချယ်လ်ဆီးအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီအကုန်က သီယာဂိုဆေးလ်ဗားနှင့်စာချုပ်သက်တမ်းကုန်ဆုံးခဲ့သော်လည်း နောက်ထပ်တစ်နှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့ကာ ယခုဘောလုံးရာသီတွင် ဆက်လက်လက်တွဲခဲ့ကြောင်း၊ သီယာဂိုဆေးလ်ဗားသည် အသက်အရွယ်အပိုင်းအခြားအပြင် မကြာခဏဒဏ်ရာရရှိနေသည့်အတွက် ချယ်လ်ဆီးအသင်းက နောက်ထပ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုတော့မည်မဟုတ်သည့်အတွက် ရာသီအကုန်တွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သီယာဂိုဆေးလ်ဗားသည် ချယ်လ်ဆီးအသင်းတွင် လေးနှစ်တာကာလအတွင်း ချန်ပီယံလိဂ်ဖလား၊ ဥရောပစူပါဖလားနှင့် ကလပ်ကမ္ဘာ့ဖလားချန်ပီယံဆုဖလားတို့ကိုဆွတ်ခူးနိုင်ခဲ့ရာတွင် အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူခဲ့ပြီး ယခုဘောလုံးရာသီတွင် အသင်းခေါင်းဆောင်ရာထူးကို ရီစီဂျိမ်းစ်ထံလွှဲပြောင်းပေးခဲ့ရသည်။

ချယ်လ်ဆီးအသင်းနှင့် ယခုဘောလုံးရာသီအကုန်တွင် လမ်းခွဲရန်ဆုံးဖြတ်ခဲ့သည့် သီယာဂိုဆေးလ်ဗားကို လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ဆော်ဒီထိပ်တန်းကလပ်အသင်းများက ကမ်းလှမ်းဖွယ်ရှိသော်လည်း ၎င်းကိုယ်တိုင်က ဇာတိဘရာဇီးကလပ်များထံသာ ပြောင်းရွှေ့ဖွယ်ရှိကြောင်း သိရသည်။

*Ref;Fabrizio Romano*

မန်ချက်စတာ၊ ဘောလုံး

# အက်ဖ်အေဖလား ဆွတ်ခူးနိုင်ပါကလည်း မန်ယူအသင်းနည်းပြရာထူးမှ တန်ဟတ်ထုတ်ပယ်ခံရဖွယ်ရှိ

မန်ယူအသင်းနည်းပြတန်ဟတ်သည် ယခုဘောလုံးရာသီတွင် အက်ဖ်အေဖလားချန်ပီယံဆုဆွတ်ခူးနိုင်ပါကလည်း နည်းပြရာထူးမှထုတ်ပယ်ခံရဖွယ်ရှိကြောင်း သိရသည်။

မန်ယူအသင်းသည် ယခုဘောလုံးရာသီ၌ နည်းပြတန်ဟတ်၏လက်အောက်တွင် ရလဒ်မတည်ငြိမ်မှုများဖြင့် ရုန်းကန်နေရကာ ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ပွဲပေါင်း ၃၂ ပွဲကစားပြီးချိန်တွင် ရမှတ် ၅၀ ဖြင့် အဆင့်(၇)နေရာ၌ရပ်တည်နေပြီး ဥရောပအဆင့်ပြိုင်ပွဲဝင်ခွင့်လွဲချော်ရန်လည်း နီးစပ်လျက်ရှိသည်။

အက်ဖ်အေဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်အဖြစ်ကစားသည့် မန်ယူအသင်းနှင့်ကိုဗင်ထရီအသင်းတို့ပွဲစဉ်တွင် မန်ယူအသင်းအနေဖြင့် စိတ်ပျက်ဖွယ်ခြေစွမ်းဖြင့် ဗိုလ်လုပွဲသို့တက်ရောက်ခဲ့ခြင်းကို ပူးတွဲပိုင်ရှင်ရက်ကလစ်လာရောက်ကြည့်ရှုပြီးနောက် နည်းပြတန်ဟတ်၏အနာဂတ်မှာ ပိုမိုလှုပ်ခတ်လာပြီး ယခုဘောလုံးရာသီအကုန်တွင် လမ်းခွဲရဖွယ်ရှိကြောင်း သိရသည်။

*Ref;Goal.com*

ဘာစီလိုနာ၊ ဘောလုံး

# 2024 Laureus World Sports Women of the Year ဆုကို ဘာစီလိုနာအမျိုးသမီးအသင်းကွင်းလယ်ကစားသမား ဘွန်မာတီဆွတ်ခူး

Laureus Sports for Good Foundation က စိစစ်ရွေးချယ်ပေးအပ်သည့် Laureus World Sports Awards ဆုပေးပွဲအခမ်းအနားတွင် 2024 Laureus World Sports Women of the Year ဆုကို စပိန်အမျိုးသမီးအသင်းနှင့် ဘာစီလိုနာအမျိုးသမီးအသင်းကွင်းလယ်ကစားသမားဘွန်မာတီက ဆွတ်ခူးခဲ့ကြောင်း သိရသည်။

ဘွန်မာတီသည် ပြီးခဲ့သည့်ဘောလုံးရာသီက အမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း ဘာစီလိုနာအမျိုးသမီးအသင်း ချန်ပီယံဆုဆွတ်ခူးနိုင်ရာတွင် အဓိကကစားသမားအဖြစ်ပါဝင်ပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သကဲ့သို့ စပိန်လက်ရွေးစင်အမျိုးသမီးအသင်း အမျိုးသမီးကမ္ဘာ့ဖလားချန်ပီယံဆု ဆွတ်ခူးနိုင်ရာတွင်လည်း အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ ပြိုင်ပွဲ၏အကောင်းဆုံးကစားသမားဆုကိုပင် ရရှိခဲ့သူဖြစ်သည်။

အလားတူ ဘွန်မာတီသည် စပိန်အမျိုးသမီးအသင်းနှင့် ဘာစီလိုနာအမျိုးသမီးအသင်းတို့နှင့်အတူ အသင်းလိုက်အောင်မြင်မှုများရယူနိုင်ခဲ့သည့်အပြင် ဥရောပတစ်နှစ်တာအကောင်းဆုံးအမျိုးသမီးကစားသမားဆုနှင့် ကမ္ဘာ့အကောင်းဆုံးအမျိုးသမီးကစားသမားဆုတို့ကိုပါဆွတ်ခူးနိုင်ပြီးနောက် ယခုအခါတွင်လည်း 2024 Laureus World Sports Women of the Year ဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး အဆိုပါဆုသည် အမျိုးသမီးအားကစားကဏ္ဍအသီးသီးတွင်ကစားနေသည့်ကစားသမားများထဲမှ စိစစ်ရွေးချယ်ချီးမြှင့်ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

*Ref;B/R Football*

ဘာလင်၊ ဘောလုံး

# လူငယ်ကစားသမား ဖလိုရီယန်ဝက်ဇ်ကို ရောင်းချမည်မဟုတ်ကြောင်း လေဗာကူဆင်အသင်း အမှုဆောင်အရာရှိချုပ် ကာရိအတည်ပြု




လေဗာကူဆင်အသင်းအမှုဆောင်အရာရှိချုပ် ကာရိက အသင်းမှ လူငယ်ကစားသမား ဖလိုရီယန်ဝက်ဇ်ကို မည်သည့်ပြောင်းရွှေ့ကြေးဖြင့် ကမ်းလှမ်းလာပါစေ ရောင်းချမည်မဟုတ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

အသက် ၂၀ အရွယ် လူငယ်ကွင်းလယ်ကစားသမား ဖလိုရီယန်ဝက်ဇ်သည် လေဗာကူဆင်အသင်း အကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်က အသင်းနှင့် ပရော်ဖက်ရှင်နယ်စာချုပ်ချုပ်ဆိုကာ စတင်ပါဝင်ကစားခဲ့သူဖြစ်ကာ ပြီးခဲ့သည့်ဘောလုံးရာသီမှစ၍ ထိပ်တန်းအဆင့်ရှိခြေစွမ်းပြနိုင်ခဲ့သူဖြစ်သည်။

ဖလိုရီယန်ဝက်ဇ်သည် ယခုဘောလုံးရာသီတွင်လည်း လေဗာကူဆင်အသင်းနှင့်အတူ ရှုံးပွဲမရှိစံချိန်ရရှိထားပြီး ဂျာမန်ဘွန်ဒက်စ်လီဂါဖလားကို ဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိကကစားသမားအဖြစ်ပါဝင်ပြီးနောက် ဘိုင်ယန်မြူးနစ်အသင်းအပါအဝင် ဥရောပထိပ်တန်းအသင်းကြီးများက အပြိုင်ကမ်းလှမ်းရန် ပြင်ဆင်လျက်ရှိသည်။

အစောပိုင်းက လေဗာကူဆင်အသင်းအမှုဆောင်အရာရှိချုပ် ကာရိက ဖလိုရီယန်ဝက်ဇ်ကို ခေါ်ယူလိုသည့်အသင်းများအနေဖြင့် အနည်းဆုံးပြောင်းရွှေ့ကြေး ယူရို သန်း ၁၅၀ ဖြင့် ကမ်းလှမ်းရမည်ဟုပြောကြားခဲ့သော်လည်း ဒေါ့မွန်အသင်းနှင့်ပွဲအပြီးတွင် လုံးဝရောင်းချမည်မဟုတ်ဟု အတည်ပြုပြောကြားခဲ့ကြောင်း သိရသည်။

*Ref;Bild*

မင်းဘူး၊ ခရီးသွား

# ယခုနှစ် မန်းရွှေစက်တော်ရာဘုရားပွဲတော်ကာလအတွင်း အနယ်နယ်အရပ်ရပ်မှ လာရောက်သူဦးရေလေးသိန်းကျော်ရှိ



မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ်၌ ယခုနှစ် မန်းရွှေစက်တော်ရာဘုရားပွဲတော်ကို တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်းတစ်ရက်နေ့အထိကျင်းပခဲ့ရာ ဘုရားပွဲတော်ကာလအတွင်း အနယ်နယ်အရပ်ရပ်မှ လာရောက်သူဦးရေ လေးသိန်းကျော်ရှိကြောင်း မန်းရွှေစက်တော်ရာ ဘုရားဂေါပကအဖွဲ့မှ သိရသည်။

"ဒီနှစ် မန်းရွှေစက်တော်ရာဘုရားပွဲတော်ကာလအတွင်းမှာ အနယ်နယ်အရပ်ရပ်က ဘုရားဖူးလာရောက်သူဦးရေ လေးသိန်းကျော်ရှိပါတယ်။ အလှူခံရရှိမှုအနေနဲ့ကတော့ ဘက်စုံအလှူတော်ငွေ ငွေကျပ်သိန်းပေါင်း ၃၇၀၀ ကျော်နဲ့ ရွှေဆိုင်းရောင်းချရငွေ ငွေကျပ်သိန်းပေါင်း ၄၉၀၀ ကျော်အပါအဝင် စုစုပေါင်းငွေကျပ်သိန်းပေါင်း ၉၀၀၀ ကျော်ရရှိခဲ့ပါတယ်" ဟု မန်းရွှေစက်တော်ရာ ဘုရားဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသိန်းလှိုင်ကပြောသည်။

ယခုနှစ် မန်းရွှေစက်တော်ရာဘုရားပွဲတော်ကာလအတွင်း စုစုပေါင်းတည်းခိုဆောင် ၆၀ နီးပါး၌ အခန်းပေါင်း ၁၀၀၀ ကျော်နှင့် ဈေးဆိုင်ခန်းပေါင်း ၈၀၀ ကျော်ဖွင့်လှစ်ခဲ့ပြီး ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်နိုင်စေရန် တည်းခိုဆောင်များ၌ ညအိပ်တည်းခိုခွင့်ပြုကာ အခန်းငှားရမ်းခများကိုလည်း သတ်မှတ်ဈေးနှုန်းထက် ပိုမိုကောက်ခံခြင်းမပြုရန် မန်းရွှေစက်တော်ရာ ဘုရားဂေါပကအဖွဲ့မှ ကြပ်မတ်ဆောင်ရွက်ခဲ့သည်။

ထို့ပြင် ဘုရားဖူးပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စေရန် မန်းရွှေစက်တော်ရာဘုရား အဝင်သုံးမိုင်မုခ်ဦးမှစတင်ပြီး လယ်လယ်ကျွန်းတစ်လျှောက် ပန်းအလှပင်မျိုးစုံစိုက်ပျိုးခြင်း၊ အထက်စက်တော်ရာ အတက်လမ်း၊ လမ်းဘေးဝဲ/ယာနှင့် ခတ်လှေကားပတ်ဝန်းကျင်တို့၌ ပန်းအလှပင်မျိုးစုံစိုက်ပျိုးခြင်းများအပြင် တခြား ပြုပြင်မွမ်းမံမှုများကိုလည်း ယခုနှစ် ဘုရားပွဲတော်မတိုင်မီ ကြိုတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဆောင်းဦး**

ကျောက်ဆည်၊ အားကစား

# ကျောင်းသားကျောင်းသူများ ကာယ ဉာဏ စာရိတ္တကောင်းမွန်စေရေး အထောက်အကူပြုစေမည့် မြန်မာ့သိုင်းသင်တန်း(အခမဲ့)ဖွင့်လှစ်သင်ကြားပေး



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်ရှိ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျောင်းသား၊ ကျောင်းသူများ ကာယ၊ ဉာဏ၊ စာရိတ္တကောင်းမွန်စေရေး အထောက်အကူပြုစေမည့် မြန်မာ့သိုင်းသင်တန်းကို ဧပြီလ ၂၃ ရက်မှစ၍ အခမဲ့ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက မြန်မာ့သိုင်းသင်တန်းဖွင့်လှစ်သင်ကြားရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

မြန်မာ့သိုင်းသင်တန်းသို့ ကျောက်ဆည်မြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၁၅ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကို ဧပြီလ ၂၃ ရက်မှ ၂၇ ရက်အထိ သင်ကြားပေးလျက်ရှိသည်။

ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်နှင့်ပြည့်စုံပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် မြန်မာ့သိုင်းသင်တန်းအပြင် အခြေခံပန်းချီရေးဆွဲနည်းသင်တန်း၊ အခြေခံအင်္ဂလိပ်စာသင်တန်း၊ အခြေခံစာစီစာကုံးရေးသားနည်းသင်တန်း၊ အခြေခံကဗျာရေးစပ်နည်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး အခြေခံကွန်ပျူတာသင်တန်းကိုလည်း ဆက်လက်ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**တင်တင်ထွေး**

ရန်ကုန်၊ အားကစား

# အိန္ဒိယနိုင်ငံ၌ကျင်းပမည့် မြင်းစီးအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် စိတ်ပါဝင်စားသူများ စာရင်းပေးသွင်းနိုင်

အာရှမြင်းစီးအားကစားအဖွဲ့ချုပ်(Asian Equestrian Federation-AEF) မှ ကြီးမှူး၍ အိန္ဒိယနိုင်ငံ၌ ကျင်းပမည့် မြင်းစီးအားကစားပြိုင်ပွဲများတွင် မြန်မာနိုင်ငံမှ မြင်းစီးအားကစားဝါသနာရှင်များ ပါဝင်ယှဉ်ပြိုင်နိုင်ရန် မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်ထံ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

စိတ်ပါဝင်စားသူများအနေဖြင့် ဧပြီလ ၃၀ ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်ထံ စာရင်းပေးသွင်းရမည်ဖြစ်ပြီး စာရင်းပေးသွင်းလာသည့် မြင်းစီးအားကစားဝါသနာရှင်များကို ဇူလိုင်လ ၁၉ ရက်၊ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ရွေးချယ်မည်ဖြစ်သည်။

AEF U-21 SHOW JUMPING အာရှမြင်းစီးအားကစားအဖွဲ့ချုပ် အသက် ၂၁ နှစ်အောက်တန်းခုန်ပြိုင်ပွဲကို အောက်တိုဘာလ ၁၂ ရက်မှ ၁၇ ရက်အထိ အိန္ဒိယနိုင်ငံ ဟိုက်ဒရာဘာဒ်မြို့ရှိ ဆား၈် မြင်းစီးအားကစားကွင်း၌လည်းကောင်း၊ AEF U-21 DRESSAGE အာရှမြင်းစီးအားကစားအဖွဲ့ချုပ် အသက် ၂၁ နှစ်အောက် အလှမြင်းစီးပြိုင်ပွဲကို နိုဝင်ဘာလ ၂၈ ရက်မှ ဒီဇင်ဘာလ ၁ ရက်အထိ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ Army Polo and Riding Centre ၌လည်းကောင်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **ခင်မောင်တင်**

နေပြည်တော်၊ စိုက်ပျိုးရေး

# ဆီထွက်သီးနှံစိုက်ဧက ၃ သန်းကို ဆီထွက်သီးနှံအထူးဇုန်များအဖြစ် ယခုဘဏ္ဍာနှစ်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်မည်

မြန်မာနိုင်ငံအတွင်း ဆီထွက်သီးနှံစိုက်ဧက ၈ ဒသမ ၃ သန်းခန့်ရှိသည့်အနက် ဧက ၃ သန်းကို ဆီထွက်သီးနှံအထူးဇုန်များအဖြစ် ယခုဘဏ္ဍာနှစ်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း၏ပြောကြားချက်အရ သိရသည်။

ထိုသို့ ဆီထွက်သီးနှံအထူးဇုန်များဖော်ဆောင်ရာတွင် တောင်သူများအတွက် လိုအပ်သော သွင်းအားစုများနှင့် နည်းပညာများဖြည့်ဆည်းပေးပြီး ပန်းတိုင်အထွက်နှုန်းရရှိစေရန် အဓိကထားဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယခုအခါ နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့၌ ဆီထွက်သီးနှံအထူးဇုန်များ စတင်သတ်မှတ်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆီထွက်သီးနှံအထူးဇုန်များအတွက် အထူးအရာရှိများ၊ မြေဆီလွှာပညာရှင်များ၊ မျိုးစေ့ပညာရှင်များနှင့် ပိုးမွှားရောဂါကာကွယ်ရေးပညာရှင်များကို စုဖွဲ့ထားကြောင်း၊ ယင်းပညာရှင်အဖွဲ့များက သက်ဆိုင်ရာဒေသအလိုက် မြေပဲ၊ နှမ်း၊ နေကြာ စသည့်ဆီထွက်သီးနှံစိုက်ပျိုးမည့် တောင်သူများကို အသိပညာပေး စည်းရုံးဟောပြောခြင်းများ ဆောင်ရွက်မည့်အပြင် တောင်သူများလိုအပ်သော မျိုးစေ့များနှင့် သွင်းအားစုများရရှိစေရေးကိုလည်း စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

အဓိကအားဖြင့် တောင်သူများအနေဖြင့် မိရိုးဖလာစိုက်ပျိုးနည်းစနစ်ထက် သွင်းအားစုလိုအပ်ချိန်တွင် သွင်းအားစုများအချိန်မှန်ထည့်သွင်းရန်၊ ရောဂါပိုးမွှားများကျရောက်ပါက အချိန်မီကာကွယ်နိုင်ရန်၊ ရေလိုအပ်ချိန်တွင် စိုက်ပျိုးရေများဖြည့်ဆည်းပေးနိုင်ရန် ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် ပန်းတိုင်အထွက်နှုန်းရရှိရေး ရည်မှန်းချက်ထား ဆောင်ရွက်သင့်ကြောင်း သိရသည်။

**ဆောင်းဦး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ
## သတင်းကြေညာချက်
### ၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် (၁)ရက်
### ၂၀၂၄ ခုနှစ်၊ ဧပြီလ (၂၄)ရက်

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် ၂၀၂၄ ခုနှစ်၊ (၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မေလ (၃)ရက်မှ (၁၂)ရက်အထိ နေပြည်တော်၊ မဏိရတနာကျောက်စိမ်းခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ရတနာပြပွဲတွင် မြန်မာနိုင်ငံမှထွက်ရှိသော ပုလဲ၊ ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများကို တင်ပြရောင်းချသွားမည်ဖြစ်ပါသည်။

၂။ ရတနာပြပွဲသို့ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရရှိခဲ့သည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာရောင်းဝယ်ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များကို သတ်မှတ်ချက်များနှင့်အညီ တက်ရောက်ဝယ်ယူခွင့်ပြုမည်ဖြစ်ပါသည်။

၃။ ၂၀၂၄ ခုနှစ်၊ (၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တက်ရောက်ဝယ်ယူခွင့်ကိစ္စများနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ**

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြေတိုင်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြေတိုင်းဦးစီးဌာနမှ ရေးဆွဲပုံနှိပ်ဖြန့်ဖြူးရောင်းချလျက်ရှိသော မြန်မာပြည်၏ ပြည်နယ်နှင့် တိုင်းဒေသကြီးမြေပုံစာအုပ်(Atlas)ကို ပိုမိုဖြန့်ဖြူးရောင်းချနိုင်ရန်အတွက် ပုဂ္ဂလိကကုမ္ပဏီ (၁)ခုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ စိတ်ဝင်စားသူ ပြည်တွင်းကုမ္ပဏီ၊ လုပ်ငန်းများအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများအား (၁၀-၅-၂၀၂၄) ရက်နေ့ (၁၂:၀၀)နာရီတွင် နောက်ဆုံးထား၍ လက်ခံမည်ဖြစ်ပြီး(၁၄:၀၀)နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင်ရယူနိုင်ပါမည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

**မြေတိုင်းဦးစီးဌာန၊ မြို့ပတ်လမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်**

**ဖုန်း - ၀၆၇-၃၄၁၃၄၃၃၊ ၀၆၇-၃၄၁၃၀၇၃**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အလုပ်သမားဝန်ကြီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လူမှုဖူလုံရေးအဖွဲ့၏ သတင်းအချက်အလက်စနစ်(SSB Information System)အတွက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း အောက်ဖော်ပြပါ Lot(၄)ခုအား မြန်မာကျပ်ငွေဖြင့်ဆောင်ရွက်သွားရန် နှစ်ဆင့်အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်-

Lot(1)- Telecommunication Infrastructure Implementation ဆောင်ရွက်ခြင်း။

Lot(2)- Package Software Development and Implementation ဆောင်ရွက်ခြင်း။

Lot(3)- Hardware များဝယ်ယူခြင်း။

Lot(4)- SSB Call Center စနစ်တည်ဆောက်ခြင်း။

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရန်သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | - | ၂၃-၄-၂၀၂၄ ရက်နေ့(အင်္ဂါနေ့) |
| (ခ) | တင်ဒါပုံစံနောက်ဆုံးရောင်းချမည့်ရက် | - | ၂၉-၄-၂၀၂၄ ရက်နေ့(တနင်္လာနေ့) |
| (ဂ) | တင်ဒါပုံစံနှင့်တင်ဒါအဆိုပြုလွှာများ တင်သွင်းရမည့်နေရာ | - | စီမံခန့်ခွဲရေးဌာန၊ လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)၊ အမှတ်-ဉ/၇၇၊ ရွှေတောင်သီရိလမ်း၊ ဇဝနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။ |
| (ဃ) | တင်ဒါပုံစံနှင့်တင်ဒါအဆိုပြုလွှာများ နောက်ဆုံးတင်သွင်းရမည့် နေ့ရက်နှင့်အချိန် | - | ၁၄-၅-၂၀၂၄ ရက်နေ့(အင်္ဂါနေ့) ညနေ(၄:၃၀)နာရီ |

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အလုပ်သမားဝန်ကြီးဌာန၏ Website https://www.mol.gov.mm နှင့် လူမှုဖူလုံရေးအဖွဲ့၏ Website https://www.ssb.gov.mm တွင် လေ့လာနိုင်ပြီး၊ ဖုန်း- ၀၆၇-၃၄၁၇၉၀၄၊ ၀၆၇-၃၄၁၇၉၀၆၊ ၀၆၇-၃၄၁၇၉၅၁၊ ၀၆၇-၃၄၁၇၉၅၂ များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

**အလုပ်သမားဝန်ကြီးဌာန**

### ပျောက်ဆုံးကြောင်း

SJကျော်ထူးဝါ(ဘ)လာဘရက်(စ်) ၁၂/ဗဟန(နိုင်)၀၈၂၀၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း

ကေသီမိုး(ဘ)ဦးမြင့်ဦး ၉/မကန(နိုင်)၀၈၆၅၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(567861)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၂၂၂၀၈၅၇**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ (၂၀၂၄-၂၀၂၅)ခု၊ ဘဏ္ဍာရေးနှစ်အတွင်း သာမန်၊ ငွေလုံးငွေရင်းနှင့် အခြားအသုံးစရိတ်ခွင့်ပြုရန်ပုံငွေတို့ဖြင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရုံးချုပ်)နှင့် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနများတွင် အသုံးပြုရန်လိုအပ်သော **ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးပရိဘောဂများ၊ ရုံးသုံးစက်ပစ္စည်းများနှင့် အခြားလုပ်ငန်းဆောင်ရွက်ခြင်းတို့**ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသဖြင့် ဆောင်ရွက်လိုသူများ တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| တင်ဒါလျှောက်လွှာ ပုံစံရောင်းချမည့်ရက် | - | (၂၄-၄-၂၀၂၄)ရက်နေ့မှ (၉-၅-၂၀၂၄)ရက်နေ့အထိ |
| တင်ဒါနောက်ဆုံး တင်သွင်းရမည့်ရက် အချိန် | - | (၉-၅-၂၀၂၄)ရက်နေ့ ညနေ(၁၆:၃၀)နာရီအချိန်အထိ |
| တင်ဒါတင်သွင်းရန်နေရာ | - | အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ စံပယ်အိမ်ရာရှေ့၊ ပြည်ကြီးဇေယျာလမ်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော် |

၂။ တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းချက်များကို ကြော်ငြာသင်ပုန်းတွင်ပါရှိသည့် ရက်မှစ၍ ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက လူကိုယ်တိုင်ဖြစ်စေ၊ အောက်ပါဖုန်းနံပါတ်များသို့ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

**အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**

**ပြည်ကြီးဇေယျာလမ်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်**

**ဖုန်း-၀၆၇၃-၄၀၃၅၈၆၊ ၀၆၇၄-၄၀၃၀၇၀**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
## ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊
## ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့်ဆောင်ရွက်မည့် ကောလိပ်၊ သိပ္ပံ၊ ကျောင်းများရှိ တည်ဆောက်ရေးလုပ်ငန်းများတွင် QA/QC လုပ်ငန်းများဆောင်ရွက်ရန်အတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့်ဆောင်ရွက်မည့် ကောလိပ်၊ သိပ္ပံ၊ ကျောင်းများရှိ တည်ဆောက်ရေးလုပ်ငန်းများတွင် QA/QC လုပ်ငန်းများဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန (ရုံးချုပ်)တွင် ၂၃-၄-၂၀၂၄ ရက်နေ့မှ ၆-၅-၂၀၂၄ ရက်နေ့အထိ ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့် တင်ဒါပုံစံများကို ၂၉-၄-၂၀၂၄ ရက်နေ့မှ ၇-၅-၂၀၂၄ ရက်နေ့အထိ ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်း တင်ဒါပုံစံဝယ်ယူခဲ့သောနေရာတွင် ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်း ၀၆၇၃-၄၀၄၀၂၀၊ ၀၆၇၃-၄၀၄၄၈၂ (ဦးစီးဌာန၊ ရုံးချုပ်)တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး Website ဖြစ်သော www.dtvet.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
## ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ကောလိပ်၊ သိပ္ပံ၊ ကျောင်းများတွင်ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများအတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ ကောလိပ်၊ သိပ္ပံ၊ ကျောင်းများတွင်ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်း(၄၅)ခုအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို အစိုးရနည်းပညာကောလိပ်(မန္တလေး)၊ အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်၊ နေပြည်တော်)တို့တွင် ၂၃-၄-၂၀၂၄ ရက်နေ့မှ ၆-၅-၂၀၂၄ ရက်နေ့အထိ ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့် တင်ဒါပုံစံများကို ၂၉-၄-၂၀၂၄ ရက်နေ့မှ ၇-၅-၂၀၂၄ ရက်နေ့အထိ ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်း တင်ဒါပုံစံဝယ်ယူခဲ့သောကျောင်းများတွင် ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်း ၀၆၇၃-၄၀၄၀၂၀၊ ၀၆၇၃-၄၀၄၄၈၂ (ဦးစီးဌာန၊ ရုံးချုပ်)၊ ၀၉-၇၇၆၆၈၀၂၃၈ (အစိုးရနည်းပညာကောလိပ်၊ မန္တလေး)၊ ၀၉-၄၀၁၀၈၄၀၉၃(အစိုးရစက်မှုလက်မှုသိပ္ပံ၊ အင်းစိန်)၊ ၀၉-၇၅၇၂၀၄၁၀၇၊ ၀၉-၈၈၇၆၄၅၅၈၀ (အစိုးရစက်မှုလက်မှုသိပ္ပံ၊ နေပြည်တော်)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး Website ဖြစ်သော www.dtvet.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

### ပျောက်ဆုံးကြောင်း

ကေသီမြင့်(ဘ)ဦးမောင်ဖြူ ၁၁/မအန(နိုင်)၀၀၀၆၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 082357)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၆၀၀၇၂၇၄၇**

### ပျောက်ဆုံးကြောင်း

အိအိခိုင်(ဘ)ဦးကြည်စိန် ၁၃/တကန(နိုင်)၁၅၄၄၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(578256)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၄၀၀၀၈၂၀**

### ပျောက်ဆုံးကြောင်း

မြင့်နိုင်(ဘ)ဦးခင်မြင့် ၁၄/လမန(နိုင်)၀၇၆၅၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း

ဇာဇာစိုး(ဘ)ဦးဝင်းဦး ၁၂/ရပသ(နိုင်)၀၈၀၇၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA569317)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၀၆၉၇၅၇၉**

### ပျောက်ဆုံးကြောင်း

သီပေါမြို့နယ်၊ အုံမုအုပ်စု၊ နမ့်ဟူးရွာနေ နန်းအေးစံညွန့်(ဘ)ဦးစံအေး ၁၃/သပန(နိုင်)၁၂၄၅၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၃၇၀၁၅၂၀**

### ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ အုန်းတော(၁)နေ မမြစန္ဒာ(ဘ)ဦးစိန်ဝင်း ၈/တတက(နိုင်)၂၁၅၀၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MGY 22-025520)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၉၇၄၈၁၇၃၅**

မြဝတီစက်သုံးဆီဖြန့်ဖြူးရောင်းချရေးလုပ်ငန်း




အရည်အသွေးမှန်၊အရေအတွက်မှန်၊ ကောင်းမွန်သော ဝန်ဆောင်မှုတို့ဖြင့်
ရန်ကုန်၊ကျောက်တံခါး၊ပဲခူးယ်ကုန်း၊ဖြူး၊နေပြည်တော်၊ သာစည်၊ကျောက်ဆည်၊မန္တလေး၊ကျောက်မဲ၊ပြင်ဦးလွင်၊ ပခုက္ကူ၊အောင်လံ၊ပြည်၊ဝါဇီတို့တွင်လွတ်လပ်စွာ ဝယ်ယူနိုင်ပါသည်။
ဖုန်း။၉၅-၀၁-၅၃၆၅၅၇၊၅၃၁၁၂၈၊၅၃၁၁၂၉

မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED

## OUR SERVICES

- Current Deposit Account
- Savings Deposit Account
- Fixed Deposit Account
- Call Deposit Account
- Scholarship Funding Service
- Loans , Overdraftand Hire Purchase System
- Gift Cheque Services and Payment Order Services
- Safe Deposit Locker
- ATM / POS Services / MPU Debit Card / Credit Card
- Mobile Banking and Internet Banking Services




မှန်သည် မြန်သည် မြဝတီ

Phone No: (01) 2301367, 2301368, 2301452, 2301378

ထုတ်လုပ်မှုသက်တမ်း (၂၀) နှစ်ကျော်ရှိပြီး မိဘပြည်သူများ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ပါသည်။

PORTLAND CEMENT, BRITISH STANDARD
OPC-BS-12-1996,42.5N




တစ်သက်တာလုံးကြံ့ခိုင်ဖို့

RHINO

သုံးကြစို့....

ပင်ရင်းအရောင်းဌာန- ဖုန်း - ၀၉ ၄၂၈၇၃၀၉၉၂၊ ၀၉ ၄၂၈၇၃၀၉၉၃
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

TBB,TBR,PCR တာယာအရွယ်အစားမျိုးစုံအပြင် ဆိုင်ကယ်တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။

အရည်အသွေးမြင့်မား တာယာ မှာ

TRISTAR



CAR TYRE



CYCLE TYRE






The Best Quality Tyre

ပင်ရင်းအရောင်းဌာန -ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

❖ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးကို မိမိတို့အနေဖြင့် ပထမဦးစားပေးဆောင်ရွက်လျက်ရှိပြီး ဒုတိယဦးစားပေးလုပ်ငန်းသည် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်・・・

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး (၂/၂၀၂၄) တွင် အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# ၂၀၂၄ ခုနှစ်၊ ရေကြောင်းနှင့်လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့်တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ



မကွေးသင်တန်းစခန်းမှ သင်တန်းသား၊ သင်တန်းသူများအား နည်းပြများက လေ့ကျင့်သင်ကြားပေးနေမှုကိုတွေ့ရစဉ်။

**နေပြည်တော် ဧပြီ ၂၃**

ကျောင်းသား၊ ကျောင်းသူမျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များအကျိုးရှိစေရန်၊ မိမိဝါသနာပါသည့်ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့်တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းဖွင့်ပွဲများကို ဧပြီလ ၂၂ ရက်တွင် သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်းစတင်ဖွင့်လှစ်ခဲ့ပြီး **စာမျက်နှာ ၁၇ ကော်လံ ၁ ▶▶|**

## နေ့အပူချိန်မြင့်မားခဲ့သောစခန်းများ၏ ၂၃-၄-၂၀၂၄ ရက်နေ့ အမြင့်ဆုံးနေ့အပူချိန်များ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်များရှိမြို့များ | အမြင့်ဆုံးအပူချိန် ဒီဂရီဆဲလ်စီးယက် | အမြင့်ဆုံးအပူချိန် ဒီဂရီဖာရင်ဟိုက် |
|---|---|---|---|
| ၁။ | ချောက် | ၄၅・၉ | ၁၁၄・၆ |
| ၂။ | ညောင်ဦး | ၄၄・၇ | ၁၁၂・၅ |
| ၃။ | အောင်လံ | ၄၄・၀ | ၁၁၁・၂ |
| ၄။ | မြင်းမူ | ၄၃・၇ | ၁၁၀・၇ |
| ၅။ | မုံရွာ | ၄၃・၆ | ၁၁၀・၅ |
| ၆။ | မြင်းခြံ | ၄၃・၆ | ၁၁၀・၅ |
| ၇။ | မကွေး | ၄၃・၆ | ၁၁၀・၅ |
| ၈။ | တံတားဦး (လေကြောင်းမိုးလေဝသ) | ၄၃・၅ | ၁၁၀・၃ |
| ၉။ | ပခုက္ကူ | ၄၃・၅ | ၁၁၀・၃ |
| ၁၀။ | မန္တလေး | ၄၃・၃ | ၁၀၉・၉ |

**မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး)နှင့် အမျိုးသားဘောလုံးအကယ်ဒမီ(ရန်ကုန်)တို့အတွက် ကျောင်းသားကစားသမားသစ်များရွေးချယ်ခေါ်ယူမည်** စာ - ၇ သို့

**U-23 Futsal Cup Mandalay 2024 ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၆ သင်းဖြင့် မေလ ၁၂ ရက်မှစတင်ကာ မန္တလေးမြို့တွင်ကျင်းပမည်** စာ - ၇ သို့

**တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ** စာ - ၁၀ သို့



အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်

"ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"

Hotline - 09-450450561, 09-450450562, 09-450450563